
www.linhtet.com
ဟာသ သရုပ်ဆောင်
ကျော့ဝင်း
လုံးချင်းဝတ္ထု
ရည်းစားဦး
သက်ဦး
မြေးဦး

## ဒို့တာဝန်အရေးသုံးပါး

- ✪ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ဟာသ သရုပ်ဆောင်

# ကျော်ထူး

# ရည်းစား သား မြေး ဗြုံး

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၃၃၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၄၅၁၀၀၈

| | | |
|---|---|---|
| မျက်နှာဖုံးသရုပ်ဆောင် | - | မယ်လိုဒီ |
| မျက်နှာဖုံး ဓာတ်ပုံ | - | မိုးပိုင်စိုး |
| မျက်နှာဖုံး ဒီဇိုင်း | - | သက်နေထွန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ဒုထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မပုံနှိပ်တိုက်) |
| | | ၃၀/ခ၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

## ကျေးဇူးတင်လွှာ

ကျွန်တော့်ရဲ့လုံးချင်းဝတ္ထုလေး ဖြစ်မြောက်ဖို့အတွက် ညီအစ်ကိုမောင်နှမရင်းပမာ လူတိုင်းတပ်မက်သော အရာဝတ္ထု တစ်မျိုးကို မသုံးစွဲဘဲ မေတ္တာတရားဖြင့် ဓာတ်ပုံ၊ မျက်နှာဖုံး အတွက် အသုံးပြုခွင့်ပေးခဲ့သော ညီမငယ် မယ်လိုဒီအား တစ်သက်မမေ့နိုင်ပါ။

မယ်လိုဒီနည်းတူ ......

အချိန်မရတဲ့ကြားထဲက အချိန်ကိုလုပြီး နေပူထဲမှာ ဒုက္ခခံကာ အနုပညာရောစပ်မှုတစ်ခုကို ဖော်ထုတ်ပေးခဲ့တဲ့ ဓာတ်ပုံဆရာ 'မိုးလွင်ဟာန်' ကိုလည်း ရှိရှိပါပဲလို့ ......

ပြီးတော့ ......

သူ့ကိုယ်ပိုင်အလုပ်ချိန်တွေထဲက ဖဲ့ထုတ်ပေးပြီး ပြီးပြီးရော သဘောမထားဘဲ အနုပညာစိတ်နဲ့ အမှာစာ ရေးပေးတဲ့ ကိုလွှင် (စနိုးဂိူက်) (ဓာတ်ညွှန်း) နဲ့တကွ ... ဒီဇိုင်းပုံ ဆန်းဆန်းလေးထုတ်ပေးတဲ့ သက်နေထွန်း (ဝမ်းဖိုးဖိုက်) ကို လည်း အရမ်းကျေးဇူးတင်ပါတယ် ခင်ဗျာ ........

သမီးလေး ရွှေယမင်းဦးသည် ဘိုးဘိုး၏စာအုပ် အတွက် မျက်နှာဖုံး၌ ပါဝင်ခွင့်ရရှိသွားသဖြင့် သမီးလေး သက်ကျော်ရာကျော် ရှည်စေသော် ....

ဘိုးဘိုးဆိုတဲ့ နေရာတစ်ခုကို ပိုင်ဆိုင်လိုက်ရတဲ့ .........

စာရေးသူ

ကျော်ထူး

(အထွေထွေသရုပ်ဆောင်)



# ကိုလွင် (စနိုးဝိုက်)
# ၏
# အမှာစာ

လှူရှင်တော်၊ အသုံးအနှုန်းလေးကိုက ပြုံးစရာ၊ ရယ်စရာ၊ ပျော်စရာ၊ ရွှင်မြူးစရာ၊ စိတ်ကြည်လင်လန်းဆန်းဖွယ်ရာ တင်စားချက်လေးအဖြစ် သိနားလည်ကြသည်။

လှူရှင်တော်ကို ကလေးလူကြီး အားလုံးချစ်ခင်သည်။ ကိုကျော်ထူးကို လှူရှင်တော်သရုပ်ဆောင် တစ်ဦးအဖြစ်ရင်းနှီးခဲ့တာ ..ဆယ်စုနှစ် နှစ်ခုပင်စွန်းတော့မည်။ အခုတော့ စာရေးဆရာဖြစ်ခဲ့လေပြီ။

စာရေးဆရာတိုင်းကို လေးစားချစ်ခင်သော မိမိအတွက် ခင်မင်ရင်းနှီးရုံမျှမက လေးစားအပ်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ်ပါ .. အသိအမှတ်ပြုခဲ့ရပြန်ပြီ ..ထူးထူးရှယ်ဒိုင်ယာရီ၊ ပြုတ်မနူး၊ လူပြောများတဲ့ လူပေါ်ကြီး စသည့် စာအုပ်များက သက်သေထူ မှတ်တိုင်စိုက်ခဲ့ပြီ။

အခုလည်း ရည်းစားဦး၊ သားဦး၊ မြေးဦးတဲ့ ..ကိုယ်လို အသက်ငါးဆယ်တန်းလူကြီးပိုင်းတွေအတွက် စာအုပ်ခေါင်းစီးကြားရုံနှင့် ခံစားလို့ရနေပြီ။ ဒီဦးသုံးဦးက ကိုယ်တိုင်တွေ့ကြုံနေပြီပဲ

.. လှူရှင်တော် သရုပ်ဆောင်ရေးသည့်စာမို့ ပြုံးပျော်ရွှင် မြူးဖွယ်ရာ မှတ်တမ်းများဖြင့် စရိုက်ပီပြင်စွာ ပုံဖော်ထားမည်ကို ယုံကြည်နေပါသည်။

ပြီးတော့ သူက ရုံဖန်ရံခါ ဒါရိုက်တာလည်း လုပ်တတ်သေးသည်မို့ စာအုပ်ထဲက ဇာတ်ကောင်များ အသက်ဝင်အောင် ညွှန်ကြားနိုင်လိမ့်မည်ကို သိနေနှင့်သည်။

သူသည် သုံးစားလို့ရခဲ့ပြီးပြီ ..အခု လေးစားရတော့မည် ကို ဝန်ခံချင်၍ ဒီစာကိုရေးဖြစ်ပါသည်။ လေးစားပါသည် ... ဂုဏ်ယူပါသည် ကိုကျော်ထူး ..

ရှေ့ဆက်ပြီး စာအုပ်ပေါင်းများစွာ ရေးဖြစ်လိမ့်မှာကို လည်း ကြိုတင်ယုံကြည်နေပါတယ် .. မျှော်လည်း မျှော်လင့်နေပါ တယ် .. အုပ်ပေါင်းများစွာ စဉ်ဆက်မပြတ်ဖတ်ပြီး ရှေ့ဆက် လေးစားချစ်ခင် ဂုဏ်ယူနေပါဦးမည်။

စာတစ်ပုဒ်ရေးရုံနှင့် စာရေးဆရာအမည်မတပ်ဝံ့သလို စာတစ်အုပ်ရေးရုံမျှနှင့်လည်း စာရေးဆရာ အမည်မခံဝံ့ပါ။

ကိုကျော်ထူးကတော့ စာရေးဆရာဂုဏ်ပုဒ်ကို ဂုဏ်ယူ ဖွယ်ရာ ပိုင်ဆိုင်ရယူခဲ့လေပြီ။

ပီပြင်စွာ ပြက်လုံးထုတ်နိုင်သော၊ ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်တတ်သော၊ ပုံပေါ်အောင် ရိုက်ကူးတတ်ခဲ့သော၊ ရသမြောက်အောင် ရေးသားနိုင်ခဲ့သော သောပေါင်းများစွာပိုင်ရှင် ဦးကျော်ထူးဟု ကင်ပွန်းတပ်ရလျှင် မိမိလွန်အံ့မထင်။

ထိုသို့သော ပုဂ္ဂိုလ်ကျော် ကျော်ထူးဆိုသူအား ရည်းစား ဦး၊ သားဦး၊ မြေးဦးနှင့် နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်နေစေ ချင်ပါသည်။ နေလည်းနေရပေလိမ့်မည်။ သူက လူရွှင်တော်ပေပဲ။ ပျော်ပျော်နေသေခဲ၊ ပျော်ပျော်နေ၍ အသက်ရှည်ပါလိမ့်မည်။

ရိုက်ကွင်းပေါင်းများစွာမှာ သူ့ကြောင့်ပျော်ရွှင်ရယ်မောခဲ့ရသော မိမိသာ သူ့စာတွေဖတ်နိုင်ဖို့၊ သူ့ပြက်လုံးတွေရယ်နိုင်ဖို့ အသက်ရှည်အောင် ကြိုးစားရဦးမှာပါလေ ..ကိုကျော်ထူးရေ .. လျှော့သောက်ကြဦးစို့ .....

လေးစားချစ်ခင်ကူဏ်ဝင့်စွာဖြင့်

သင့်ရဲ့
ကိုလွင်(စနိုးဗိုက်)ဓာတ်ညွှန်း



## ညီညီထွန်းလွင်
## ၏

## အမှာစာ

စာရေးတဲ့အလုပ် ဘယ်လောက်ခက်တယ်ဆိုတာ ပြောမယ့် ကြုံဖူးမှ သိကြမှာပါ . . ပြောတော့လွယ်တယ် . . ရေးတော့ခက်တယ် ဆိုတာ အတိအကျပါပဲ . . .

ဥပမာ . . **အိန္ဒြာဟေကိုလေးရေ . . မင်းနဲ့ငါတစ်ယောက်တစ်လှည့်ချစ်ရအောင်** ဆိုပြီးသတ်ပုံမှားရေးလိုက်မိရုံနဲ့ အလှူအိမ်မှာ အုန်းသီးခြစ်မယ့် ကိစ္စဟာ အဓိပ္ပါယ်တစ်မျိုး သက်ရောက်သွားနိုင်ပါတယ်။

အမှန်အတိုင်းဝန်ခံရရင် သည် ‘အမှာစာ’ ကိုရေးဖို့တောင် ကျွန်တော် လက်တွန့်နေမိပါတယ်။ **(မသောက်ရသေးလို့ လက်တုန်တာမဟုတ်ပါ)**

ဟာသကို နှစ်ခြိုက်စွာ စားသုံးတတ်တဲ့ ကျွန်တော်ဟာ စာတကာ့စာထဲမှာ ဟာသစာရေးတတ်ဖို့က အခက်ဆုံးလို့ ထင်မိပါတယ်။ **(လက်မခံနိုင်ပါက____ပါရန်။ ကန့်ကွက်ပါရန်ဟုဆိုလိုပါသည်)**

တစ်နေ့ ရုပ်ရှင်ရိုက်ကွင်းတစ်ခုမှာ လူရွှင်တော်ကျော်ထူးက သူရေးထားတဲ့ ဝတ္ထုစာအုပ်လေး ဗတ်ကြည့်ပါဆိုပြီး လက်ဆောင် လာပေးသွားတော့ ကျွန်တော် အရမ်းအရမ်းကိုအံ့သြသွားမိပါတယ်။ **(သူများကို ရွဲ့ဖို့ရေးခိုင်းပြီး ကျော်ထူးများ လုပ်စားလေရော့သလား)**

ဗတ်ကြည့်လိုက်တော့ ဝါရင့်စာရေးဆရာတစ်ယောက်လို ပိုင်ပိုင်နိုင်နိုင်ရေးထားတဲ့အတွက် ပိုပြီးအံ့သြရပါတယ်။

**(လက်စသတ်တော့ ကျော်ထူးက 'အပုန်း' ပဲ။ ဂျပုန်းမဟုတ်ပါ . . . ရှက်ပုန်းသီးကိုဆိုလိုပါသည်။ လျှော့မတွက်ကြနဲ့နော် . .**

ဟာသနဲ့လူတွေကို ပျော်ရွှင်ရယ်မောစေပြီး ဘဝအမောကို ပြေပျောက်ပေးတာ မင်္ဂလာတစ်ပါးပါ။

ပျော်ပျော်နေတတ်သူများဟာ ရိုးသားဖြောင့်မတ်သူများ ဖြစ်ကြပါတယ်။

အစတုန်းက ကျွန်တော်တို့က ကျော်ထူးကို လူပြက် **(လူပျက် မဟုတ်ပါ)** လို့ ထင်နေကြတယ်။ ဒါပေမယ့် God see the truth but wait ကျော်ထူး လူတော်ဆိုတာကို ဘုရားသခင်က သိနှင့်နေတယ်။ ကျော်ထူး တော် မတော် အချိန်တန်ရင် နှားပိန်က ကျော်ထူးကို ကန်ပါလိမ့်မယ်။

အဲဒီကန်တဲ့နွားပိန်ကို စပိန်က နွားရိုင်းသတ်သမား ဟီးရိုးတွေကို ကျော်ထူးက ကလောင်တစ်လက်နဲ့ အနိုင်ယူလိုက်မယ်ဆိုရင်တော့ မြန်မာ့စာပေလောကမှာ ဟာသစာရေးဆရာ ကောင်းတစ်ယောက် ငွားငွားစွင့်စွင့် ထွားထွားမြင့်မြင့်နဲ့ ပူးပွင့်ထွေဆာလာတော့မည့်အကြောင်း ကြော်ငြာမောင်းခတ်လိုက်ရင်း ဒန့် . . တန့် . . တန့် . . ကျော်ထူး လာပြီ . . . .

ညီညီထွန်းလှိုင်
၁၂/၅၃လမ်း၊ ပုဇွန်တောင်။
ရန်ကုန်မြို့။
၂၉၁၅၆၃၊ ၀၉၅၁၇၁၄၆၆

သို့/

ရည်းစားဦး၊ သားဦး၊ မြေးဦးနှင့်

ပတ်သက်၍

ကျွန်တော်တို့ ဇနီးမောင်နှံကို လူဖြစ်အောင်ကျွေးမွေး ပြုစုယုယစောင့်ရှောက်ခဲ့သော နှစ်ဖက်မိဘတွေနဲ့တကွ ကျွန်တော့်အား ပညာသင်ကြားပေးခဲ့သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအပါအဝင် ကျွန်တော် ပညာရည် နို့စို့ခဲ့ဖူးသော ကြည့်မြင်တိုင် S.H.S(2)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စုသိန်း၊ ဆရာမများ ဖြစ်ကြသော ဒေါ်သိန်းနွဲ့၊ ဒေါ်ကျင်စီ၊ ဒေါ်မမတင်၊ ဒေါ်မာဂရက်၊ ဆရာဦးခင်မောင်ဝင်း၊ ဆရာကြီးဦးသိန်းမောင်၊ ဆရာဦးတင်ထွေး၊ ကျောင်းနေဖက်များဖြစ်ကြသော သူငယ်ချင်း ရန်ဖြစ်ဖော် ရန်ဖြစ်ဖက် ချိန်ကီး၊ အေးကျင်၊ လှထွန်းအေး ၊ သောင်းထွန်း၊ ကြည်လှိုင်၊ ကိုလှတင့်၊ ချစ်လွင်၊ မြင့်အောင်၊ အောင်ငွေ၊ ကိုတင့်လွင် (မှန်ကြောင်)၊ သန့်စင် (တိုနီဆံသ)၊ စောဖဲတန်ဖေ (ကရင်ခြံ)၊ မြင့်အောင် (ချီးပေ)၊ ကျော်နိုင် (ဂျပု) အစရှိသဖြင့် အားလုံး အားလုံးတို့အား ဤစာအုပ်ဖြင့် အမှတ်တရ သတိတရ ရေးသားလိုက်ရပါသည်။

စာကြွင်း။ ။ အချို့ အချို့အား နာမည်တွေ မမှတ်မိပါသဖြင့် ခွင့်လွှတ်နားလည်ပေးပါ ။

အစဉ်အမြဲကြိုးစားလျက်
ကျော်ထူး (အထွေထွေ သရုပ်ဆောင်)

www.linhtet.com

## အခန်းစဉ် (၁)

ရုပ်ရှင်ကားအပြီး လူတွေဝေါခနဲ မထခင်ကြိုထထားမှ . . တော်ကြာ ရုံထဲက မီးတွေလင်းလာရင် ကျောင်းကသော်လည်းကောင်း၊ ရပ်ကွက်ထဲကသော်လည်းကောင်း၊ တစ်ယောက်ယောက်မြင်သွားရင်ဖြင့်ဆိုတဲ့ အတွေးနဲ့ ကမန်းကတန်း ထိုင်ခုံက ထမယ်အလုပ် . . .

"ဟင် . . ."

တင်ပါးနားက ကပ်စေး . . ကပ်စေးနဲ့ ထလို့မရဘူး . . ဖြစ်နေတယ် . . ရင်တွေ တုန်လိုက်တာ . . မသိမသာလေး လက်လေးနဲ့ နောက်ပြန်စမ်းကြည့်လိုက်တော့ . . .

"ဟော့ကောင် . . ပီကေတွေ . . ."

စကာဒ်က အမည်း။ ပီကေ အဖြူ . . ဘယ် ကာလနာတွေက ထိုင်ခုံမှာ အလုံးလိုက် အထွေးလိုက် ကပ်ထားတယ် မသိဘူး . . ။

"ထလေ . . သွားကြရအောင် . . ပလပ် . . ပလပ် . . "

အကြည်ကျော်ရဲ့ပါးစပ်ကိုကြည့်လိုက်တော့ ပီကေတွေ ဝါးနေလေရဲ့ . . အသားတွေ တဆတ်ဆတ်တုန်လာတယ် . . ဒါ သက်သက်မဲ့ အရှက်ခွဲတာပဲ . . . နောက်စရာရှားလို့ ကိုယ့်ရည်း စားကိုမှရွေးပြီးဒုက္ခပေးတယ် . . ဝဲလာတဲ့မျက်ရည်ကို မျက်တောင် နဲ့ ပုတ်ခတ် ပုတ်ခတ် လုပ်ပစ်လိုက်တယ် . . . ။

"ဟင် . . ကြည့်တဲ့ဇာတ်ကားက ဟာသကား . . ဘာဖြစ် လို့ ငိုနေတာလဲ . . ပလပ် . . ပလပ် . . . "

ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး . . .

"နင့်ပါးစပ်ထဲက ပီကေထုတ်စမ်း . . . "

"ဟာ . . နင်ကလည်း စားပြီးသားကြီး . . စားချင်ရင် အသစ်ဝယ်ကျွေးမယ် . . . "

"လျှာမရှည်နဲ့ . . ထုတ်ဆိုထုတ်ပေးစမ်း . . "

ဘာလဲဟ . . ဘာထဖြစ်တာလဲ . . ပါးစပ်ထဲက ပီကေ ထုတ်ပေးလိုက်တော့ . . သူ့ရဲ့လက်ဖဝါးနုနုလေးနဲ့ လုံးခြေပြီး အကြည်ကျော်ရဲ့ညာဘက်မျက်လုံးကို ပိတ်ခိုင်းပြီး ကပ်လိုက်တယ်။

"ဟာ . . ဟေ့ . . မလုပ်နဲ့လေ . . ဘာမှမမြင်ရတော့ ဘူး . . "

"အေး . . ဘာမှ မမြင်ရလေ ကောင်းလေပဲ . . ငါ့ကို တာ သိချင်ရင် . . . နင့်နှမသွားမေး . . နောက် နင်နဲ့ငါ တွေ့စရာ အကြောင်းမရှိတော့ဘူး . . ထဘီဆိုရင် လှည့်ဝတ်လို့ရသေးတယ် . . ခုဟာက . . အဟီး ဟီး . . . "

ဆိုပြီး ငိုပြီး ထွက်သွားတယ် . . . ။

"ဟေ့ . . ဟေ့ . . ဒုံး . . အမရေး . . သေပါပြီကွာ . . ဒူးခေါင်း . . . "

ဘာလဲ . . ဘာဖြစ်တာလဲ . . တောက် . . အရေးထဲ မျက်လုံးက ပီကေ . . ကုန်ကိုမကုန်နိုင်ဘူး . . ဟိုလက်နဲ့ခွာလိုက် . . ဒီလက်ပြန်ကပ်လိုက် . . ဒီလက်နဲ့ခွာလိုက် . . ဟိုလက်ပြန်ကပ်လိုက်နဲ့ . . ကျန်တဲ့မျက်လုံးတစ်ဖက်နဲ့ လှမ်းကြည့်လိုက်တော့

"ဟိုက် . . ဟုတ်ပ . . ငါလည်း မလုပ်ပါဘူး . . "

သူ့ရဲ့တင်ပါးစကဒ်အမည်းပေါ်မှာ အဖြူကွက်ကြီး . . ငါ့အလှည့်ကျ ဒါမျိုးကြီးပဲ . . ရည်းစားဦးသက်တမ်းက ဘာမှမရှိသေးဘူး . . ပြဿနာက စပြီ . . ဖြတ်သွားဖြတ်လာတွေက . .

"ညီမလေး . . စကဒ် . . လှည့်ဝတ်လိုက်ပါလား . . ခို . . ခို . . ချေးတွေ . . . "

ချာခနဲလှည့်ပြီး ရေနွေးအိုးဆူနေတုန်း ထွက်လာတဲ့ ရေနွေးငွေ့မျက်နှာနဲ့ . . .

"ရှင်တို့ အပူမပါဘူး . . . "

"ဟုတ်သားပဲ . . မင်းကလည်း မနေတတ်၊ မစားတတ်ဘူး . . ခိုစာရောင်းတဲ့ကောင်မလေး . . ခိုချေးပေတာ . . ဘာဆန်းလဲ . . . "

"ဘာ . . . "

ညာလက်တစ်ဖက်က လေထဲမှာ မြောက်တက်သွားတယ် . . ဘယ်က ပေါ်လာမှန်းမသိသော လက်တစ်ဖက်က . . သူမရဲ့လက်ကို ဆတ်ခနဲ ဆုပ်ကိုင်ပြီးသား . . .

"မလုပ်ရဘူးလေ . . . "

"နင့်ပထွေးတွေမို့လား . . . "

"မ . . မ . . အဟွတ် . . "

ဒုတိယမြောက်စစ်မျက်နှာပြောင်းသွားပြန်ပြီ . . ပီကေ

တရားခံဖြစ်နေလို့ တခြားလိုင်းပြောင်းပြီး ကွမ်းယာဝယ်စားမိပါတယ် . . တစ်ခါဖူးမှ မစားဘူးတော့ . . ကွမ်းသီးပြီး ချောင်းဆိုးလိုက်တာ . . ကွမ်းဖတ်တွေ၊ ကွမ်းတံတွေးတွေက သူမရဲ့မျက်နှာဖြူဖြူလေးပေါ် ကာလာချိန်းသွားတယ် . . ပိုဆိုးတာက သူမရဲ့ဆွတ်ဆွတ်ဖြူနေတဲ့ တီရှပ်အဖြူလေးပဲ . . သွားပြီ . . အကြီးကြီးပဲ . . . ရှင်းပြနေလဲ . . အပိုပဲ . . ဒီတော့ လွတ်ရာလွတ်ကြောင်းလမ်းကြောင်းပြောင်းလိုက်တယ်။ ရုပ်ရှင်ရုံရဲ့တစ်ဖက် ပလက်ဖောင်းကို ရှိသမျှသော အင်အားတွေနဲ့စုစည်းပြီး . . . ဒိုး . .

"ဒီလို ပြေးလို့ လွတ်မယ် ထင်သလား . ."

နီးစပ်ရာ ဒူးရင်းသီးတစ်လုံးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး

"ကဲဟယ် . ."

ထိုစဉ်မှာပဲ . . လက်ပွေ့ဗေဒင်ဟောစာတမ်းရောင်းတဲ့လူက . . .

"တနင်္လာသားတွေကိုတွေ့ရင် အလွတ်မပေးနဲ့ . . အိမ်ကိုတစ်ခါတည်း ခေါ်သွားမှ စိတ်ချရမယ် . . ဘာဖြစ်လို့လဲ . . ဆရာရယ်လို့ မမေးနဲ့ . . သိချင်ရင် ဝယ်ဖတ် . . မှန်သလားလို့ မမေးနဲ့ . . အွတ် . . အမရေး . . သေပါပြီဗျာ . ."

တိုက်ဆိုင်မှုတစ်ခု . . အကြည်ကျော်က လမ်းလယ်ခေါင်မှာ ကားတွေ မလွတ်သေးလို့ တုတ်ဆီးတိုးမယ့်ဟန် . . ကြားက ဗေဒင်ဟောစာတမ်းဆရာ . . တန်ဆာခံ ဖြစ်သွားရသည်။

"ကန်တော့ . . ကန်တော့ . . မတော် . . မတော်လို့"

"ဟဲ့ကောင်မ . . ငါ့ဒူးရင်းသီးကို ဘာလို့ယူပြီး လွှင့်ပစ်ရတာလဲ . . ခုလျော် . . ခုလျော် . . . "

ထွက်မယ်အလုပ် . . လက်မောင်းတစ်ဖက်ကို လှမ်းဆွဲ

ထားတယ် . . .။

“နေစမ်းပါဦး . . ဟိုမယ် သေနာကောင် ပြေးတော့မယ်”

“နင့်လင် ကိစ္စ . . နောက်မှရှင်း . . ငါ့ဒူးရင်းသီးဖိုး အရင်လျော် . . . ”

ဗေဒင်ဆရာကလည်း . . .

“ကောင်မလေး . . ဒီမှာကြည့်စမ်း . . ရင်ဘတ်တစ်ခု လုံး ကြောင်ကုပ်ထားသလို သွေးတွေရဲနေပြီ . . . ငါ့မိန်းမနဲ့ ပြဿနာတက်ပြီ . . ဘယ်လိုလုပ်မှာလဲ . . . ”

လူတွေကလည်း ခွေးကိုက်တာတောင် ဝိုင်းကြည့်ကြသေး တာ . . တစ်ယောက်တစ်မျိုး ထင်ကြေးတွေပေးနေကြသည်။

“ဗီဒီယိုရိုက်တာ နေမှာပေါ့ . . . ”

“ဟဲ့ . . ဒီရုပ်လည်း ကြည့်စမ်းပါဦး . . မင်းသမီးလား”

“ရုပ်ဖျက်ထားတဲ့ အခန်းနေမှာပေါ့ဟယ် . . ”

အကြည်ကျော်ကတော့ ဟိုဘက်ကားလမ်းရောက်သွားပြီ . . ဘာတွေများ ဖြစ်နေလဲ . . ဆိုပြီး လှမ်းကြည့်နေလေရဲ့ . . သူက မတ်တတ်ရပ်ပြီး ကြည့်လေ . . သူမက ဒေါသတွေဖြစ်လေ . . ဒါတွေအားလုံးရဲ့တရားခံဟာ ဒင်းကြောင့် . . .

“ဟဲ့ကောင်မ . . ပြောလေ . . လျော်မလား . . မလျော် ဘူးလား . . . ”

“ကဲ . . ကလေးမ . . ဦးကိစ္စ ဘယ်လိုရှင်းမှာလဲ . . . ”

ဒေါသတွေ စိုးရိမ်ရေမှတ်ကျော်သွားပြီး . . .

“ဟာ . . မလျော်ဘူး . . ဘာလုပ်ချင်လဲ . . ဘာဖြစ်ချင် လဲ . . ကဲ . . ပြော . . . ”

ဘေးနားက ကွမ်းယာသည်ရဲ့ ထုံးအိုးကြီးကို လက်နှစ်

ဖက်နဲ့ မ,မယ်အလုပ် ဒူးရင်းသီးသည်နဲ့ ဗေဒင်ဟောစာတမ်း ရောင်းတဲ့လူ နောက်ကိုတွန့်သွားတယ် . . အဲဒီအချိန်လေးမှာပဲ . . ဇတ်ဆို . . ကားလမ်းကို သူမ ဖြတ်ကူးလိုက်တယ်ဆိုရင်ပဲ လက်မောင်းနှစ်ဖက်လာကိုင်လို့ မော့ကြည့်လိုက်တော့ . . .

“ကဲ . . ဒီက ငါ့ညီမ . . ကားပေါ်တက်လိုက်နော် . . ဘာဖြစ်လို့လဲလို့ . . မေးဦးမလား . . . ”

‘တောက်’ ငါ့အလှည့်ကျမှ ရှက်လိုက်တာ . . ယာဉ်ထိန်း ရဲခေါ်ရာ ကားပေါ်တက်ပြီး ပလက်ဖောင်းမှာ ပါးစပ်အဟောင်း သားနဲ့ ငေးကြည့်နေတဲ့ အကြည်ကျော်ကို . . .

“ဒီတစ်သက်မဟုတ်ဘူး . . ဆယ်သက် . . ဆယ်သက်”

အော်ပြောရင်း . . ငိုရင်းနဲ့ ပါသွားပါတော့တယ် . . ရည်း စားဦးရဲ့ ပထမ Lesson ဦးဆုံးက လမ်းလယ်ခေါင်ပေါ်မှာ ကွင်းဖွင့်လိုက်ပါပြီ . . . .



## အခန်းစဉ် (၂)

ရည်းစားတစ်ယောက်ထပ်ရှာဖွေဖို့ နယ်မြေသစ်တွေ ဘက်ရွက်လွှင့် . . တက်ဖွင့်ရပါဦးမယ် . . တစ်ရက် . . ရည်းစားဦးတစ်ယောက်လောက် ရနိုင်ဖို့အခွင့်အရေးတစ်ခု ပေါ်ပေါက်လာတယ် . . အဲဒါက သူငယ်ချင်းတစ်ယောက် မြေနီကုန်း ရွှေမန်းရုပ်ရှင်ရုံဘေးမှာရှိတဲ့ ရွှေမင်းသမီးမင်္ဂလာခန်းမမှာ မင်္ဂလာဆောင်မယ်တဲ့ . . ဒီတော့ အကြည်ကျော်ရဲ့ မဟာစီမံကိန်း . . ကံစမ်းမဲ . . ဝင်နှိုက်ရုံပဲ . . ပြန်ပြီး တွက်ချက်ကြည့်တယ် . . သတို့သားဘက်က လာမယ့်ဆွေမျိုးရယ်၊ သတို့သမီးဘက်က လာမယ့် ဆွေမျိုးရယ် အဟား ဟား . . အနည်းလေး တစ်ယောက်ယောက် တော့ ခွင်တည့်မှာပဲ . . ဒီတော့ မင်္ဂလာပွဲမတိုင်ခင်တည်းက ကြိုရောက်နေမှ စူးစမ်းရှာဖွေလေ့လာလို့ရမယ်လေ . . ဒါမျိုးတွေက ဘယ်ကျောင်း ဘယ်ဆရာမှ သင်ပေးတာမဟုတ်ပါဘူး . . . ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ဦးနှောက်နဲ့ အလဲ့ . . မိဘတွေကသာခိုင်းကြည့် . . စာမေးပွဲသာ ဖြေခိုင်းကြည့် . . ခေါင်းကုတ် ဖင်ကုတ်

www.foreverspace.com.mm

နဲ့ ဘာအကြံဉာဏ်မှ ထွက်မှာမဟုတ်ဘူး . . မှန်တာပြော . . ရည်းစားများများရပါစေဗျာ . . . ။

"ဟေ့ကောင် . . . ချိန်ကီး . . "

"ဟိုအဝါဝမ်းဆက်လေးက ဘယ်သူလဲ . . "

"မင်းကလည်း မြင့်အောင် တူမဝမ်းကွဲလေ . . "

"ကျောက်တန်း မုဆိုးဆိပ်ရွာက . . . "

"ဟေ့ကောင် . . . ဟေ့ကောင် . . . "

မျက်နှာကိုမကြည့်ဘဲ ထိုင်နေတဲ့ချိန်ကီးကို လက်ကုပ်လိုက်တာ ချိန်ကီးရဲ့လက်ထဲက ရေခဲမုန့်ကို ပုတ်ချသလိုဖြစ်သွား ပြီး ပေါင်ပေါ်ပြုတ်ကျကုန်ရော . . . ။

"ဟာ . . ဒီကောင် ဘာဖြစ်နေတာလဲ . . ဘာလဲကွာ"

"ဟို . . ဟို . . စားပွဲဝိုင်းမှာ ထိုင်နေတာလေးက . . "

လက်ညှိုးတထိုးထိုးနဲ့ ချိန်ကီးက အကြည်ကျော်ပြရာကို လှမ်းကြည့်လိုက်တော့ . . . .

"ရှယ်ပဲကွာ . . မင်းနဲ့သိလား . . ငါ့ကို ပြောပေးစမ်းပါ ကွာ . . . မင်းမှ မကယ်ရင် ငါ့ဘဝက ငါးဖယ်ဖြစ်တော့မယ်ကွ"

ချိန်ကီးရဲ့မျက်နှာ ငရုတ်သီးတွေ မချိမဆန့်စားထားတဲ့ ပုံစံမျိုးကြီး ဖြစ်သွားပြီး . . .

"အကြည်ကျော် . . မင်းသိရဲ့သားနဲ့ မသိချင်ယောင်မ ဆောင်နဲ့နော် . . . "

အကြည်ကျော်ကတော့ ခုနကစားပွဲဝိုင်းက မျက်လုံးကို မခွာဘူး . . မတ်တတ်တောင် ရပ်လိုက်သေးတယ် . . ချိန်ကီးက နောက်ကသိုင်းဖက်လိုက်ပြီး . . .

"တကယ်ကြီးပါကွာ . . တကယ်မသိတာပါ . . "

www.foreverspace.com.mm

"လုပ်ပါကွာ . . ပြောလို့ရရင် တစ်သက်မမေ့ပါဘူး . . ပြီးတော့ . . ဒီလို ဧည့်ခံပွဲတွေ ဖြစ်သွားနိုင်တယ် . . အဲဒီကျရင် မင်း ခုနကစားတဲ့ ရေခဲမုန့်ပုံးလိုက်ကျွေးမယ် . . လုပ်ကွာ . . လုပ် ကွာ . . ."

ချိန်ကီး . . ဝုန်းဆို မတ်တတ်ရပ်လိုက်ပြီး အကြည်ကျော် ရဲ့ ရင်ဘတ်ကို ဆောင့်ဆွဲကာ သန့်စင်ခန်းဘက် ဆွဲခေါ်သွားပြီး နှစ်ကိုယ်ကြားလေသံနဲ့ . . .

"အကြည်ကျော် . . အဲဒါ . . အဲဒါ . . ငါ့ညီမ . . သူ့ မှာ လင်ရှိတယ် . . လက်ရှိ ကိုယ်ဝန်ကြီးနဲ့ . . မင်း မပြစ်မှားနဲ့"

"ဟား . . ဟား . . ချိန်ကီးရာ . . သဘောမတူရင် မတူဘူးလို့ ပြောလိုက်စမ်းပါ . . အဲဒီ့ ခွင်တွေက ရိုးနေပြီ . . သိပ်ရိုး စင်းလွန်းတယ် . . "

"တောက် . . မိန်းမဖြစ်ရင်ပြီးရောဆိုတဲ့ ကောင် . . တွေ့ ကြသေးတာပေါ့ . . လာ . . "

ဇတ်ခနဲ လက်ဆွဲခေါ်လိုက်ပြီး ခုနက အကြည်ကျော် ပြောတဲ့ စားပွဲဝိုင်းကို သွားမယ်အလုပ် . . .

"ဟိုက် . . ပြဿနာ . . အကြီးစားကြီး . . "

ချိန်ကီးရဲ့ လက်ထဲက အတင်းရုန်းထွက်လိုက်ကာ . . မင်္ဂလာခန်းမတံခါးပေါက်ကြီးသို့ ခြေလှမ်းအပြင် . .

"အကြည်ကျော် . . ငါ့မျက်လုံးတွေ ပါဝါမလိုဘူး . . . အနီးရော . . အဝေးပါ . . မြင်တယ် . . ယောက်ျားမှန်ရင် ပြဿ နာတစ်ခုကို တစ်ထိုင်တည်းရှင်းရဲရတယ် . . သိလား . . "

ပြောလည်းပြော . . အနားလည်းရောက်လာတယ် . . သူမရဲ့နောက်မှာတော့ ခုနက အကြည်ကျော်လက်ညှိုးညွှန်ပြတဲ့

www.foreverspace.com.mm

စားပွဲဝိုင်းက ကောင်မလေး . . .

"ဟင် . . ."

"ဟုတ်သားဟ . . . ကိုယ်ဝန်မှ နေ့စေ့လစေ့ကြီး . . . ထိုင်နေလို့ စားပွဲနဲ့ကွယ်နေတာကိုး . . ."

"ဟဲ့ အကောင် ဘာကြည့်နေတာလဲ . . နင်မွေ့တဲ့ ပြဿနာက မိန်းကလေးတန်မဲ့ ရုံးရောက်ဂတ်ရောက်နဲ့ နင်ကတော့ ကိုယ်လွတ်ရုန်းပြေးတယ် . . ဒီတစ်ခါတော့ ပြေးလို့မလွတ်တော့ဘူးမှတ် . . ."

ဟိုက် . . ဘယ်ကဘယ်လို အနားကိုရောက်နေမှန်းမသိတဲ့ကောင်မလေးတွေ . . သူတို့တွေက အကြည်ကျော်ကို ဝိုင်းထားတယ် . . မင်္ဂလာပွဲကိုလာတဲ့ပရိသတ်တွေရဲ့မျက်လုံးတွေက သူတို့အုပ်စုဘက်မှာ မိုးလေဝသသတင်း အထူးကြေညာချက်ကိုပဲ စူးစိုက်ပြီး အာရုံခံနေပုံရတယ် . . .။

"နေ . . နေဦးလေ . . ငါ . . ငါရှင်းပြတာ . ."

ကိုယ်ဝန်နေ့စေ့ . . လစေ့ . . ကောင်မလေး . . မဗိုက် က ရှေ့တိုးလာတယ် . . ပြီးတော့ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲက မိသားစုကိုသတ်ပြီး ရှောင်တိမ်းနေတဲ့ လူသတ်တရားခံကို တွေ့သလိုမျိုး မျက်နှာပေးနဲ့ . . တစ်လှမ်းချင်း . . တစ်လှမ်းချင်း လက်ထဲမှာက လက်ဖွဲ့ငွေစာအိတ်တွေထည့်မယ့် ငွေဖလားကြီးနဲ့ . .

"ဘာလဲ . . . သိပ်ကြောက်နေသလား . . မကြောက်ပါ နဲ့ . . ကျွန်မက မမရဲ့ညီမအရင်းပါ . . ဗိုက်ကြီးသည်မှန်းမသိ . . အပျိုမှန်းမသိ . . မိန်းမမြင်ရင် ကြောင်ချင်တဲ့ . . ရှင့်ကို Lesson ပေးရမယ် . . ."

"ဂုတ် . . ဂွမ်း . ."

"အမရေး . ."

ဒူးခေါင်းကို ကျွေးထည့်လိုက်တယ် . . ဘယ်ဘက် . . ပြီးတော့ ညာဘက် . . ဒူးထောက်ခံစားတယ်ဆိုတာ ဒါမျိုးလား မသိဘူး . . ကောင်မလေးတွေ ပတ်ပတ်လည်ဝိုင်းလို့ . . အံမယ် တစ်ယောက်တစ်မျိုး မျက်နှာလေးတွေက ကိုယ်လုံးကိုယ်ပေါက် လေးတွေကလည်း ချစ်စရာလေးတွေ . . ဒူးက ဒဏ်ရာတောင် မေ့တေ့တေ့ဖြစ်သွားတယ် . . မမက အကြည်ကျော်ကို နောက်က သိုင်းဖက်ပြီး ဆွဲမ,လိုက်တယ် . . ပြီးတော့ နီးစပ်ရာ ကုလားထိုင် တစ်လုံးနားကိုခေါ်သွားပြီး . . ဝိုင်းဝိုင်းလည်ဖြစ်နေတဲ့ ချာတိတ် မလေးတွေကို လက်ဝါးဖြန့်လိုက်တော့ . . . .

"ဟိုက် . . ပီကေတွေ . . အများကြီးပဲ . ."

မမက ကုလားထိုင်ပေါ်မှာ ခုနက ပီကေတွေကပ်လိုက် ပြီး အကြည်ကျော်ကို ထိုင်ခိုင်းလိုက်တယ် . . သွားပြီ . . ပုဆိုးက ကျေးတစ်ရာအနက် . . ပြီးတော့ နှစ်လုံးတည်းသောမျက်လုံးကို ပီကေတွေနဲ့ ပိတ်ပစ်လိုက်တယ် . . လတ်တလော အနာဂတ်ဟာ ဘာဆိုဘာမှမမြင်ရတော့ပါဘူး . . ရည်းစားဦးထားချင်တဲ့ကျွန် တော် ခုတော့ ရည်းစားရဲ့ ဦးဆုံးလုပ်ဆောင်ချက် ဒဏ်ပေးချက် ကို ခံယူလိုက်ရပြီ . . .

ဟိုလူက ဖေးမ . . ဒီလူက အနားကပ်ပြောနဲ့ . . မင်္ဂလာ ခန်းမထဲက ထွက်ခွာလို့သွားခဲ့ရပါပြီ . . . ရွှေမန်းရုပ်ရှင်ရုံနဲ့ကပ် လျက် ပန်းတိမ်ရွှေဆိုင်သန်းဖြိုးက . . .

"ဟုမ်းလမ်း (ယခင်) ယခု ပန်းလှိုင် မြို့တော်သို့ ခြေလှမ်း သုံးဆယ်တဲ့ . . . နောက်ကို ကောင်မလေးတွေမြင်ရင် ကြည့်ဦး မလား . . ပီကေဆိုတဲ့ ဝေါဟာရကို နေရာတကာ အသုံးချဦး

www.foreverspace.com.mm


မလား . . ဘယ်ချိုး . . ညာချိုး . . တည့်တည့် . . မျက်လုံးပေါ် ကပ်ထားတဲ့ ပီကေ . . ခွာမယ် စိတ်မကူးနဲ့ . . ဘီလပ်မြေလို တစ်ခါတည်း မဆလာသွန်းထည့်လိုက်မယ် . . ”

စိုင်းဆိုင်မော့ရဲ့သီချင်းက ခုမှလက်တွေ့ . . .

“အို . . တောင်ပိုင်းလမ်း . . အို . . မြောက်ပိုင်းလမ်း”

ပီကေရဲ့ဝေါဟာရ . . ပရိတ်သတ်လည်း သိကြမှာပါ . . အရမ်း . . အရမ်းကို ဒုက္ခပေးတာပါ . . ခုဟာက ကျွန်တော့်ရဲ့ ရည်းစားဦးကို ဒုက္ခမပေးခဲ့ရိုးအမှန်ပါ . . ဘယ်ရေမျှောကမ်းတင် ဘယ်နိုင်ငံမှာ ဆင်းနေခဲ့မှန်း မသိတဲ့ကောင်က ခဏတာ ဒုက္ခပေး လိုက်တာ . . ကျွန်တော့်အတွက် ရာသက်ပန် ပီကေဟာ ငြိမ်းချမ်း ရေး ယူလို့မရတဲ့ဘဝကိုရောက်သွားပါပြီ . . . ။

ပီကေဟာ ကျွန်တော့်ဘဝ၊ ကျွန်တော့်ရန်သူ၊ ကျွန်တော့် ရဲ့ရည်းစားဦး၊ ကျွန်တော့်ကို လမ်းကြောင်းလွှဲသူ၊ ကျွန်တော့်ရဲ့ စိုးရိမ်ရေမှတ် . . . ။



www.foreverspace.com.mm



## အခန်းစဉ် (၃)

ဒုတိယမြောက် ရည်းစားဦး . . စာအရ ရေးပြတာပါ . . တကယ်လို့များ ကျွန်တော်လက်ရှိ ထူးသခင်ဖတ်မိရင် သူ ဘယ်နှယောက်မြောက်လဲလို့ မေးပြီး မကြာခဏ ပြဿနာ စိုးရိမ်ရေမှတ်ကိုကျော်လွန်သွားပါလိမ့်မယ် . .

ကြွားတာလည်း ပါတယ်ပေါ့ဗျာ . . ဟုတ်တာလည်း ပါတာပေါ့ . . လက်ရှိက စာရေးဆရာ အကြည်တော်ထက် သာပါတယ် . . ကျွန်တော့်ရဲ့မင်းသားက အကြည်ကျော်လေ . . .။

သီတာရုံ ရုပ်ရှင်ရုံပေါ့ . . အဲဒီ့ခေတ်က တစ်မတ်၊ ငါးမူးခေတ်လေ . . မတ်ခေတ်၊ မူးခေတ်ဆိုတော့ မူးပြီပေါ့ . . အဲလေ . . အကြည်ကျော်ရယ်၊ ကောင်မလေးနဲ့ ရုပ်ရှင်သွားကြည့်ကြတယ် . .

ရုပ်ရှင်ရုံထဲမှာ ချစ်သူတို့ဘာဝ နေကြာစေ့လေးတစ်ထုပ်ကို သူနှိုက်၊ ကိုယ်နှိုက် စားလိုက်၊ ခေါင်းကလေးနှစ်ခုပူးလိုက်

www.foreverspace.com.mm

. . ပြီးတော့ အာဘွားပေါ့ . . ရည်းစားဦးချစ်သူလေးက ကွာစေ့ မကြိုက်ဘူး . . ဘာဖြစ်လို့လဲဆိုတော့ ကွာစေ့ဟာ နာရေးမှာသုံးလို့တဲ့ . . . ။

"လက်မှတ်လေး တစ်ဆိတ်လောက် . . . "

ဒီလောက်မှောင်နေတဲ့ကြားထဲက လက်နှိပ်ဓာတ်မီးနဲ့ လက်မှတ်လာစစ်နေသေးတယ် . . ချစ်သူက . . အဲလေ . . . ရည်းစားဦးက လက်မှတ်ထုတ်ပေးလိုက်တော့ . . .

"အစ်ကို . . ခုံမှားနေတယ် . . တစ်ခုံက နောက်တန်း ကျော် . . . "

"ဟာ . . မှတ်ဘူးလေ . . သေသေချာချာကြည့်ပါဦးကွ . . ငါတို့က နှစ်ယောက်တစ်တွဲခုံ ဝယ်တာလေ . . "

"ရော့ . . . အစ်ကို့ခုံနံပါတ် အစ်ကို့ဘာသာကြည့် . . ဦးလေး . . ဝင်ထိုင် . . . "

ရုပ်ရှင်ရုံ လက်မှတ်စစ်က . . လက်မှတ်ပြန်ပေးပြီး သူ့တာဝန်ကျေပြီဆိုတဲ့ သဘောမျိုးနဲ့ ပြန်လှည့်ထွက်သွားတယ်။

"လက်မှတ်နှစ်စောင်လို့သာ ပြောပြီးဝယ်တာ . . ကပ်ရက်ပေးပါလို့ မပြောမိတာ . . ငါ့အမှားပါကွာ . . လို့"

ရည်းစားဦးကိုတောင်းပန်လိုက်ပြီး ခုနက ဦးလေးကြီးနဲ့ ညှိလိုက်တော့ အဆင်ပြေသွားရော . . အဆင်မပြေတာက ရုပ်ရှင်ကားစပြီးပြကတည်းက အားလပ်ချိန်ဆိုတဲ့ စာတမ်းထိုးတဲ့အထိ ချစ်သူဘေးကပါလာတဲ့ အမျိုးနွယ် တူတွေ၊ တူမတွေကို မုန့်အမျိုးမျိုး ပြေးဝယ်ပေးနေရတဲ့ဘဝ . .

ဒီလောက်တောင် ဖြစ်နေရတာ . . ဆီးသီးနဲ့ငရုတ်သီး ရောစပ်ထားတဲ့ . . အချဥ်ကို ပေးဝယ်လိုက်တော့ ပြီးပြီပေါ့ . .

"အား . . စပ်တယ် . . စပ်တယ် . ."

"ကိုကြည် . . ညီမလေးက စပ်တယ်တဲ့ . . . "

ရေသန့်ဗူး မပေါ်သေးတဲ့ခေတ် . . ရေခဲရေပြေးဝယ်၊ ရေခဲရေခွက် ပြန်ပေးနဲ့ . . ကားသာ ပြီးသွားရော . . သူ့အဖော် သူ့ဆွေမျိုး ကိစ္စတွေနဲ့ ချာလပတ်ကိုရမ်းနေတာပဲ . . ရုပ်ရှင်ပြီးလို့ ထွက်လာပြီ . . သူတို့ဆွေမျိုး အသိုင်းအဝိုင်းကတော့ စမြုံ့ပြန်လို့ မပြီးဘူး . . တဟီးဟီး တဟားဟားနဲ့ . . . .

"ကိုကြည် . . ကားငှားပေးဦးလေ . . ညီမလေးတွေ၊ အဒေါ်တွေ အိပ်ချင်နေပြီ . . . "

"ဩော် . . . အေး အေး . . "

အဲဒီ့အချိန်မှာပဲ . . ထီတွန်းလှည်းသည် ကက်ဆက်သံ က . . .

"ရည်းစားလေး ထားရတာလဲ . . ဆီးပြားလေး စားရသလိုပဲ . . နံပါတ်တစ် ချစ်ချစ်ဟာလည်း . . နံပါတ်နှစ်ချစ်ချစ်လိုပဲ . . ချစ်ပြီးရင် မုန်း . . ခဏထားဦး . . လူပျို . . အပျို . . . "

"ကားရပြီ . . သွားလို့ရပါပြီ . . . "

ဖွတ်ချက် ဖွတ်ချက်နဲ့ သုံးဘီးကားလေး မောင်းလို့ထွက် သွားပြီ . . သီတာလို့ခေါ်တဲ့ ရုပ်ရှင်ရုံကြီးရှေ့မှာ လေးမတင်လိုက် ရဘဲ လက်မှိုင်ချကာ ကျန်ခဲ့သူကတော့ ဘယ်သူလဲလို့ မမေးပါနဲ့ အကြည်ကျော်ရယ်ပါ . . . ။


လူမိုက်အတွေးနဲ့
သူမခိုက်သေးသမျှ
အပူတိုက်ပေးမှာ
လွမ်းနေမယ် မမ . . ရေ . . (ဇာတ်ကားနာမည်ပါ)

www.foreverspace.com.mm

“အစ်ကို . . ရေခဲရေဖိုး . . . ”

“နောက်လဲမယ့်ကား ကြိုတင်လက်မှတ်ရောင်းနေပြီလေ . . တစ်ခါတည်း ဝယ်သွားပါလား”

တဲ့ . . နောက်လဲမယ့်ကားကတော့ . . ငါပဲဟေ့ . . လောလောဆယ်ကိုပဲ လဲချင်နေပြီ . . . .



## အခန်းစဉ် (၄)

လူတွေမှာ ပတ်ဝန်းကျင်မသိရတဲ့ အားနည်းချက်၊ လျှို့ဝှက်ချက်တွေရှိတယ် . . ဥပမာ ညည ထထယောင်တာတို့၊ အသက်ကြီးတဲ့အထိ အိပ်ရာထဲမှာ ရှူရှူးပေါက်ကျတတ်တာတို့၊ သွားကြိတ်တာတို့၊ ကိုယ့်ဘာသာကိုယ် စိတ်ကူးယဉ်ပြီး အိပ်နေရင်းနဲ့ ပြုံးနေတာတို့ စသည်ဖြင့်ပေါ့လေ . .

အဲဒီ့အကျင့်စရိုက်တွေထဲကမှ အထူးခြားဆုံးသော လူတစ်ရာမှာ တစ်ယောက်တည်းသာဖြစ်လေ့ဖြစ်ထရှိတဲ့ 'ယောင် တတ်' ခြင်းဆိုတဲ့ အားနည်းချက်ကို ကျွန်တော် ပိုင်ဆိုင်အမွေရ ထားတယ် . . အဲဒီ့ ယောင်တတ်မှုနဲ့ပဲ ကျွန်တော့်ရဲ့ဒုတိယ မြောက် ရည်းစားဦးနဲ့လွဲရပြန်ရော . . ဒီလို . . ဒီလို . . ဗျ . . တစ်ရက်ပေါ့ . . အလုံဘက်က သခင်မြပန်းခြံထဲမှာ . . . .

"ဒီမယ် ခင်ဗျ . . အနီရောင်ဝမ်းဆက်လေးနဲ့ ကောင်မလေးတစ်ယောက်များ မတွေ့မိဘူးလား . . . "

"ဟေ့ကောင် . . လာကြောင်မနေနဲ့ . . ဒါ ပန်းခြံ . .

အတွဲချောင်းရင် ကိုယ့်ဘာသာလိုက်ချောင်း . . ”

“မ . . မ . . ဟုတ်ပါဘူး . . ဦးလေးနဲ့အဒေါ်ရယ်”

“ဘာကွ . . ဘာ ဦးလေးလည်း နဂိုကမှ ဆံပင်အားနည်းလို့ နဖူးပြောင်နေရတဲ့ကြားထဲ . . ဦးလေး လာခေါ်နေရသေး တယ် . . ဟော့ကောင် . . ငါမျက်စိအောက်က မြန်မြန်ထွက်သွား တော့နော် . . ငါ . . စိတ်မထိန်းနိုင်တော့ဘူး . . . ”

ပန်းခြံဝမှာ သွားထိုင်စောင့်တာ ကျိန်းသေတယ် . . နို့မို့ ဆို ပန်းခြံထဲက အခြားအတွဲတွေက မသက်ာတော့ဘူး . . သူတို့ ရဲ့ ထမင်းချိုင့်တွေ . . သူတို့ရဲ့ထီးတွေ . . အိတ်တွေကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်သူက ကိုင်၊ နှစ်ယောက်ကြားထဲမှာ ထည့်သူက ထည့် . . . မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ပြန်ကြည့်လို ကြည့်နဲ့ . . .

‘တောက်’ ကောင်မကလည်း လာခဲလိုက်တာ . . တကယ် ဆို ဒီလိုကိစ္စမျိုးက အရမ်းကိုတက်ကြွနေရမယ် . . တတ်နိုင်ရင် ပန်းခြံမဖွင့်ခင်ထဲက . . ကြိုစောင့်နေရမယ် . . ဟုတ်တယ်လေ . . ဒါမှ ကိုယ်လိုချင်တဲ့နေရာ . . ကြိုတင်ဘွတ်ကင်ယူလို့ရမှာ . . ခုတော့ သူများတွေက နေရာဦးကုန်ပြီ . . . ။

“ကိုကြည် . . . ရောက်နေတာ ကြာပြီလား . . ”

“ဟင် . . . ”

ကမန်းကတန်းလှည့်ကြည့်လိုက်တော့ အနီရောင်ဝမ်း ဆက်နဲ့ ဒုတိယမြောက်ရည်းစားဦး . . ဘယ်သူတွေများ ပါသေး လဲဆိုပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တယ် . .

“အဟင်း . . လျှောက်ကြည့်မနေပါနဲ့ . . ဘယ်သူမှ မခေါ်လာပါဘူး . . မနေ့က ပြောထားတဲ့အတိုင်း . . ထမင်းဘူး

ရယ်၊ သတင်းစာအဟောင်းတစ်စောင်ရယ်၊ ထီးတစ်လက်ရယ်၊ နေကြာစေ့တစ်ထုပ်ရယ်ပဲပါတယ် . . ပြီးတော့ ဝတ်လာတဲ့ အရောင်လည်း မှန်ပါတယ်နော် . . ကဲ . . ထ . . ပန်းခြံထဲ ဝင်မယ်လေ . . . ”

သူကမ်းပေးတဲ့ လက်ဖဝါးနုနုလေးကို အသာအယာလှမ်းယူပြီး မတ်တတ်ရပ်လိုက်တော့ . . .

“ဟော့ . . ဟော့ . . ပုဆိုး . . ပုဆိုး . . . ”

ဟုတ်ပ . . ခွေးချီးသိမ်း . . ခြေမျက်စိကျော်ကျော်ဝတ် တဲ့ . . ပုဆိုး . . ကိုယ့်ဘာသာကိုယ် တက်နင်းမိပြီး . . ကွင်းလုံးကျွတ်တော့မလို့ . . ကမန်းကတန်းလက်နှစ်ဖက်နဲ့ ပြန်ထိန်းလိုက်တော့ . . လက်ထဲက ထမင်းချိုင့် ပြုတ်ကျသွားတယ် . . .

“ဒုတ် . . . ”

“အမလေး . . သေပါပြီတော် . . . ”

ဒုတိယမြောက်ရည်းစားဦးရဲ့ ခြေဖမိုးနုနုထွတ်ထွတ်ရဲရဲလေးပေါ် သွေးတွေက ဖျာခနဲပဲ . . သူကယောင်ပြီး ငုတ်တုတ်အထိုင် ကျွန်တော်ကလည်း ကမန်းကတန်း ငုတ်တုတ်ထိုင် ခေါင်းနှစ်လုံး မဟာမိတ်ဖွဲ့လိုက်တယ် . . .

“ခွပ် . . . ”

“အမရေး . .

“အင့် . . တေပါပြီ . . . ”

နှစ်ယောက်သား ဖင်ထိုင်လျက် . . ပိုဆိုးတာက ကျွန်တော့်ရဲ့ ဒုတိယမြောက်ရည်းစားဦး . . သူက ဖင်ထိုင်လျက်ကျသွားတာ . . မိုးတွင်းဘက်ဆိုတော့ ပန်းခြံထဲမှာ ရွှံ့တွေ၊ ဗွက်တွေက နေရာတိုင်းမှာ . . ဒီတော့ သူ့နောက်ဘက်မှာ အကွက်လိုက်

www.foreverspace.com.mm

ကြီးဖြစ်သွားပြီး သူ့ရဲ့ဘတ်သီး . . မျက်လုံးနှစ်လုံးက ကာလာချိန်းသွားတယ် . . ရဲရဲနီနေပြီ . . ကျွန်တော့်အိတ်ကပ်ထဲက လက်ကိုင်ပဝါလေးကို ကမန်းကတန်း ထုတ်လိုက်ပြီး သူ့ခြေထောက်က ဒဏ်ရာကို ချည်ပေးလိုက်တယ် . . ပြီးတော့ သတင်းစာကိုဆွဲစုတ်ပြီး ရွှံ့တွေသုတ်ပေးမယ်လုပ်တော့ . . သူက . . .

"ရပါတယ် . . . ထဘီလှည့်ဝတ်လိုက်မယ် . . ဟိုဘက်လှည့် . . ."

"ကျွတ် . . . ကျွတ် . . ."

"အမရေး . . ."

ကျွန်တော့်ပေါ် ခုန်တက်လိုက်တာ . . နှစ်ယောက်သားလုံးထွေးပြီး ရွှံ့ထဲကိုပြန်ကျပြန်ရော . . .

"ဘာ . . ဘာ . . လို့ . . ခုန်တက်ရတာလဲ . . ."

"ကိုကြည်ပဲ . . ကျွတ် . . ကျွတ် . . ဆို . . ဟာ . . ကျွတ်ဆိုတာက . . ထဘီလှည့်ဝတ်ရင် ကျွတ်တွေဘာတွေလည်း ဂရုစိုက်ဦးလို့ ပြောမလို့ဟာ . . ဘယ့်နှယ် . . ဘယ့်နှယ် . ."

"ခစ်ခစ် . . သိဘူးလေ . . ."

သူ ရွှံ့ပေတာက နည်းနည်းရယ် . . သူက အပေါ်ကလေ . . ကျွန်တော့်မှာသာ လွတ်လပ်ရေးနေ့ ခေါင်းအုံးရိုက်ပွဲဝင်သလို တစ်ကိုယ်လုံး ဆံပင်ကအစ ခြေဖျားအထိ . . ဒါပေမယ့်လို့ ခုချိန်အထိ ကျွန်တော့်ရဲ့အကျင့် . . ယောင်တတ်ခြင်းဟာ မပေါ်လွင်သေးဘူး . . ကိုယ်ပဲ ဂရုစိုက်လို့လား . . ဖြစ်တဲ့ကိစ္စတွေကပဲ သေးငယ်နေလို့လား . . မသိပါဘူး . .

အဲဒီလိုနဲ့ ကြုံဖန်ပြီး ရေ နဲ့ဆေးကြောသုတ်သင်လိုက် တယ် . . မိုးတွင်းကလည်းဖြစ်ပြန် . . လူကလည်း ရေတွေစိုပြန်

www.foreverspace.com.mm

. . ချမ်းတန်းတန်း ဖြစ်လာတယ် . . သတင်းစာလေး ဖြန့်ခင်းပြီး ခြံကွယ်တစ်နေရာမှာ ထိုင်လိုက်ကြပြီး ဒုတိယမြောက်ရည်းစားဦး က . . ကျွန်တော့်ကိုကြည့်ပြီး . . သနားသွားတယ်နဲ့ တူပါတယ်။

"ကဲ . . ကြွက်စုတ်လေး . . ချမ်းနေပြီမှုတ်လား . . ဒီ နားကပ် . . . "

ကျွန်တော့်ကို သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားလိုက်တော့ အားပါး . . တော်တော်နွေးသား။ အဲဒီ့အချိန်မှာပဲ . . ဘယ်က ဘယ်လို ဝဲပျံကျလာသည်လည်းမသိရတဲ့ ဆင်ကြယ်ဖိနပ် တစ်ဖက် . . ကျွန်တော့် ရင်ဘတ်ပေါ်ကို ပြုန်းစားကြီးဆိုတော့ . . .

"ဟား . . ဇတ် . . ဇတ် . . . "

ဆိုပြီး ကျွန်တော့်ရဲ့ ဒုတိယမြောက်ရည်းစားဦးရဲ့ လည် ပင်းကို ထညှစ်မိလိုက်တယ် . . . ။

"အခစ် . . ခစ် . . ခစ် . . ဂစ် . . ဂစ် . . "

ဘယ်လောက်အထိ ညှစ်မိတယ် မသိပါဘူး . . သတိရ လို့ ပြန်ကြည့်လိုက်တော့ ပါးစပ်က အမြှုပ်တွေတောင် ထွက်လို့ . . ဒီလို ယောကျ်ားမျိုး တစ်သက်အိမ်ထောင်ဖက်မရွေးတော့ပါ ဘူးတဲ့ . . ဘယ်အချိန် အိပ်ရာထဲမှာ သေရမယ်ဆိုတာ မသိရတဲ့ ဘဝ . . စောစောစီးစီး သိလိုက်ရတာ . . ကံကောင်းလို့တဲ့ . . ဒုတိယမြောက် ရည်းစားဦးနဲ့ . . လမ်းခွဲလိုက်ရပါပြီဗျာ . . . ။



www.foreverspace.com.mm

## အခန်းစဉ် (၅)

### တတိယမြောက် ရည်းစားဦး

အဲဒါကတော့ ကျွန်တော့်ရဲ့အစွမ်းအစ၊ အရည်အချင်းကြောင့် မှုတ်ပါဘူး . . ကျွန်တော့်ရဲ့သူငယ်ချင်းတွေဖြစ်တဲ့ မြင့်အောင်၊ ချစ်လွင်နဲ့ ကိုတင့်လွင်တို့ရဲ့ ကူညီဖေးမနှုတ်ငယ်စောင်မမှုကြောင့် တတိယမြောက် ရည်းစားဦး အဖတ်တင်သွားတယ် . . အဖတ်မတင်လို့လည်း မရဘူးလေ . .

အကြည်ကျော်ဆိုတဲ့ ကောင် ရည်းစားလေးတစ်ယောက်လောက်မှ လက်ဆုပ်လက်ကိုင်မရှိရင် သူတို့ရဲ့ဆွေတော်မျိုးတော်ညီမတော်တွေဘက် မြားဦးလှည့်လာတော့မယ်ဆိုတာ ကြိုတင်သိနေပုံရတယ် . .

ဒီတော့ မရမက ကြံဖန်ပြီးရတာလေးကို ဝိုင်းဖန်တီးပေးလိုက်တယ် . . သူက ယောကျ်ားတစ်ပိုင်း၊ မိန်းမ တစ်ပိုင်း၊ မိန်းမနှစ်ပိုင်းတစ်ပိုင်းပေါ့ . . စကားပြောရင် 'ငါ' သို့မဟုတ် 'ကျွန်တော်' နဲ့သုံးတယ် . .။

တစ်ခုတော့ ကောင်းသွားတယ် . . မိန်းကလေးတော်တော်များများကြိုက်တဲ့ အချဉ်ထုပ်တို့၊ နေကြာစေ့၊ အသုပ်ရဲ့ ဘေးကင်းဝေးသွားတယ် . . လက်ဖက်ရည်ဆိုင် အတူတူထိုင်ပြီး လက်ဖက်ရည်သောက်လို့ရတယ် . . တစ်ခါတလေ . . လိုအပ်ရင်လိုအပ်သလို . . . .

"မင်း အင်္ကျီခဏငှား . . ."

"အခုလား . ."

"ဟာ . . အခုတော့ ဘယ်ဟုတ်မလဲ . . နက်ဖြန်အတွက်လေ . . ."

"သြော် . . ပန်းခြံသွားမယ်လို့ ပြောထားတာ . ."

"ဟုတ်ပြီ . . ဟုတ်ပြီ . . အဖေ့အင်္ကျီ ယူခဲ့ပေးမယ် . ."

"ဟာ . . မှတ်ဘူးလေကွာ . . မင်းဝတ်တဲ့ အင်္ကျီကိုပြောတာ . ."

"ဟ . . ငါဝတ်တဲ့အင်္ကျီတွေက အဖေ့ဟာရယ်၊ အစ်ကိုတွေရဲ့ဟာတွေကွ . . . ကိုယ်ပိုင်မရှိဘူး . ."

"ပြီးရောကွာ . . ဘာဖြစ်ဖြစ် . . ."

အဲဒီလိုမျိုး . . လက်သည်းနီ၊ စနိုးဘူး . . လက်ကိုင်ပဝါ၊ ပိုစ့်ကဒ်၊ ဖိနပ်လှလှလေးတွေ ဘာဆိုဘာမှ မကုန်တော့ဘူး . . အဲ . . ကုန်တာဆိုလို့ . . ကွမ်းယာဖိုး၊ ကျောင်းထိပ်က ကွမ်းယာဆိုင်က သူ ဝယ်စားတာနဲ့တင် နောက်ထပ်တစ်ဆိုင်ဖွင့်လို့ရနေပြီ။

တစ်ခုဆိုးတာက ချစ်သူတို့ဘဝ အနီးကပ်စကားပြောရင် ကျွန်တော့်ရဲ့ မဟာမျက်နှာတစ်ခုလုံး ကွမ်းတံတွေးတွေချည်းပဲ . . ကွမ်းဖြတ်ဖို့ပြောတိုင်း . . .

"မဖြတ်နိုင်ဘူး . . ထဆင်ထူး . . မင်းနဲ့ မတွေ့ခင်က

www.foreverspace.com.mm

တည်းက စားလာတာ . . . ကွမ်းတစ်ယာ ရေတစ်မှုတ် လာမလုပ်နဲ့ ဇက်ပြုတ်သွားမယ် . . ဘာမှတ်လဲ . . ” တဲ့။

ကိုင်ဇာရဲ့သီချင်းလို ရည်းစားဘဝမှာ လည်ပင်းညှစ်တာ ဂစ် . . ဂစ် ဆိုသလိုမျိုး . . ထပြီး လည်ပင်းညှစ်ချင်လိုက်တာ . . အဲ . . ကျွန်တော့်ရဲ့ တတိယမြောက်ရည်းစားဦးလေး . . ကောင်းတာတစ်ခုတော့ရှိတယ် . . အဲဒါဘာလဲဆိုတော့ . .

ကျွန်တော့်ရဲ့ အမေက ဟုမ်းလမ်း (ယခင်) ယခု ပန်းလှိုင်ဈေးမှာ ငါးပိရည်ကျို ငရုတ်သီးမှုန့်ရောင်းတယ် . . ကျွန်တော်က ဈေးကြို ဈေးပို့လုပ်ပေးရတယ် . . .

တစ်ခါတစ်ရံ သူကပါလိုက်ပို့ သယ်ယူပေးတယ် . . သူ့အစ်ကို၊ သူ့မိဘ၊ ဆွေမျိုးအသိုင်းကတော့ မျက်စိနောက်သက်သာရင်ပြီးရော ဆိုပြီး ကျွန်တော်နဲ့တွဲတာ ခွင့်ပြုထားပုံရတယ် . . ကျွန်တော်တို့နှစ်ယောက်ရည်းစားဖြစ်နေတာကို မသိကြဘူးနဲ့တူပါတယ် . .

တစ်ခါတစ်ရံကျတော့လည်း သူများအတွဲတွေလို ကိုယ့်ချစ်သူကိုယ့်ရည်းစားဟာ မိန်းကလေးလို ဝတ်စားဆင်ယင်ပြီး သနပ်ခါးပါးကွက်ကြားလေးနဲ့ မြင်ချင်တာပေါ့ . .

ခုဟာက ရှပ်အင်္ကျီမတော်တရော်ကြီးနဲ့ ပုဆိုးကို လက်နှစ်ဖက်နဲ့ မ,မပြီး လျှောက်တာရှိသေး . . ဘယ်နှယ့်လုပ်ရပ . . .

ကျောင်းက ကောင်တွေက သူ့အလစ်မှာဘာပြောလဲဆိုတော့ . . . .

“ဟေ့ကောင် . . . အကြည်ကျော် . . တွေ့လား . . ငါတို့က အစစ် . . အစစ် . . ”

သူတို့ရဲ့ ကောင်မလေးတွေကို လက်ချင်းချိတ်လို့ . . ရင်

www.foreverspace.com.mm

ကော့ပြီး ခုမှတော့ နောက်ဆုတ်လို့လည်း မရတော့ပါဘူး . . အပြောင်းအလွဲလုပ်ဖို့ နေနေသာသာ အခြားကောင်မလေးတွေကို တစ်ခါတစ်ရံ အမှတ်တမဲ့ကြည့်မိတာတောင် . . . .

"ဖျောင်း . . . "

"အမရေး . . ဘာ . . ဘာလို့ ဇက်ပိုးလာရိုက်တာလဲ"

"မျက်လုံးတွေက ဘယ်ရောက်နေလဲ . . မသိဘူးတော့ မထင်နဲ့နော် . . ဟိုက်ကရီကရာတေးကလပ်မှာ ဘယ်အဆင့် ရောက်နေလဲဆိုတာ . . သိတယ်မှတ်လား . . ကွမ်းဝါးသလို ဝါးပစ်လိုက်မယ် . . ထွီ . . "

အဲ . . တတိယမြောက်ရည်းစားဦးနဲ့ ရေစက်က ကုန်ချိန်ရောက်တော့ . . ကြံဖန်ပြီးဖြစ်သွားပြန်ပါရောဗျာ . . ဒီလို . . ဒီလို အရပ်ကတို့ရေ . .

တစ်ရက် မြေနီကုန်းက ဆန်းသီရိရုပ်ရှင်ရုံမှာ ကျွန်တော်တို့နှစ်ယောက်နဲ့ မြင့်အောင်တို့အတွဲ ရုပ်ရှင်ကြည့်နေရောဗျာ . . . ရုပ်ရှင်မပြခင် ဗိုက်ဆာတာနဲ့ သူ့ကို ကျွန်တော်က ကြာဇံကြော်ကို ငရုတ်ချဉ်များများနဲ့ အရွဲ့တိုက်ပြီး ချော့ကျွေးလိုက်တယ် . . သူ့ခမျာ ကွမ်းစားတဲ့ပါးစပ်ဆိုတော့ ချွေးတွေကလည်း ပျံ . . နှပ်တွေကလည်း ထွက်အကျ . . ရုပ်ပျက်ဆင်းပျက်ကို ဖြစ်နေတာ။

ရုပ်ရှင်ရုံထဲကျတော့လည်း ကားပြလို့မှ နာရီဝက်မပြည့်သေးဘူး . . ဗိုက်ကရစ်ရစ်နာပြီး အိမ်သာကိုပြေးရတော့တယ် . .

အဲဒီ့မှာ ပြဿနာက စတော့တာပဲ . . ဝတ်ထားစားထားတာက ယောကျ်ားလေးပုံစံ . . တက်မယ့်အိမ်သာက မိန်းကလေး . . တာဝန်ရှိတဲ့လူတွေနဲ့ အဲဒီ့မှာ စတွေ့တော့တာပါပဲ . .

www.foreverspace.com.mm

ကောင်မလေးတွေက သူ့ကို ပါးရိုက်နားရိုက်လုပ်လို့ သူက လည်း လက်သီးတွေ ခြေထောက်တွေနဲ့ ပြန်ကျွေး . . ပွက်လော ကို ရိုက်ပြီး ရုပ်ရှင်ရုံတစ်ရုံလုံး မီးတွေထိန်လို့ . . ပြလက်စ ကား ခဏရပ်ထားရတဲ့အဆင့် . .

စခန်း(၂၄)က နယ်ထိန်းတွေရော . . ရပ်ကွက်လူကြီးတွေ ရော ရောက်လာပြီး ကောင်မလေးတချို့နဲ့ သူ့ကိုခေါ်ထုတ်သွား တယ် . .

သူက ကျွန်တော့်ကို လိုက်ရှာသေးတယ် . . ဘယ်ရမလဲ . . ကျွန်တော်က ခုံတွေကွယ်ပြီး ပုန်းနေလိုက်တယ် . . ဟုတ် တယ်လေ . . သူ့ပြဿနာက ဘယ်လိုရှင်းရမယ်မှန်းမှ မသိတာ . . ကိုယ်ဝင်ရှင်းမှ ရှုပ်ကုန်ရင် ပြဿနာဗျ . . .

အဲဒီ့က အစပြုလို့ . . သူနဲ့ကျွန်တော် . . ဝေးသွားပြန် ရော . . ကျွန်တော့်သူငယ်ချင်းတွေကို ဘာပြောတယ်မှတ်လဲ . .

"ယောကျ်ားမပီသတဲ့ကောင် . . ရည်းစားကိုဝမ်းလျှော အောင် လုပ်တဲ့အကောင် . . ပြဿနာကို ပျုံးပြီး . . အနားမသတ် ပေးတဲ့ အကောင် . . လမ်းမှာတွေ့ရင် ဓားနဲ့အသေထိုးမယ် . . "

တဲ့။ စွဲချက်တွေ . . စွဲချက်တွေ . . ဘာပဲပြောပြော . . ကျွန်တော် တော်တော်လေးမှ တော်တော်လေး ဝမ်းသာသွားတယ် . . ယောကျ်ားစိတ်ဝင်နေတဲ့ မိန်းကလေးအချို့ဟာ ကောင်မလေး တွေကိုမှ သူက အချစ်တော်ဆိုပြီး ထားချင်တာ . . ခုဟာက ပြောင်းပြန် . . ကျွန်တော်နဲ့ရည်းစားဆိုတာ ဘယ်သူက ယုံမှာလဲ . . မသိရင် ကျွန်တော်ကပဲ ခြောက်နေသလိုလိုနဲ့ . . ခုတော့ ဝဋ် ကျွတ်သွားပြီ . . .

အဲ . . ဖူးစာတို့၊ ကံကြမ္မာတို့ဟာ မမြင်နိုင်သော စွမ်းအား

www.foreverspace.com.mm

တွေ ရှိတယ်ထင်တာပါပဲ . . ကျွန်တော့်ရဲ့ စတုတ္ထမြောက် ရည်းစားဦးနဲ့တွေ့ဆုံပုံလေး . . တင်ပြ . . အဲလေ . . . ကြွားပါရစေဦး . . ဒီတစ်ခါကတော့ လက်သည်မပါတော့ပါဘူး . . ကိုယ့်ဘာသာကိုယ် ညှစ်အားသုံးပြီး . . ခုမှ ရည်းစားဦး . . အစစ် . . အစစ်ကို ရလိုက်တာ . . . ။



www.foreverspace.com.mm

## အခန်းစဉ် (၆)

သူမရဲ့နာမည်က နုငယ် . . .

သူမကို စတင်တွေ့ဆုံချိန်လေးဟာ အမှတ်တရအဖြစ်ဆုံးက သူ့ရဲ့ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံလေးပါ . . ဇာပေါက်လက်စက အဝါရောင် . . ပိတောက်အရောင်လေးပေါ့ . . . အောက်က သရက်ထည်အပွင့်ရိုက်လေး . . သနပ်ခါးပါးကွက်ကြားလေးနဲ့ ဘေးတိုက်ကြည့်လိုက်ရင် နှာတံလေးက ဖြောင့်ဖြောင့်လေး . . မျက်တောင်လေးတွေက သဘာဝအတိုင်းကော့လို့ . .

ပြီးတော့ ဘယ်တော့မှလည်း အားပါးတရ ပြုံးခြင်း၊ ရယ်ခြင်းမရှိဘဲ အနည်းငယ်သာ ပြုံးတတ်တယ် . . ကျွန်တော့် သူငယ်ချင်း ကိုသန်းထွန်းရဲ့ အိမ်ပေါ်ထပ်မှာ ထိုင်နေတုန်း လှစ်ခနဲ တွေ့လိုက်ရတာပါ . . ။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ကြည့်မြင်တိုင် S.H.S (2) ကျောင်းမှာရှိတဲ့ မိန်းကလေးမှန်သမျှ ရည်းစားစာ မပေးဖူးတဲ့ မိန်းကလေး၊ ရည်းစားစကားလိုက်မပြောဖူးတဲ့ မိန်းကလေး

www.foreverspace.com.mm

ဆိုတာ မရှိသလောက်ပဲ . . ကျွန်တော်တို့ အဲဒီ့ခေတ်က လမ်းသရဲခေတ်လေ . . ဆံပင်ပုံစံ ဦးကျော်ဟိန်းလို တွန့်လိမ်ကောက် ကွေး . . အင်္ကျီက ကိုယ်ကျပ် . . ကော်လံက အပြားကြီး . . လက်ကလည်း အပြားကြီး . . ခေါင်းလောင်းဘောင်းဘီ . . ပုဆိုးဆိုလည်း ချက်ပြုတ် ခွေးချီးသိမ်း . . ထောင့်မကျိုးတဲ့ ပုံစံစတိုင်လ် . . အဲ . . အဝတ်အစားဘက် ရောက်သွားပြန်ပြီ . . .'

နုငယ်ကိုစ္စ ပြန်စလိုက်ရအောင် . . တစ်ရက်ပေါ့ . . သူ့ကို ကျွန်တော်တို့အိမ်မှာတွေ့လိုက်ရတယ် . . ကျောင်းက အပြန်ပေါ့ . . ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ . . . ကျွန်တော့်အဖေရဲ့ညီမ . . ကျွန်တော့်အဒေါ်နဲ့စကားပြောနေတာကို မယောင်မလည်နဲ့ ကြည့်နေလိုက်တယ် . . ကျွန်တော့်အဒေါ်အလစ်မှာ . .

"ဟော့ . . မင်းနာမည် ဘယ်သူလဲ . . ."

ရုတ်တရက်ဆိုတော့ သူတော်တော်လေး လန့်သွားပုံရ တယ် . . မျက်လုံးလေးပြူးလို့ . . ချစ်စရာကောင်းလိုက်တာဗျာ . . အတင်းဖျစ်ညှစ်ပြီး . . အားရပါးရ ဖက်ထားချင်လိုက်တာ . .

"ကျ . . ကျ . . နော့်ကို မေးတာလား . . ."

"ဟုတ်တယ်လေ . . မင်းတစ်ယောက်တည်းရှိတာ . . နာမည်လေးသိချင်လို့ . . ."

"ဟို . . ဟို . . နု . . နုငယ်ပါ . . ."

ရပြီ . . ဒီလောက်ဆိုရင် ရင်ဘတ်ထဲမှာရှိတဲ့ အသည်းနှလုံးကို လော့ခ်ချ သိမ်းထားလို့ရပြီ . . နောက်ပိုင်း စုံစမ်းလို့ရတာက သူ အနုပညာဝါသနာပါလို့ ကျွန်တော့်ရဲ့အဒေါ်ဖွင့်ထားတဲ့ အကသင်တန်းတက်ဖို့ သူ့မိဘတွေအလစ်မှာ ထွက်လာတာတဲ့ . . ဇာတိက တွံတေး အိုးဖိုအိုးကုန်သည်မျိုးရိုးတွေ . . . .။

www.foreverspace.com.mm

"ဟဲ့ . . ဒီနားမှာ ဘာလုပ်နေတာလဲ . . သွား . . ရေချိုးတော့ . . ."

"ဟုတ် . . ဟုတ်ကဲ့ . . ."

ဘယ်အချိန် အနားရောက်နေမှန်း မသိလိုက်ဘူး . . . အဒေါ်က လှမ်းဟောက်တယ် . . . ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင်ကို သိထားတော့ အနားပေးမကပ်ဘူး . . နေ့တိုင်း စနေ၊ တနင်္ဂနွေ သုံးပတ်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ရတာ အမောပဲ . . ဘာဖြစ်လို့လဲဆိုတော့ ကျောင်းပိတ်မှ နုငယ်ကိုတွေ့ချိန်များမှာလေ . . တစ်ရက် လူကြီးတွေအလစ် . . သူက အိမ်ဘေးအုတ်ရေကန်လေးမှာ အဝတ်တွေလျှော်နေတုန်း အသာနားကပ်သွားပြီး . . .

"နုငယ် . . ."

"ဟင် . . ရှင် . . . "

"ဟို . . ဟိုလေ . . "

"ဗွမ်း . . ဖုတ် . . ဖုတ် . . . "

ဟိုက် . . ရေတွေ . . ဘာလဲဟ . . အင်္ကျီတွေ . . "

အပေါ်ထပ်က ကျွန်တော့်ညီမဝမ်းကွဲဘေဘီ . . ရေတွေသွန်ချပြီး သူ့အင်္ကျီတွေပါ ပစ်ချတယ် . . . ။

"မငယ် . . ကျွန်မ ဆင်းလာခဲ့မယ် . . တော်ကြာ အမေဈေးက ပြန်လာတော့မယ် . . . "

"တောက် . . ငါ့အလှည့်ကျတော့ ဒါမျိုးကြီးပဲ . . "

တောက်တစ်ခေါက်ခေါက်နဲ့ ထွက်သွားတဲ့ ကျွန်တော့်ကို နုငယ်က ဆပ်ပြာတွေပေနေတဲ့ သူ့မျက်နှာလေးကို သပ်ချလိုက်ပြီး ပြုံးလို့ ကျန်နေခဲ့တယ် . . ပိုက်ဆံလက်ဝါးဖြန့်သုံး . . ဈေးဗန်း

ထဲက ခိုးသုံး . . အချိန်တန် ထမင်းလက်ဆေးစား . . ကျောင်းသွားနဲ့ ဘဝဆိုတဲ့တန်ဖိုး၊ အချိန်ဆိုတဲ့တန်ဖိုး၊ ငွေဆိုတဲ့တန်ဖိုးတွေကို ကျွန်တော် မသိလိုက်ခြင်းဟာ တစ်ချိန် ကျွန်တော့်ရဲ့ မျက်ရည်တွေပဲလို့ . . ကြိုတင်မသိလိုက်ရပါဘူး . . . ။



www.foreverspace.com.mm

## အခန်းစဉ် (၇)

"အကြည်ကျော် . . . "

"ဗျာ . . . "

တစ်ခါဖူးမှ မကြားဘူးတဲ့ လေသံ . . အမေရဲ့မျက်နှာက နီရဲနေတယ် . . ပြီးတော့ အမေ့ရဲ့လက်ထဲမှ စာရွက်တစ်ရွက် . . မီတာစာရွက်လား . . အပေါင်ဆိုင်က ဘောက်ချာလား . .

ဟိုးတစ်ခါတုန်းကလည်း မူလတန်းတုန်းက အမေ ထဘီ ပေါင်ထားတဲ့ ဘောက်ချာစာရွက်ပေါ်မှာ ပန်းချီပုံတွေ ဆွဲလိုက်တာ . . ထဘီ သွားပြန်ရွေးတော့ . . အပေါင်ဆိုင်က တရုတ်က လက်မခံဘူး . . အမေနဲ့စကားတွေများကုန်ရော . . ထုံးစံအတိုင်း အကြည်ကျော်ရဲ့ ကျောပြင်ဗျောတင်ပေါ့ . . ကျောင်းမှာလည်း ကျောင်းမို့ . . ရှိရှိသမျှသော စာအုပ် . . ဖတ်စာ၊ ဘယ်နေရာမှ မလွတ်ဘူး . . အရုပ်တွေ ဆွဲလို့ . . ဆရာဦးသန်းထွန်းရဲ့ကြိမ်လုံး၊ ဘောဖျက်နဲ့ မကြာခဏ မိတ်ဖွဲ့ရတယ် . . ကျောင်းအိမ်သာနံရံ၊ အိမ်က ဝါးထရံတွေမှာ . . မြေဖြူနဲ့ ပုံတွေဆွဲတာ . . ခဏ ခဏ

www.foreverspace.com.mm

နားရွက်ဆွဲလိမ်ခံရတာနဲ့ ကြိမ်လုံးနဲ့ကျွေးတာနဲ့ ကျောကုန်းအထုခံရတာနဲ့ . . .

မြေဖြူဂှက်ထားတော့ မီးသွေးခဲဘက်လှည့်ပြန်ရော . . ကျွန်တော်တို့နေတဲ့အိမ်က ဘာနဲ့သွားတူနေလဲဆိုတော့ ချစ်တီးအိမ်ပုံစံပေါက်နေပြီ . . မြေဖြူနဲ့အရုပ်ကြည့်မလား . . မီးသွေးခဲနဲ့အရုပ်ကြည့်မလား . . အစုံ . . အစုံမြင်ရမယ် . .

တစ်ခါတလေ . . ထုံးတစ်ထုပ်လုံးနဲ့ မဲနယ်ရောပြီး ဘာဒီဇိုင်းမှန်းမသိတဲ့ ပုံတွေဖော်ထားလိုက်သေးတယ် . . ဒါတွေက မူလတန်းတုန်းကပါ . . ခုကျတော့ အလယ်တန်း၊ အထက်တန်းကျောင်းရောက်နေပြီ . . မောင်မောက်(ဥက္ကလာ)၊ မောင်ပန်းမွှေးကဗျာတွေနဲ့ ကျောင်းက ကောင်လေးတွေ ကောင်မလေးတွေကို ပုံဆွဲပေး . . ရည်းစားစာရေးပေးနဲ့ . . ဦးကျော်သိန်းမုန့်ဟင်းခါးဖိုး ရှာတတ်နေပြီ . . .

"ဟဲ့ . . သေနာ . . လာစမ်း . . ငါ့မှာတော့ မိုးလင်းက မိုးချုပ် . . ဈေးရောင်း၊ အဝတ်လျှော်၊ ချက်ပြုတ်၊ ကလေးတွေရေချိုးပေးနဲ့ ဖတ်ဖတ်ကိုမောလို့ . . မရှိမဲ့ ရှိမဲ့လေးနဲ့ ကျောင်းထားပေးတာ . . ကျောင်းကောင်းကောင်းမတက်ချင်ဘူး . . ဖိနပ်ဖြစ်မယ့်အကောင် . . ရော့ . . ကြည့် . . . အဟီး ဟီး . . . "

ကျောင်းက ကျောင်းပြေးလို့ ပို့လိုက်တဲ့တိုင်စာ . . ဟိုကောင်မော်နီတာအေးကျင်ရဲ့လက်ချက် . . အမေ့ခမျာ ငိုလိုက်တာမှ . . .

"တစ်လမှာ ရက်ပေါင်းသုံးဆယ်ပဲရှိတာ . . ဒင်း ပြဿနာကို သွားသွားရှင်းရတာ . . နှစ်ဆယ့်ရှစ်ရက် . . အဟီး ဟီး . . မွေးရတာ ဝမ်းရည်စပ်တယ် . . ကိုယ့်အဖေလုပ်သူက နယ်ပေါင်း

www.foreverspace.com.mm

စုံ . . ခရီးသွားနေရတာ . . နေကောင်းလား . . မကောင်းဘူးလားလည်း မသိရ . . ရေလမ်း၊ ကုန်းလမ်းတွေ သွားနေရလို့ စိတ်ပူရတာက တစ်မျိုး . . အပူတွေ . . အပူတွေ . . နင်တို့တတွေ . . အိမ်ထောင်ကျမှ သိမယ် . . ငါတို့ ဝဋ်တွေလည်မယ်ဟဲ့ သိရဲ့လား . . အဟီး ဟီး . . . ”

မှားသည် မှန်သည်ကို ဝေဖန်ပိုင်းခြားခြင်း မပြု။ ငါ့အမေ မျက်ရည်နဲ့မျက်ခွက်ဖြစ်တာ . . ဟိုကောင် အေးကျင်ကြောင့် . . တွေ့ကြသေးတာပေါ့ကွာ . . လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်တယ် . . တိုင်မှာ ချိတ်ထားတဲ့လွယ်အိတ်ကို လှမ်းယူ ပြီး အိမ်ပေါ်က ဆင်းမယ်အလုပ် . . နုငယ်က ဟင်းပန်းကန်လေး ကိုင်ပြီး အပေါ်ထပ်အတက် . . .

“ဟို . . ဟို . . ဒေါ်လေးက ပို့ခိုင်းလို့ . . အဲဒါ . . ”

“သြော် . . ဟုတ်ကဲ့ . . . ”

ခုနက ဒဿဂီရိ . . ဒေါသတွေ ဘယ်ရောက်ကုန်ပါလိမ့် . . ရန့်လေးတစ်ခု . . ပန်းလေးတစ်ပွင့်တွေ့လိုက် ရှူရှိုက်လိုက်ရသလို . . ဟင်းပန်းကန်လေးလှမ်းယူတော့ . . သူမရဲ့လက်ကလေးတွေ တုန်နေတယ် . . ဘာဖြစ်လို့ပါလိမ့် . . .

“ကျောင်းမှာ ရန်မဖြစ်ပါနဲ့ . . . ကိုယ့်အမေကို စိတ်ချမ်းသာအောင် ထားပါ . . . ”


ပြောလည်းပြော . . မပြေးရုံတစ်မယ် ထွက်သွားတယ် . . သြော် . . ငါတို့သားအမိပြောသမျှတွေ လုံးစေ့ပတ်စေ့ ကြားသွားတာကိုး . . လမ်းထဲက လူတွေကွက်ကြည့် ကွက်ကြည့်လုပ်တော့မှ . . သတိထားမိလိုက်ကြတယ် . . . ။

“ဟင် . . ခုနက ဟင်းပန်းကန်ကြီး ပါလာတယ် . . တော်

www.foreverspace.com.mm

ပါသေးရဲ့ . . ကျောင်းအထိ မပါသွားလို့ . . . ”

အိမ်ဘက်ခြေဦးပြန်လှည့်လိုက်တယ် . . အမေရယ် . . မငိုပါနဲ့တော့ . . . ။



www.foreverspace.com.mm

# အခန်းစဉ် (၈)

အမေ့ရင်ခွင်ထဲက အသာအယာထွက်လိုက်တယ်။ အမေက အကြည်ကျော်ကို အချစ်ဆုံး . . . အိပ်ရာဝင်ပြီဆိုရင် ကျောကုန်းက မိတ်တွေ၊ မိတ်ဖုထိုးပေး၊ သနပ်ခါးရည်ကျဲနဲ့ လူးပေး . . လိမ်းပေး . . ပြီးတော့ . . ရင်ခွင်ထဲမှာချော့သိပ် . .

အဲဒါက ငယ်ငယ်လေးထဲက ခုအရွယ်ရောက်တဲ့အထိ။ အခုလည်း ကြည့်လေ . . အမေရဲ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ကြိုးစားနေပါပြီ . . ရက်တွေ နှစ်တွေ ကြာလာသည်နှင့်အမျှ နုငယ်နဲ့ ကျွန်တော်တို့ရဲ့ သံယောဇဉ်ဟာလည်း ဘာနဲ့မျှ ဖြတ်လို့ရတော့မယ် မထင်ပါဘူး . . .

နုငယ်က အဘွားရဲ့အိမ်ပေါ်ထပ်မှာနေတယ်လေ . . သူနဲ့ချိန်းထားတာက ညပိုင်းနှစ်နာရီကျော်ကျော် . . အဘွားရဲ့ အပေါ်ထပ် ကြမ်းကြားထဲက သူ့ရဲ့ရှည်လျားတဲ့ ဆံပင်ကို ကျစ်ဆံမြီးကျစ်ထားတာ ချထားပေးမယ်တဲ့ . . အောက်က အဲဒီ့ကျစ်ဆံမြီး ဆံပင်ကို ဆွဲလှုပ်အချက်ပေးရုံပဲ . .

www.foreverspace.com.mm

ပြီးတော့ အိမ်ရှေ့က ဗာဒံပင်အောက်မှာ စကားပြောကြမယ် . . မဟုတ်တာ မမှန်တာလုပ်ထားရင် လူတွေက သိပ်ရုပ်ပျက်တာ . . ခါတိုင်း လူရှေ့သူရှေ့မှာ ပုံမှန်အတိုင်း နင်ယ်ကိုခေါ်ပြောဆက်ဆံပေမယ့် ရည်းစားဘဝလည်း ရောက်ရော . . မခေါ်ရဲ မပြောရဲတော့ဘဲ ခပ်တန်းတန်းဖြစ်သွားတယ် . .

ညပိုင်းကျမှ ခိုးခိုးတွေ့ရတယ် . . အဲဒါတွေ အားလုံး စုစည်းလိုက်ရင် အမှားတစ်ခုကို ကျော်ဖြတ်ဖို့ ဘဝတစ်ခုလုံးကို အမှောင်ချတော့မယ်ဆိုတဲ့သဘောပဲ . . မိဘကသာ ခိုင်းကြည့် . . သရဲကြောက်သလေး . . မှောင်သလေးနဲ့ ဆင်ခြေအမျိုးမျိုးပေးတော့မှာ . . ခုတော့ ကိုယ့်ကိစ္စဆိုတော့ . . ဘယ်သူကမှ ရိုက်ပြီး မနှိုးရဘူး . . ဝီရိယကောင်းနေလိုက်ပုံများ . . .

ကုလားထိုင်တစ်လုံးပေါ်တက် . . မှောင်ထဲမှာ အပေါ်ကချထားမယ်ဆိုတဲ့ ကျစ်ဆံမြီးကို လက်နဲ့လိုက်စမ်းနေတယ် . . လက်နှစ်ဖက်လုံး . . လက်အံသေတော့မယ် . . အမှောင်ထဲမှာ မတ်တတ်ရပ်ကူးနေသလိုပဲ . . အမှန်က နင်ယ်အိပ်မယ့်နေရာကို အကြည်ကျော်ရဲ့ညီမဝမ်းကွဲဘေဘီက အိပ်နေတာ . . . ဘယ်လာ ကျစ်ဆံမြီးချလို့ရမှာလဲ . . အဲ . . ကျမယ့်ကျလာတာကတော့

"ဟ . . ဟ . . ဘာတွေလဲ . . ဘာအရည်တွေလဲ . . ဟင်း . . နံလိုက်တာ . . . "

အဘွားရဲ့ထွေးခံထဲက အပေါ့သွားထားတဲ့ အရည်တွေ . . ခြေထောက်နဲ့ ဘယ်သူတိုက်မိတယ် . . . မသိပါဘူး . .

"သွားပြီဟ . . ဒီအချိန်ကြီး . . ဘယ်လိုလုပ်ရေချိုးရမလဲ . . တောက် . . ငါ့အလှည့်ကျ . . ဒါမျိုးကြီးပဲ . . . "



www.foreverspace.com.mm

# အခန်းစဉ် (၉)

တစ်ရက် ကျောင်းကပြန်လာတော့ . . အိမ်မှာ လူတော်တော်များများကို တွေ့လိုက်ရတယ် . . ဘာများ ဖြစ်လို့ပါလိမ့် . . ထမင်းခူးပြီး ရေနွေးပန်းကန်လာယူတဲ့ ကျွန်တော့်အောက် အငယ်ကောင် တင်အောင်ကို မေးလိုက်တယ်။

"မောင်တင်အောင် . . ဘယ်က ဧည့်သည်တွေလဲ . . "

"ဩော် . . ဟို . . ဒီမှာ . . အကလာသင်နေတဲ့ မနုငယ်ရဲ့ မိဘတွေလေ . . "

"ဟင် . . ဘာ . . ဘာလဲ . . လာပြန်ခေါ်တာလား . . "

တင်အောင်က ဘာလဲဟ ဘယ်လိုကြီးဖြစ်သွားတာလဲဆိုတဲ့ ပုံစံမျိုးနဲ့ ပြန်ကြည့်လိုက်တော့မှ ကမန်းကတန်းအိုက်တင်ပြင်လိုက်တယ် . . ။

"ပြန်မခေါ်ပါဘူး . . သူ့ဝါသနာပါတဲ့ အလုပ် . . ဆက်လုပ်ပါစေတဲ့ . . မိဘတွေကိုယ်တိုင် . . လာအပ်တာ . . ဒီမှာဆိုတော့ စိတ်ချပါတယ်တဲ့ . . . "

www.foreverspace.com.mm

တော်ပါသေးရဲ့ . . ပြန်ခေါ်သွားလို့ကတော့ ဘာဆက်လုပ်ရမှန်း မသိတော့ဘူး . . ထမင်းပြန်စားမယ်လုပ်တော့ . . တင်အောင်က ပြန်ထိုင်လိုက်ပြီး နှစ်ကိုယ်ကြားလေသံနဲ့ . .

"သူ့မှာ သဘောတူထားတဲ့လူ ရှိတယ်တဲ့ . . နာမည်က မြင့်ဆောင်တဲ့ . . . သဘော်သား . . . "

နင်သွားတယ် . . နင်တာမှတော်တော်လေးကို နင်တာ . . ထမင်းမဟုတ်ဘူး . . လေနင်သွားတာ . . ထမင်းပန်းကန်ကို ကပျာကယာချ . . သောက်ရေအိုးစင်ကိုပြေးပြီး ရေတစ်ခွက် သောက်ချလိုက်ရတယ် . . . ။

"ဟဲ့ . . မောင်တင်အောင် . . အကြမ်းပန်းကန်လုံးဖြစ် နေပြီလား . .

"လာပြီ . . အဘွား . . လာပြီ . . ဒေဝဒတ်ကို ရှင်းပြနေရလို့ . . "

"ဘာကွ . . ဂလောက် . . . ဂလောက် . . . "

သောက်ရေအိုးအဖုံးနဲ့လှမ်းပစ်လိုက်တယ် . . အမေက အနားရောက်လာပြီး . . .

"အကြည်ကျော် . . မင်းက အကြီးလေ . . ဘာဖြစ်ဖြစ် ကိုယ်ထက်ငယ်တဲ့လူတွေ . . ပြောပြ . . ဆုံးမရမှာ . . ခုကြည့် စမ်း . . ဒါ တစ်အိမ်လုံးသောက်တဲ့ရေအိုး . . ဘုရားသောက် တော်ရေကပ်တယ် . . လူတွေသောက်တယ် . . အဲဒီကရေနဲ့ လက်မဆေးရဘူး . . ရေနွေးမတည်ရဘူး . . ထမင်းမချက်ရဘူး ဆိုတဲ့ အသိတရား . . သားမှာမရှိဘူး . . သိတတ် နားလည်တဲ့ အရွယ်ရောက်နေပါပြီကွယ် . . "

အချစ်တည်းဟူသော အမှောင်တရားက အကြည်ကျော် ကို ဖုံးလွှမ်းသွားပါပြီ . . ဘာဆို ဘာမှနားလည်နိုင်စွမ်း မရှိတော့။



www.foreverspace.com.mm

## အခန်းစဉ် (၁၀)

ထုံးစံအတိုင်း အမေ့ရဲ့ရင်ခွင်ထဲက ထမယ်အလုပ် . . အမေ့ရဲ့လက်တစ်ဖက်က ကျွန်တော့်ရဲ့လည်ပင်းကို သိုင်းဖက်လိုက်ပြီး . . .

“မသွားပါနဲ့ သားရယ် . . မနက်စောစော အမေ့ကို ဈေးပို့ပေးရဦးမယ် . . ပြီးတော့ (၆)လပတ်စာမေးပွဲလည်း ဖြေရမယ်လေ . . ”

အမေ ဘာတွေပြောနေပါလိမ့်ဆိုပြီး ကြည့်လိုက်တော့ မျက်လုံးက မဖွင့်ဘူး . . တစ်ဖက်စောင်းအိပ်နေပေမယ့် ငါ့သား ဘာလုပ်တယ်ဆိုတာ အမေသိတယ်ဆိုတဲ့ ပုံစံမျိုး . . .

“သားဟာ သားဦး . . ပြီးတော့ ကျောင်းသား . . ရှေ့က ဖြောင့်ဖြောင့်သွားမှ နောက်မှ ညီလေး၊ ညီမလေးတွေကလည်း ဖြောင့်တော့မပေါ့ . . အိမ်ထောင်ပြုရမယ့်အရွယ်ရောက်ရင် ပြု ကိုပြုရမှာ . . အမေ မတားပါဘူး . . ခုဟာက သားရော၊ ကောင်မလေးပါ အရမ်းငယ်ပါသေးတယ် . . သူများ သားပျိုသမီးပျိုလေး

ကို အိမ်ထောင်ရေးဆိုတဲ့ ဒုက္ခတောထဲ ဆွဲမသွင်းသင့်သေးပါဘူး . . သားရယ် . . ကဲ . . သွားချင်လည်း သွားတော့ . . အမေက မနက်စျေးရောင်းဖို့ အားမွေးရဦးမှာ . . . ”

အမေ့ရဲ့လက်တဖြည်းဖြည်းနဲ့လျှောကျသွားတယ် . . ထမယ်လို့ပြင်နေတဲ့ကျွန်တော်ဟာ မထဖြစ်တော့ပါဘူး . . အမေ့ကိုတစ်လှည့် . . အိပ်နေတဲ့ ညီတွေ၊ ညီမလေးတွေကို တစ်ဖက်လှည့်ကြည့်လိုက်မိတယ် . . ဝါကျင့်ကျင့်မီးရောင်အောက်က အဖေ့ဓာတ်ပုံကို အမှတ်မထင်ကြည့်လိုက်မိတော့ . . . .

“ငါ . . မင်းတို့မိသားစုအတွက် ဟိုးအဝေးကြီးဆိုတဲ့ ဒေသတွေမှာ နေပူမရှောင် မိုးရွာမရှောင် စီးပွားသွားရှာနေပါတယ်ကွာ . . ငါ့အတွက် စိတ်ပူပေးစမ်းပါ . . မင်းတို့တွေအတွက်လည်း ငါ အဝေးက မေတ္တာပို့ပေးနေပါတယ်”

လို့ . . ပြောနေသယောင် . . မျက်လုံးစုံပိတ်ပြီး ပြန်အိပ်ဖို့ ကြိုးစားလိုက်တယ် . . အဲဒီအချိန်မှာပဲ အမေ့ဆီက အသံတချို့ကြားလိုက်ရတယ် . . ဘာသံပါလိမ့် . . သေသေချာချာနားထောင်လိုက်တော့ အမေ့ရဲ့ကြိတ်ပြီးငိုနေတဲ့ အသံ . . အမေ . . အမေ ဘာဖြစ်လို့ငိုနေရတာလဲဗျာ . . သား လိမ္မာအောင် ကြိုးစားနေထိုင်ပါ့မယ် . . အမေဖြစ်ချင်တာ . . အမေမြင်ချင်တာ . . အရာရာ အားလုံးကို ကျွန်တော် ကြိုးစားပါ့မယ် . . ကြိုးစားပါ့မယ် . . . ။



www.foreverspace.com.mm

# အခန်းစဉ် (၁၁)

'ဒန့်ကျဲပင် ပုခက်ဆင်'

တဲ့ငယ်ငယ်ရွယ်ရွယ်တွေနဲ့ အိမ်ထောင်ပြု သားမွေးကြတော့ လူကြီးသူမတွေက ပြောတဲ့စကား။

အမေ့စကားနားထောင်သော်ငြားလည်း နေ့စဉ်တွေ့မြင်နေရတော့ ဘယ်လိုနည်းနဲ့မှ ကျွန်တော် အဲဒီနွံထဲက ရုန်းကန်ပြီး မထွက်နိုင်တော့ဘူး . . ကျွန်တော် နုငယ်နဲ့ လက်ထပ်ဖြစ်လိုက်တယ် . . ရွှေမင်းသမီး . . မင်္ဂလာညှော်ခံခန်းမမှာ ငယ်ရွယ်သူဆိုတော့ အရာရာဟာ ပျော်ရွှင်စရာကြီး ဖြစ်နေတယ် . .

မင်္ဂလာပွဲပြီးတော့ ထုံးစံအတိုင်း သောက်မယ် စားမယ်ပေါ့ . . သတို့သမီးကို ဆိုက်ကားနဲ့ပြန်ခိုင်းလိုက်တယ် . . ကျွန်တော်တို့အုပ်စုက သောက်စားပြီးကျန်ခဲ့တယ် . . မှူးလာတော့ ကျောင်းတုန်းကအတိုင်း . . ပဒုမ္မာကွင်းထဲက ပုဏ္ဏရိတ်ပင်တွေကို ကျော်ကျော်ပြီး ဒိုင်ဗင်ပစ်ကြတာ . . တဟီးဟီး တဟားဟားနဲ့ . . .

ဒီနေ့ဟာ ငါ လူပျိုမဟုတ်တော့ဘူး . . ငါ ကျောင်းသား

မဟုတ်တော့ဘူး . . ငါ့မိဘရင်ခွင်က ရုန်းထွက်လိုက်ပြီး မကြာခင် ငါကလေးအဖေရာထူးကို ရယူတော့မယ်ဆိုတဲ့အသိစိတ် လုံးဝမရှိဘူး . . ဘယ်လိုစီးပွားရှာရမယ်ဆိုတာလည်း ခေါင်းထဲမှာ မရှိဘူး . . အပျော်ဆိုတာပဲ သိတယ် . . ရှိတယ် . .

ညဥ့်တော်တော်နက်မှ အိမ်ပြန်ရောက်တယ် . . နုငယ်က ထောင့်လေးတစ်ထောင့်မှာ ငုတ်တုတ်လေး . . သူ့ခမျာ . . ထမင်းတောင်မစားရသေးဘူးနဲ့ တူပါတယ် . . . ဟုတ်တာပေါ့ . . သူ အားငယ်နေမှာ အမှန်ပဲ . . ဘာဖြစ်လို့လဲဆိုတော့ သူ့မိဘ အသိုင်းအဝိုင်းဘက်က တစ်ယောက်ဆိုတစ်ယောက်မှ မလာကြဘူး . . . ။

ငယ်လို့ သဘောမတူနိုင်ဘူးတဲ့ . . ကျွန်တော့်ဘက်က လည်း ထိုနည်းလည်းကောင်း အမေကတော့ လက်လျှော့လိုက်တဲ့ ပုံစံနဲ့ စကားလည်းမပြောဘူး . . တစ်ယောက်တည်းထိုင်ပြီး တွေဝေငေးမောနေတယ် . . ထမင်းအိုး၊ ဟင်းအိုးတွေ လှန်ကြည့်လိုက်တော့ . . ဘာမှ မရှိတော့ဘူး . . . အငယ်ကောင်တွေ တီးလိုက်ပြီနဲ့ တူပါတယ် . . အဲဒီမှာ အိမ်ထောင်သည်ရဲ့ဘဝ အတွေ့အကြုံ စတာပဲ . . . ။

"နုငယ် ခဏနော် . . အဘွားတို့ဆီမှာ ထမင်းသွားယူလိုက်ဦးမယ် . . . "

"မယူပါနဲ့တော့ အစ်ကိုရယ် . . နုငယ် မစားတော့ပါဘူး . . အစ်ကိုသာ စားချင်စားလေ . . . "

သူ့မျက်နှာလေးကိုကြည့်လိုက်တော့ တစ်စုံတစ်ခုကို ကြောက်နေတာလား . . အားငယ်နေတာလားဆိုတာ ကျွန်တော် မဝေခွဲတတ်ဘူး . . ဘာလို့လဲဆိုတော့ ကျွန်တော်ကိုယ်၌က ဘာမှ

www.foreverspace.com.mm

မသိ ဘာမှ ပြင်ဆင်ထားခြင်းမရှိလို့ပါပဲ . . ထမင်းသွားယူလိုက်ပြီး ဆီနဲ့မြေပဲဆံလှော်နဲ့ရောနယ်ပြီး သူတစ်လုပ်၊ ကိုယ်တစ်လုပ် ခွံ့ကျွေးပြီး ကြည်နူးနေလိုက်တာ . . . ။

"အစ်ကို . . နုငယ်ကို တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"ဘာဖြစ်လို့ မေးတာလဲ နုငယ် . . . "

"ဟို . . ဟိုလေ . . . စိတ်မဆိုးရဘူးနော် . . အစ်ကို့ညီမဘေဘီကပြောတယ် . . ကျောင်းမှာ လူဆိုးတဲ့ . . ရန်လည်း ခဏခဏဖြစ်တယ် . . ရည်းစားတွေကလည်း အများကြီးပဲတဲ့ . . "

"ဟား ဟား . . ဟုတ်တယ်လေ . . မှန်တာပေါ့ . . ဒါပေမယ့် ဒီနေ့ဟာ . . ဘာနေ့လဲ . . နုငယ်နဲ့အစ်ကို ယူလိုက်ပြီလေ . . အဲဒါ တကယ်ချစ်လို့ပေါ့ နုငယ်ရဲ့ . . . "

"အဟမ်း . . အဟမ်း . . အဟွတ် . . အဟွတ်"

အခန်းထဲက အမေ့ရဲ့ချောင်းဆိုးသံထွက်လာတော့မှ နာရီကိုကြည့်လိုက်မိတယ်။ သုံးနာရီကျော်စပြုနေပြီ . . ဟုတ်သားပဲ . . မနက်ကျောင်းတက်မှာနဲ့ ဈေးဗန်းလိုက်ပို့ပေးရမှာနဲ့ . . မဖြစ်သေးပါဘူး . . အိပ်မှပဲ . . ဟာ . . အိပ်တာက ဟုတ်ပါပြီ . . ဘယ်လိုအိပ်ရမှာလဲ . . ခြင်ထောင်မရှိ၊ ဖျာမရှိ၊ ခေါင်းအုံးမလောက်မငှနဲ့ . . .

"နုငယ် . . . ညီမလေးဘေးမှာဝင်အိပ်နော် . . အစ်ကို ကဒီဘက်အစွန်ဆုံးမှာ အိပ်မယ် . . နောက်နေ့ကျမှ ခေါင်းအုံး၊ စောင်၊ ဖျာ လိုတာတွေ သွားဝယ်မယ် . . ဟုတ်လား . . "

ပြောသာပြောရတယ် . . ဘယ်ပိုက်ဆံနဲ့ဝယ်မှာလဲ . . ကိုယ်တောင်မိဘဆီက လက်ဝါးဖြန့်နေရတဲ့ဉစ္စာ . . ဟယ် . . တတ်နိုင်ပါဘူး . . နောက်နေ့ကျမှ နောက်နေ့စဉ်းစားတော့မယ်

www.foreverspace.com.mm



. . ခြင်ထောင်တစ်လုံးထဲမှာ စုပေါင်းအိပ်တော့ . . အနံ့အသက်တွေက တစ်မျိုးပြီးတစ်မျိုး . .


အကြည်ကျော်က မှုးနေတော့ ခေါင်းအုံးနဲ့ခေါင်း ထိလိုက်တာနဲ့ ခလောပြီပေါ့ . . နုငယ်သာ မအိပ်တတ်လို့ ငုတ်တုတ်လေးထိုင်ကြည့်နေတယ် . . အငယ်ကောင်နီတာရဲ့ဖင်ကလည်း တဖွတ်ဖွတ်နဲ့ လည်လိုက်တဲ့လေ . . . ။

“ဟဲ့ ကောင်မလေး . . အိပ်တော့လေ . . အဲဒီ့မှာ ကျပ်နေရင် . . ဒီလာခဲ့ . . ”

“ဟုတ်ကဲ့ . . ရပါတယ်ရှင် . . မကျပ်ပါဘူး . . . ”

လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်လိုက်တော့ ငုတ်တုတ်ထိုင်နေတာကို တွေ့လိုက်ရတော့ အမေကလှမ်းပြောလိုက်တယ် . . နုငယ်က ကမန်းကတန်းလှဲချပစ်လိုက်တယ်။

အမေ့ကိုတော်တော်လေးကြောက်နေပုံရတယ် . . . ကဲ . . အကြည်ကျော်နဲ့နုငယ်တို့ရဲ့ ရည်းစားဦးဘဝကို ကျော်လွှန်လိုက်ပါပြီ . . အိမ်ထောင်သည်ရဲ့ဘဝ ကတ်တလောက်ကိုဆက် ပြီး ဖွင့်လိုက်ကြရအောင်လားဗျာ . . နော် . . . .



www.foreverspace.com.mm

## အခန်းစဉ် (၁၂)

"ဟဲ့ . . မ,မနဲ့လေ . . ရတယ် . . ငါ့ဘာသာငါ ရွက်ပါ့မယ်အေ . . တော်ကြာ ညည်းယောက်ျားက ငါ့ကိုပြောနေပါဦးမယ် . ."

ညည်းယောက်ျားတဲ့လား . . ရှက်လိုက်တာ . . ဘယ်လိုစကားအသုံးအနှုန်းကြီးလဲ . . နုငယ်ဆိုတဲ့ ကောင်မလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်သည်ဆိုတဲ့ ဘဝဒုက္ခဆိုးကြီးကို ဝယ်ယူလိုက်တာကိုး . . ဒီတော့ ခုနက စကားဟာ အဆန်းကြီး . . နားရှက်စရာကြီးပေါ့ . . .

အမေ့ရဲ့စကားသံကြောင့် လန့်နိုးသွားတယ်။ ကပျာကယာအိပ်ရာထလိုက်ပြီး မျက်နှာသစ်၊ ပုဆိုးနဲ့ မျက်နှာသုတ်ပြီး ဈေးဗန်းကို မ,မယ်လုပ်တော့ . . အမေက လက်လှမ်းတားလိုက်တယ်။

"နေ . . နေ . . အမေ့ဘာသာ အမေလုပ်မယ် . . ဒီနေ့ကစပြီး မင်းဝင်လုပ်စရာမလိုတော့ဘူး . . ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ အိမ်ထောင်သည်ဖြစ်သွားပြီ . . ငါ့ရင်ခွင်ထဲက ထွက်သွား

သလို . . ငါတို့မိသားစုထဲက ဖဲ့ထွက်သွားပြီဖြစ်လို့ . . ဘာမှလုပ်ပေးစရာမလိုတော့ဘူး . . ဟိုကောင် တင်အောင် ထ, သွားမယ်”

တိမ်ဝင်သွားပြီး . . ငိုသံပါရောစွက်နေတဲ့ စကားလုံးတွေနဲ့ပြောပြီး အမေ ဈေးဗန်းရွက်ထွက်သွားသလို အငယ်ကောင်က တောင်းစုတ်ကြီးထမ်းသွားတယ် . . အမေပြောတဲ့စကား နားမလည်ဘူး . . နားလည်တာ တစ်ခုကတော့ ဝမ်းနည်းသလိုမျိုးကြီး ခံစားရတာတစ်ခုပဲ . . နုငယ်ကိုလှမ်းကြည့်လိုက်တော့ ငုတ်တုတ်လေး . . မျက်ရည်လည်နေတဲ့ မျက်လုံးလေး ကလယ်ကလယ်ရယ် . . အနားသွားပြီး ပခုံးလေးနှစ်ဖက်ကို အားပေးတဲ့သဘောမျိုးနဲ့ ဖက်လိုက်ပြီး . . . .

“မျက်နှာသစ်ပြီးသွားပြီလား . . . အစ်ကို ဆန်ဆေးလိုက်ဦးမယ် . . ထမင်းအိုးတည်ခဲ့ပေးမယ်နော် . . ဟင်းက အမေပြန်လာမှ ချက်လိမ့်မယ် . . ဩော် . . မနေ့က လက်ဖွဲ့တဲ့ပစ္စည်းတွေရော ကြည့်ပြီးပြီလား . . ဘာတွေလဲဆိုတာ သွားဖွင့်ကြည့်လိုက်ဦးလေ . . သွား . . သွား . . . ”

နုငယ် အခန်းထဲဝင်သွားတော့ ဆန်အိုးထဲက ဆန်နို့ဆီဗူး ခြောက်လုံး ချင်ထည့်လိုက်တယ် . . ပြီးတော့မှ နုငယ်ကိုသတိရသွားပြီး နောက်တစ်ဗူး ထပ်ချင်ထည့်လိုက်တယ် . . မီးမွှေးနေတုန်း ဆန်ဆေးလိုက်တယ် . . . ။

“ဟိုကောင် နီတာ . . ယပ်တောင်နဲ့ယပ်ခိုင်းလိုက်လေ . . ဒါမှ မီးမြန်မြန်တောက်မှာပေါ့ကွ . . ထမင်းတော့ စားတတ်တယ် . . အလုပ်ကျတော့ ဘာမှမလုပ်တတ်ဘူး . . . ”

“ဒန်အိုးနှစ်လုံး . . ဖန်ခွက်ခြောက်လုံး၊ ပန်းကန်ပြားခြောက်ချပ် . . . အင်္ကျီပိတ်စ . . စီဝိုင်စီအသားလေး၊ ငွေက သုံး

www.foreverspace.com.mm

ထောင်၊ ငရုတ်ကျည်ပွေ့တစ်ခု၊ အနှီးပိတ်စ . . ဟာ . . ဘာတွေလဲ . . နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး ရယ်လိုက်ကြတယ်။

ဒါတွေအားလုံးက အမေ့ကိုပေးရမှာ . . အမေစိုက်ပြီး မင်္ဂလာဆောင်ပေးထားတာရယ် . . နုငယ်ရဲ့နားကပ်လေး ပေါင်ထားတာ ပြန်ရွေးရဦးမယ် . . .

“အစ်ကို ကျောင်းတက်ရဦးမယ်လေ . . ထမင်းအိုးတည်ထားခဲ့တော့ . . နုငယ် ဆက်လုပ်ထားလိုက်မယ် . . . ဩော် . . မုန့်ဖိုး ယူသွားဦးလေ . . .”

“ရတယ် . . နုငယ် . . နုငယ်ဘာသာ တစ်ခုခုဝယ်စားထားလိုက် . . ဟုတ်ပြီလား . . .”

တစ်ယောက်ပြီးတစ်ယောက် ကျောင်းတက်ကုန်ပြီ . . နုငယ်တစ်ယောက်တည်း ထမင်းအိုးတစ်လုံးနဲ့ အလုပ်ရှုပ်နေတယ်။

“သမီး . . .”

အင်မတန်မှ ကြင်နာသော၊ ယုယသော၊ သိမ်မွေ့သော လေသံလေးကြောင့် ကျောပေးနေရာမှ လှည့်ကြည့်လိုက်တော့ . .

“ဟင် . . အဖေ . . .”

အိုးမည်းတွေပေနေတဲ့မျက်နှာနဲ့ အဖေ့ရင်ခွင်ထဲပြေးဝင် ပြီး အားပါးတရငိုချလိုက်တယ်။ အဖေကတော့ နုငယ်ရဲ့ဆံပင်လေးတွေကို ပွတ်သပ်ပေးရင်း . . .

“မငိုပါနဲ့ သမီးရယ် . . အဖေ့ကိုခွင့်လွှတ်ပါ . . တစ်ချိန်မဟုတ်တစ်ချိန် သမီးပဲဖြစ်ဖြစ် သမီးရဲ့အစ်မပဲဖြစ်ဖြစ် . . အဖေပဲဖြစ်ဖြစ် . . မိသားစုနဲ့ခဏမဟုတ်တောင် ရာသက်ပန်ခွဲကြရဦးမှာပါ . . ခုဟာက ခဏတာခွဲတာမျိုး . . ဘယ်သူမပြုမိမိမှုတဲ့

. . သမီး ကျေနပ်လို့လုပ်လိုက်တဲ့ကိစ္စတစ်ခုအတွက်သမီးပေးဆပ်ရမှာပေါ့ . . မှုတ်ဘူးလား . . သမီး . . သမီးရဲ့ခင်ပွန်းသည်ရော . . ပြီးတော့ သူ့မိဘတွေရော . . . ”

“အစ်ကိုက ကျောင်းတက်နေပါတယ် အဖေ . . သူ့အဖေကခရီးထွက်နေတယ် . . အမေက ဈေးသွားရောင်းနေတယ်. . ”

“ဩော် . . ဟုတ်လား . . ကဲ . . ရော့ . . သမီးလေး သုံးဖို့ . . လိုအပ်တာရှိရင် ဖုန်းဆက်လိုက်နော် . . ခုချိန်ကစပြီး အိမ်ထောင်သည်ဘဝရဲ့ ချိုမြိန်တာ . . ခါးသီးတာတွေကို သမီးလေး လက်တွေ့မြင်ရတော့မှာပါ . . . ”

“ကဲ . . အဖေ သွားတော့မယ်နော် . . . ”

ထိုင်ကန်တော့နေတဲ့ နုငယ်ရဲ့မျက်နှာလေးကို ဖခင်ဖြစ်သူက ကြည့်ရင်း အမှတ်မထင် နုငယ်ရဲ့နားရွက်က နားကပ်လေးကို သတိထားလိုက်မိတယ်။ ပြီးတော့ လက်စွပ် . . လက်စွပ်ကတော့ ဝတ်မြဲတိုင်းဝတ်ထားတယ် . . ဒါဆို နားကပ်က . . .

နုငယ်က သူ့အဖေ ဘာကိုကြည့်နေတယ်ဆိုတာ သဘောပေါက်သွားပုံရတယ် . . ငိုနေတဲ့မျက်ရည်တွေကိုလက်ဖမိုးနဲ့ သုတ်လိုက်ပြီး . . .

“မနေ့က နားယားတာနဲ့ ခဏချွတ်ထားတာပါ . . အဖေ ပြန်တော့လေ . . တော်ကြာ ကားမမီဘဲနေလိမ့်မယ် . . ”

“အေးပါ သမီးရယ် . . သမီးသာ ကျန်းမာအောင်နေ . . အဖေတို့အိမ်မှာလို ဗိုလ်ကျလို့မရတော့ဘူးနော် . . ပြီးတော့ ကလေးလည်း မဟုတ်တော့ဘူး . . ”

အိမ်ရှေ့အထိ လိုက်ပို့ပေးလိုက်တယ် . . ဟယ် . . ခုမှ သတိရတယ် . . ထမင်းအိုးသွားပြီ . . သွားပြီ . . ဒီနေ့အဖို့ ဆန်

www.foreverspace.com.mm

ပြုတ်ပဲ . . ယောက္ခမကြီးလာရင်တော့ ဘယ့်နှယ် ရှင်းပြရပ . . သွားပြီ . . မိန်းကလေးဖြစ်ပြီး ထမင်းအိုးလေးတစ်အိုးတောင် ဖြောင့်အောင် မချက်တတ်ဘူးလားလို့ မြင်ရင်တော့ ဒုက္ခပါပဲ . . နဂိုကမှ ငိုချင်နေရတဲ့ကြားထဲ . . .

စိတ်ရှိလက်ရှိ ငိုချပစ်လိုက်တယ် . . မှတ်ကရော . . မင်္ဂလာဦးညကတည်းက ငိုရတဲ့အငို ဘယ်တော့များမှ အဆုံးသတ်မှာပါလိမ့်။



www.foreverspace.com.mm

## အခန်းစဉ် (၁၃)

အိမ်ထောင်သည်ဘဝရောက်နေသော်လည်း အကြည်ကျော်ကတော့ ညဉ့်နက်သန်းခေါင် သွားမြဲ လာမြဲ စားမြဲ သောက်မြဲ အပေါင်းအသင်းတွေနဲ့တစ်တွဲတွဲ။

နုငယ်ကတော့ တစ်ဖြည်းဖြည်းနဲ့ ကိုယ်ဝန်အရင့်အမာကြီးနဲ့ အကြည်ကျော့်ညီတွေ ညီမတွေရဲ့ အဝတ်အစားကအစ လျှော်ဖွပ်ပေးနေရတယ် . . ထမင်းဟင်း ဝိုင်းချက် . . စားတော့ နောက်ဆုံးအကြွင်းအကျန်လေးတွေနဲ့ နှစ်သိမ့်ခဲ့ရတယ် . .

ည,ည အကြည်ကျော် မသိအောင် ခေါင်းအုံးလေးကို ဖက်ဖက်ပြီး ကြိတ်ငိုခဲ့ရတဲ့ရက်တွေ၊ လတွေလည်း မနည်းတော့ ဖွင့်ပြောရင် ယောကျ်ားဖြစ်သူ စိတ်ဆင်းရဲမှာစိုးလို့။ နုငယ်ရင်ထဲမှာ အမှတ်တရဖြစ်ရဆုံးသော နေ့တစ်နေ့ပေါ့ . . . ။

“အစ်ကို . . နုငယ်နဲ့ဆင်တူချုပ်မယ်ဆိုတဲ့ စီဝိုင်စီပိတ်စလေးရော . .”

“မသိဘူးလေ . . နုငယ်ပဲ သိမ်းတဲ့ဥစ္စာ . . ပြန်ရှာ

www.foreverspace.com.mm

ကြည့်ပါဦး . . . ”

“ငါးကြင်းကွက်လေးတွေလေ . . မှတ်မိလား . . မင်္ဂလာဆောင်တုန်းက လက်ဖွဲ့ရထားတဲ့ဥစ္စာ . . . . ”

“ဟုတ်ပါတယ် . . နုငယ်ရယ် . . . ”

ထမင်းစားနေတဲ့ အကြည်ကျော်ရဲ့ညီမအငယ်ဆုံးက ဘာမသိ ညာမသိနဲ့ဝင်ပြောလိုက်တယ်။

“ဟိုနေ့ကအမေ . . သွားပေါင်လိုက်တယ် . . စျေးရင်းဖို့မရှိလို့တဲ့ . . . ”

ရင်ထဲကို မီးစကြီးနဲ့ထိုးလိုက်သလိုမျိုး နုငယ်ခံစားလိုက်ရတယ် . . ရက်စက်လိုက်တာ . . အမြတ်တနိုးနဲ့သိမ်းထားတာလေးမှ . . ယောက္ခမပီပီ . . လုပ်ရက်လေခြင်း . . အကြည်ကျော်ကို လှမ်းကြည့်လိုက်တော့ . . ဘာမှမဖြစ်သလိုမျိုး . . . .

“သူ ပြန်ရွေးပေးပါလိမ့်မယ် နုငယ်ရယ် . . ”

တဲ့ နားကပ်တောင် ပြန်မရွေးပေးလို့ အဆုံးခံလိုက်ရပြီးပြီ . . အေးလေ . . ကိုယ့်ယောကျ်ားအလုပ်အကိုင်မှ မယ်မယ်ရရမရှိတာ . . သူစျေးရောင်းကျွေးနေတဲ့ ထမင်းကိုစားနေမှတော့ ဘာပြန်ပြောလို့ရမှာလဲ . . .

“မမငယ် . . ထမင်းထည့်ပေးပါဦး . . . ”

“ဪ . . အေး အေး . . ”

ထမင်းထည့်ပေးဖို့ လှမ်းအယူ . . အား . . လား လားနာလိုက်တာ . . ဗိုက်က ဘယ်လိုနာမှန်းကို မသိဘူး . . မခံနိုင်လောက်အောင်ကို နာတာ . . .

“အစ်ကို . . အစ်ကို . . . ”

“ဟင် . . နုငယ် . . ဘာဖြစ်တာလဲ . . . ”

“ဗိုက် . . ဗိုက် . . နာတယ် . . . ”

www.foreverspace.com.mm

"ဘာတွေ သွားစားမိလို့လဲကွာ . . . ဒုက္ခပါပဲ . ."

ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့ ဘာလုပ်လို့လုပ်ရမှန်း မသိဘူး . . နုငယ်ရဲ့မျက်နှာလေးက တဖြည်းဖြည်းနဲ့ ဖြူလျော်လာတယ် . . ပြဿနာပဲ . . အဘွားပြေးခေါ်တော့ . . .

"ဟဲ ဟဲ . . ဆေးရုံပို့ . . ဆေးရုံပို့ . . မွေးတော့မယ် . . အကြည်ကျော် ကားသွားငှား . . . ."

"ရထားနဲ့သွားမယ်လေ . . အဘွားရဲ့ . . ."

"ဟဲ့ . . ရထားနဲ့သွားတော့ . . ရထားပေါ်မှာ ထွက်ကျကုန်မှာပေါ့ . . သေနာရဲ့ . . မြန်မြန် ကားသွားငှားစမ်းပါ . . မြေးမလေး . . ဘာမှမကြောက်နဲ့ . . အဘွားရှိတယ် . . ဟိုကောင်နီတာ . . ဆွဲခြင်းထဲ အဝတ်အစားတွေ၊ စောင်တွေထည့်"

ကိုယ်ဝန်စရှိထဲက စားချင်တာမစားရ၊ သောက်ချင်တာမသောက်ရတော့ တဖြည်းဖြည်းနဲ့ ပိန်လှီလာတယ် . . ပထမဦးဆုံးသော သားဦး၊ အသက်အရွယ် ငယ်ရွယ်မှု၊ အတွေ့အကြုံနည်းပါးမှု၊ အာဟာရချို့ယွင်းမှုတွေကြောင့် နုငယ် သတိလစ်ချင်သလိုဖြစ်လာတယ် . . အဘွားရဲ့ထဘီစကို ဆုပ်နယ်ထားလိုက်တယ် . . အဘွားကလည်း ရွတ်လိုက်ရတဲ့ ဘုရားဂါထာတော်တွေ . . .

"ကားရပြီ . . ဘယ်ကို တင်ရမှာလဲ အဘွား . . ."

"ဟဲ့ . . ကလေးမွေးမယ့်ဥစ္စာ . . အမျိုးသမီးဆေးရုံကြီးပေါ့ . . . ဒုက္ခပါပဲ . . ဘာမသိ ညာမသိနဲ့ အိမ်ထောင်ပြုကြတဲ့ဟာတွေ . . ."

ဝရုန်းသုန်းကား ပြုတ်စဗျင်းတောင်းနဲ့ နုငယ်ကိုပွေ့တင်ပြီး ကားက မောင်းထွက်သွားတော့မှ ဘွားအေဖြစ်သူက . . .

"ဘုရား . . ဘုရား . . ကလေးမလေး ချောချောမောမောမွေးဖွားနိုင်ပါစေ . . ."



www.foreverspace.com.mm

## အခန်းစဉ် (၁၄)

၃၀. ၈. ၇၇၊ (၁၃၃၉)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် တစ် ရက်၊ နံနက်ပိုင်း (၁၂)နာရီတိတိ၊ အင်္ဂါနေ့မှာဖြင့် အကြည်ကျော် နဲ့နုငယ်တို့ရဲ့ ရည်းစားဦးဘဝကိုကျော်ဖြတ်ကာ သားဦးရတနာကို အောင်မြင်စွာနဲ့ မွေးဖွားလို့ ပြီးမြောက်သွားပါပြီ . . . ။

"မနုငယ်ရဲ့ အမျိုးသားက . . . "

"ကျွန်တော်ပါ . . . "

"မနုငယ်က သားဦးဆိုတော့ ညှပ်ရိုးကျဉ်းတယ် . . မွေးဖွားရတာတော်တော်ခက်ပါတယ် . . ပြီးတော့ အားလည်း အရမ်း နည်းနေတယ် . . ကျွန်မတို့ပုလင်းချိတ်ရလိမ့်မယ် . . ကျွန်မ ဆေး စာရေးပေးလိုက်မယ် . . လိုအပ်တာတွေ သွားဝယ်လိုက်ပါ . . "

မနုငယ်ကတော့ မှိန်းလို့နေသည်။ လူကြီးရော၊ ကလေးပါ ကျန်းမာရေးကောင်းသဖြင့် အနည်းငယ်စိတ်ချမ်းသာသွားသည်။ အကြည်ကျော် ထွက်မယ်အလုပ် . . . .

"ဩော် . . ခဏ . . ရှင် အမျိုးသမီးက နို့မထွက်ဘူး

. . ဒီတော့ နက်ဖြန်ဆေးရုံလာရင် နွားမြီးကို ဟင်းချိုချက်တိုက်လိုက်ပါ . . ပြီးတော့ ဘေးကလူနာတွေကိုလည်း မေးမြန်းပေါ့ . . ဘယ်လိုနည်းတွေနဲ့ ထွက်အောင်လုပ်ရမှာလဲဆိုတာ . . ”

“ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ”

သူပြောလိုက်ရင် ပြီးတဲ့ဥစ္စာ . . ပတ်ဝန်းကျင်ကို မေးခိုင်းနေကြသေးတယ် . . ဘယ်က ဘယ်လိုသတင်းကြားသွားတယ် မသိပါဘူး . . နုငယ်ရဲ့အစ်မရောက်လာတယ် . . သူ့လက်ထဲမှာလည်း တစ်ပွေ့တစ်ပိုက်နဲ့ ဘာတွေဝယ်လာတယ် မသိဘူး . . .

ဟား . . ကလေးအဖေဖြစ်ပြီ . . အကြည်ကျော်ရဲ့ကိုယ်ပွားလေး ရပြီကွ . . နာမည်ဘယ်လိုပေးရမလဲ . . အခုနေတော့ ဘယ်သူနဲ့မှ သိပ်မတူသေးဘူး . . နီတာရဲလေး . . အဲ နှာတံကတော့ အကြည်ကျော်နဲ့ခပ်ဆင်ဆင် တစ်ယောက်တည်းပြုံးလိုက်၊ ရယ်လိုက်နဲ့ မွေးတဲ့နေ့ကလည်း အစိုးရိမ်လွန်ပြီး . .

လူနာတင်တဲ့ တွန်းလှည်းနောက်က လိုက်သွားလိုက်တာ မွေးခန်းထဲအထိ . . တာဝန်ကျနာ့စ်တွေ ဟောက်လွှတ်တော့မှ သတိရပြီး အပြင်မှာ ငုတ်တုတ်ထိုင်စောင့်နေလိုက်ရတယ် . . ပြီးတော့ လိုအပ်ရင် ခွဲစိပ်ဖို့ လက်မှတ်ထိုးပေးပါတဲ့ . . ရင်တုန်စရာကောင်းလိုက်တာ . .

တော်တော်လေးကြာတော့ ကလေးငိုသံသဲ့သဲ့လေး ကြားလိုက်ရတယ် . . နုငယ်ရဲ့အော်သံတော့ မကြားရတော့ဘူး . . အရမ်းစိုးရိမ်သွားတယ် . . .

“မနုငယ်အိမ်က လူတွေရှိပါသလား . . ”

“ဗျာ . . . ရှိ . . ရှိပါတယ် . . ကျွန်တော် . . ကျွန်တော် သူ့ယောက်ျားပါ . . . ”

www.foreverspace.com.mm

"ယောက်ျားလေးမွေးတယ် . . ကလေးရော လူကြီးပါ ကျန်းမာပါတယ်ရှင် . . ."

"ဟား . ."

ခုမှပဲ အသက်ဝအောင်ရှူလိုက်ရတယ် . . ။

အမေတို့၊ အဘွားတို့သိရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ . . လမ်းသွားရင်းနဲ့တစ်စုံတစ်ရာကို သတိရလိုက်တယ် . . နက်ဖြန် နွားမြီးလား . . ငါးမြီးလားဝယ်ပြီး ဟင်းချိုချက်ရမယ်တဲ့ . . ပိုက်ဆံ . . ပိုက်ဆံ ဘယ်လိုလုပ်ရမလဲ . . အမေ့ဆီက တောင်းရပေါင်းလည်း များနေပြီ . .

ဒီတော့ ဘာလုပ်ရမလဲ . . ဟာ . . ဟုတ်ပြီ . . .

ကိုယ့်ဘာသာကိုယ် ညာလက်မောင်းကို အင်္ကျီလက်လှန်ပြီး ကြွက်သားတွေညှစ်ထုတ်လိုက်တယ် . . ဘာလဲကွ ယောက်ျားလေ . . ယောက်ျား . . သားဦးလေးအတွက် . . ရုန်းလိုက်စမ်း အကြည်ကျော်ရေ . . ရုန်းလိုက်စမ်းဟ . . . . ။



www.foreverspace.com.mm

## အခန်းစဉ် (၁၅)

တစ်သက်လုံးကမှ ပင်ပင်ပန်းပန်း ဘာမှလက်ကြောတင်းအောင် မလုပ်ခဲ့တဲ့အကြည်ကျော် ခုတော့ လက်တွေ့ . . လုပ်ရပြီ . . ကြည့်မြင်တိုင် သီရိမင်္ဂလာဈေးမှာ ငှက်ပျောထမ်းသမားဘဝရောက်သွားပြီ . .

ညပိုင်းနဲ့ညနေပိုင်း နယ်ကငှက်ပျောကုန်သည်တွေ သမ္ဗန်ဆိုက်ကပ်ချိန် သမ္ဗန်ထဲက ကုန်းပေါ်ကို ရှေ့နှစ်ခိုင် နောက်နှစ်ခိုင် အမှန်က . . နှစ်ခိုင်တည်း ထမ်းလို့ရတယ် . . လောဘကြီးပြီးလေးခိုင်ထမ်းတော့ ပိုထိတာပေါ့ . . .

တစ်ခိုင်ကို ငါးမူးရတယ်လေ . . ငှက်ပျောခိုင်က လူထက် ပိုရှည်တော့ မြေကြီးနဲ့မလွတ်ချင်ဘူး . . ဒီတော့ လက်နှစ်ဖက်ကို လက်မြှောက်ထားသလိုမျိုး နောက်ဘက်ကယှက်ပြီး ခေါင်းပေါ်တင်လိုက်တော့ နည်းနည်းမြေကြီးနဲ့လွတ်သွားတယ် . .

ရေတက်ချိန်ဆို သမ္ဗန်ပေါ်က ဘောတံတားပေါ် အသာလေး တက်သွားရုံပဲ . . ရေကျနေပြီဆို သေပြီသာမှတ် . . ဟို

www.foreverspace.com.mm

ရေစပ်နွံထဲ ရွှံ့ထဲကနေပြီး ကုန်းပေါ်ရုန်းတက်ရတာ မလွယ်ကြောပဲ . . ဒီကြားထဲ မမြင်ရတဲ့ နွံထဲရွှံ့ထဲက ပုလင်းကွဲ၊ သံပြား၊ သွပ်ပြားတွေက ရှိသေးတယ် . . မတတ်နိုင်ဘူးလေ . . မိသားစုအတွက်ပဲ . . မိဘခိုင်းရင် လုပ်ချင်မှလုပ်မှာ . . ခုတော့ လက်တွေ့မိဘနေရာရောက်သွားပြီဆိုတော့ အဟဲ . . ဘာခေါ်မလဲ . . အလှည့်ကျတော့ မန္တဲ့စတမ်းပေါ့ . .

အိမ်အတွက် ရေတောင်မခပ်တဲ့လူ . . ကုပ်သားတွေစုတ်ပြတ်ပြီး နီရဲနေတာပဲ . . လက်တွေ၊ ကိုယ်လုံးတွေမှာလည်း ငှက်ပျောအစေးတွေနဲ့ ဘယ်ဟာ ခြေသလုံး၊ ဘယ်ဟာပေါင် ခွဲခြားလို့မရတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေနဲ့ မနိုင်ဝန်ထမ်းနေတာကို ကြည့်ပြီး ကမ်းနားကလူတွေ တဟီးဟီး တဟားဟားနဲ့ ဘယ်သူတွေ ဘယ်လောက်ရယ်ရယ် အကြည်ကျော်က လုပ်နေကျအလုပ်မဟုတ်တာရယ် မဖမ်းတတ်တာရယ်ကြောင့် ငှက်ပျောခိုင်ရော လူပါ ရန်ကုန်လှိုင်မြစ်ထဲ ဝုန်းခနဲပေါ့ . . တော်ပါသေးရဲ့ . . ရေကျချိန်ဖြစ်နေလို့ . . . .

အလုပ်ပြီးတဲ့အချိန် ကမ်းနားစံပြငါးဈေးပြေး . . ငါးရဲ့အမြီးတွေ လိုက်ဝယ်တော့ လူထူးလူဆန်းကြီး ဖြစ်နေတယ် . . ဘယ်သူမှ မရောင်းဘူး . . အလကားပေးလိုက်တယ် . . အိမ်လည်းရောက်ရော ရေဆေး၊ . . တစ်ညလုံး ပြုတ်ထားလိုက်တယ် . . ပြီးတော့ မနက်ကိုဘာတွေယူရမယ်ဆိုတာ သေသေချာချာစဉ်းစား . . စာရွက်ပေါ်ချရေး . . ရေချိုး၊ ထမင်းစား၊ ဘုရားရှိခိုး . . အားပါး ကိုယ်တွေလက်တွေက နာလိုက်တာ . . မပြောပါနဲ့တော့ . . အမေကတော့ ဆေးပေါ့လိပ်လက်ကြားညှပ်ပြီး ခေါင်းတညိတ်ညိတ်နဲ့ ကြည့်လို့နေတယ် . . .



www.foreverspace.com.mm

## အခန်းစဉ် (၁၆)

ဗဟိုအမျိုးသမီး သားဖွားဆေးရုံမှာ အထူးသဖြင့် သားဖွားဆောင်၌ ပြောစမှတ်တစ်ခုတွင်သွားသည်။ အဲဒါကတော့ မိန်းမဖြစ်သူ နို့ထွက်စေဖို့ ယောကျ်ားဖြစ်သူ အကြည်ကျော်က ဟင်းခါးချက်လာသည်။ ချက်လာသည့် ဟင်းခါးကငါးမြီး . .

ငါးရဲ့အမြီးတွေဆိုမှတော့ မီးနေသည် ဘယ်လိုလုပ်သောက်လို့ရတော့မလဲ . . နဂိုကမှ မိဝေး၊ ဖဝေး၊ ဆွေမျိုးဝေးလို့ ယောကျ်ားဖြစ်သူကိုသာ အားကိုးနေရတဲ့ကြားထဲ . . အေးလေ . . ဘယ်လိုအပြစ်ပြောလို့ရမှာလဲ . . ဗူးသီးအမွေးသပ် . . . ကလေးလင်မယားက ကလေးပြန်မွေးတော့ ဘာမှမလုပ်တတ်မကိုင်တတ် . . .

"အစ်ကိုရယ် . . ဆရာမကပြောတာ နွားမြီးပါ . . ငါးမြီးမှတ်ပါဘူး . . နုငယ် အရိုးစူးပြီး သေလိမ့်မယ် . . . ကလေးကလည်း ညကတစ်ညလုံး နို့ဆာလို့ ငိုလိုက်တာ မပြောပါနဲ့တော့"

"ဟင် . . ဟုတ်လား . . ဒါဆို ဘယ်လိုလုပ်မလဲ . . "

ကမန်းကတန်း ဘေးကဘဝတူ . . လူတစ်ယောက်ကို

www.foreverspace.com.mm

စုံစမ်းလိုက်တော့ . . . လူကွယ်ရာ တစ်နေရာခေါ်သွားပြီး ယောကျ်ားဖြစ်သူက ကလေးကိုယ်စား ပြန်လုပ်ပေးလိုက်ပါတဲ့ . . . . အဲဒါနဲ့ ဇနီးဖြစ်သူကို တီးတိုး နှစ်ကိုယ်ကြားပြောပြတော့ . . သူ့မျက်နှာကြီးနီလာပြီး . . ခေါင်းခါခါ . . လက်ခါခါနဲ့ . . .

"ဟင့်အင်း . . ဟင့်အင်း . . မလုပ်ဘူး . . မလုပ်နဲ့ . . ရှက်စရာကြီး . . ."

"ကလေးအတွက်ပဲကွာ . . နုငယ်ရယ် . . သားလေးကို မသနားဘူးလား . . သူ့ခမျာ ဆာနေရှာမှာပေါ့ . . ."

အိပ်ပျော်နေတဲ့ ကလေးကို တွေတွေကြီးစိုက်ကြည့်နေတဲ့ အကြည်ကျော်ကို နုငယ်လှမ်းကြည့်လိုက်မိတယ် . . ဆံပင်ကြီးက ရှည်ပြီး တွန့်လိမ်ကောက်ကွေးလို့ မျက်တွင်းဟောက်ပက် . . . အဝတ်အစားက ချို့တဲ့ရတဲ့ကြားထဲ လျှော်ချိန်မရဘူးနဲ့တူပါတယ်။

သူဘာတွေလုပ်နေပါလိမ့် . . ကျောင်းကို မှန်မှန်တက်ရဲ့လား . . သူ့အမေနဲ့ရော အဆင်မပြေရဲ့လား . . ဆေးရုံစတက်က တည်းက နှစ်ဖက်မိဘဆွေမျိုးတွေ ဘယ်သူမှ လာမတွေ့ဘူး . . ကျွန်ဝယ်ရာအဆစ်ပါတာဆိုလို့ နုငယ်ရဲ့ အစ်မတစ်ယောက်နဲ့ အကြည်ကျော်ရဲ့သူငယ်ချင်း မြင့်အောင်သာ . . ဟိုဟာလာပို့ . . ဒီဟာလာပို့နဲ့ . . .။

ကလေးအတွက်ဆိုတော့ နုငယ်လက်လျှော့လိုက်တယ်။ ခုတင်ဘေးနားနှစ်ယောက်သားဆင်းပြီး နုငယ်က သူ့မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး အင်္ကျီကိုလှန်ပေးတယ် . . အကြည်ကျော်က လည်း ကတုန်ကရင်နဲ့လေးဘက်ကြီးထောက်ပြီး အဝှာပြုမယ့်ဆဲ ဆဲ . . .

"ဟဲ့ . . ဒီလင်မယားတွေ ဘာလုပ်နေကြတာတုံး . ."

တော်ဝင်မြို့မစာအုပ်တိုက်

ရှက်လိုက်တာ . . ကပျာကယာ အင်္ကျီဆွဲချပြီး မတ်တတ် ရပ်လိုက်တယ်။ အကြည်ကျော်ကတော့ ဟိုဟာရှာသလို ဒီဟာရှာ သလိုနဲ့ ခုတင်အောက်ကို တိုးဝင်နေတယ် . .

"ဟဲ့ . . ဟဲ့ . . ခုတင်အောက်ကို မဝင်နဲ့လေ . . မီးနေ သည် ခုတင်ဟဲ့ . . ဩော် . . ပြောမယ့်ဆိုမယ့်လူတွေ မရှိတော့ ဘာမှလည်း နားမလည်ကြဘူး . . ကလေး နေကောင်းရဲ့လား . . ရော့ . . ဟော့ဒီမှာ နွားမြီးဟင်းခါး ပူပူလေးသောက်လိုက်"

အစ်မကြီးအမိရာဆိုတဲ့ စကားအတိုင်း ပြောလည်းပြော သူ့ဟာသူ ပန်းကန်ယူ ချိုင့်ထဲက ဟင်းခါးပြောင်းထည့် ခွံ့မကျွေး ရုံတစ်မယ်ရယ် . . .

"အပူအစပ်တွေ စားလို့မရဘူးနော် . . ငါးကြော်ရယ်၊ ကြက်သားကြော်ရယ် ယူလာတယ် . . ပြီးတော့ စိတ်ကိုချမ်းသာ အောင်နေ . . ဘာမှမတွေးနဲ့ . . ညဘက် အိပ်ပျော်အောင်အိပ် . . ဒါမှ အားရှိမှာ . . စိတ်ညစ်သွားမယ် . . စိတ်ဆိုးမယ်ဆိုရင် နို့မထွက်တော့ဘူး . . နို့လည်သွားလိမ့်မယ် . . ကလေး ဒုက္ခ ရောက်သွားမယ် . . ဟုတ်ပြီလား . . အစ်မကြီးပြောတာ . . "

"ဟုတ်ကဲ့ . . . "

"ဟဲ့ . . အကြည်ကျော် . . ရေချိုးခန်းထဲမှာ လူရှင်းရင် ကလေးအနှီးတွေ သွားလျှော် . . မရှင်းရင် မဝင်နဲ့ . . အိမ်ကို ယူသွား . . ပြီးတော့ နောက်ရက်တွေကစပြီး မင်းဘာမှ မချက်လာ မပြုတ်လာနဲ့တော့ . . တော်ကြာ . . ငါ့ညီမ နို့မထွက်ဘဲ သွေးတိုး သွေးကျရောဂါတွေဖြစ်လာမယ် . . ဘယ့်နှယ်တော် . . နွားမြီးနဲ့ ငါးမြီး . . မှားစရာရှာလို့ . . မွေးလူနာဆောင်တစ်ခုလုံး မကြား ချင်မှ အဆုံး . . .

www.foreverspace.com.mm

“ရော့ . . ဒါက ကလေးအနှီး . . ကလေး . . အဝတ်အစားတွေ . . ဟောဒါက ညီမလေးသောက်ဖို့ . . အိုဗာတင်းနဲ့ မိုင်လို . . ဟဲ့ ကောင်လေး . . နုငယ်ရဲ့ထဘီနဲ့အဝတ်အစားတွေ . . ငါ့ထုတ်ပေးလိုက် . . နင်လျှော်လို့မရဘူး . . . ”

“ဟာ . . မဟုတ်တာပဲ . . ကျွန်တော့်မိန်းမဥစ္စာ . . ကျွန်တော့်ဘာသာ လျှော်ပါ့မယ် . . ”

“လျှာမရှည်နဲ့ . . နင် လျှော်လို့မရဘူးလို့ ပြောထားတယ်လေ . . ဘယ်နှနာရီထိုးပြီလဲ . . နင် ကျောင်းသွားရဦးမယ် မဟုတ်လား . . . ”

“ရတယ် အစ်မကြီး . . ကျွန်တော် ခွင့်တိုင်ထားတယ်”

နုငယ်ရဲ့အစ်မကြီးက ကျွန်တော့်ကို စေ့စေ့စပ်စပ်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ကာ . . .

“အင်း . . မိန်းမနဲ့ တက္ကသိုလ် ကျောင်းသားဆို . . နားကြားလို့တောင် ကောင်းသေးတယ် . . ပညာက ဟိုမရောက် ဒီမရောက် . . အသက်အရွယ်ကလည်း ဟိုမရောက် ဒီမရောက်နဲ့ နင်တို့နှစ်ယောက်အတွက်တော့ ရင်လေးပါသေးတယ် . . ဖြစ်သင့်တာကို ဦးစားမပေးဘဲ ဖြစ်ချင်တာကို ဦးစားပေးလိုက်တော့ . .

ကြားက ဘာမှမသိဘဲ လူ့လောကကြီးကို ရောက်လာတဲ့ ကလေးခမျာ . . ဒုက္ခပါပဲ . . ဒီကလေးကြီးကို ကျန်းမာဖို့၊ ကျောင်းထားဖို့၊ အဝတ်အစားဝတ်ဖို့ ဘယ်လိုလုပ်ကြမလဲ . .

ဟင် . . ပြောကြစမ်း . . ဒါတွေမြင်လို့ လူကြီးတွေက တားနေကြတာ သဘောမတူတာ မဟုတ်ဘူး . . မိဘတွေကို မပြစ်မှားမိစေနဲ့ . . ကြားလား . . . ”

ကလေးဆိုတဲ့ ဝေါဟာရစကားလုံးကြောင့် နှစ်ယောက်

www.foreverspace.com.mm

သား ခေါင်းတွေပြိုင်တူထောင်သွားတယ် . . ဟား . . အကြည်ကျော်ဆိုတာ ယောကျ်ားပဲ . . ကြီးတာနဲ့သေးတာပဲ ကွာမယ် . . ခန္ဓာကိုယ်ဗလကို ပြောပါတယ် . .

သူ့ဆန်စားရဲရမယ်ဆိုသလို . . သူများ သားသမီးယူထားမှတော့ . . လုပ်ပြီ . . အကြည်ကျော် ရှေ့လျှောက်နှစ်ဆတိုးပြီး အလုပ်လုပ်ပြီပေါ့ . . လို့ ရင်ထဲက ဟစ်ကြွေးလိုက်တယ် . . အပြင်မှာ ဟစ်ကြွေးရင် မွေးလူနာဆောင်က နာ့စ်မကြီးတွေ၊ အာယာမကြီးတွေ လန့်ဖျပ်ပြီးအပေါက်ခံနေရဦးမယ်နော် . . .



www.foreverspace.com.mm

## အခန်းစဉ် (၁၇)

နေ့တွေ၊ လတွေ ပြက္ခဒိန်တွေပြောင်းလွဲကုန်ပါပြီ . . အကြည်ကျော် မိဘတွေကို ဒုက္ခမပေးတော့ပါဘူး . . ကျောင်းထွက်လိုက်ပြီ . . လှိုင်သာယာမှာ ဈေးနှုန်းချိုချိုသာသာနဲ့ လုံးချင်းအိမ်လေးတစ်လုံး ငှားနေလိုက်တယ် . .

အဲဒီ့ငွေကလည်း နုငယ်ရဲ့အစ်မကြီး စိုက်ထုတ်ပေးတာပါ . . သူငယ်ချင်းမြင့်အောင်ရဲ့အကူအညီနဲ့ ဆိုက်ကားထွက်နင်းတယ် . . နင်းစက မနင်းတတ်တော့ တစ်ဖက်ဆွဲဆွဲသွားတယ် . . ဟိုခြံဝင်တိုး၊ ဒီအမှိုက်ဝင်တိုးနဲ့ . . ခြေနင်းပြားနဲ့ ညို့သကျည်းခဏ ခဏ မိတ်ဖွဲ့ဖြစ်တယ် . . ပတ်ဝန်းကျင်က ဆိုက်ကားဆရာတစ်ယောက်ထံမှာ တပည့်အဖြစ်ခံယူလိုက်တယ် . . ပညာသင်ခကတော့ တစ်နေ့တစ်လုံးဖြစ်လိုက် တစ်ပိုင်းဖြစ်လိုက်နဲ့ . . .

"ဟေ့ကောင် တပည့်ကြီး . . ."

"ဟာ . . ဆိုက်အာစရိ . ."

"လုပ်ဦးလေ . . အာစရိအတွက် . ."

"အာစရိရေ . . ခုမှ စထွက်တာ ညနေကျမှ ဆိုက်အာစရိကို လာပေးမယ် . ."

"ဟုတ်ပြီ . . ဟုတ်ပြီ . . ."

ပြောတုန်းရှိသေး . . လက်ဦးဆရာနဲ့ လာတန်းတိုးနေသေးတယ် . . သူ့ပတ်ဝန်းကျင်မှာ ဆိုက်ကားနင်းတာဆိုတော့ သူ့ကို ရှောင်လို့မရဘူး . . တစ်ခုကောင်းတာက အကြည်ကျော်တို့ဆိုက်ကားဂိတ်မှာ လူစုံရှိတယ် . . ဖဲ၊ အရက်၊ ကျားကွက်ထိုး၊ ကွမ်းစား၊ မိန်းကလေး အဲဒါတွေကို အကြည်ကျော်က ဘာတစ်ခုမှ စိတ်မဝင်စားဘူး . .

သူစိတ်ဝင်စားတာက သူ့ရဲ့သားဦး ကျောင်းထားဖို့၊ ရှင်ပြုဖို့ . . ခုမှပဲ . . အဖေတို့ အမေတို့ကို ကိုယ်ချင်းစာတတ်လာတယ် . . ကျောင်းသားဘဝကစိတ်တွေ၊ အပျော်အပါးတွေ ဘယ်ကိုလွင့်ပျောက်ကုန်မှန်း မသိတော့ဘူး . . .

"ကလင် . . ကလင် . . ."

"ဟော . . ဖေဖေကြီး လာပြီ . . ."

"အကြည်ကျော် သားပေါက်လေးရေ . ."

မတ်တတ်စမ်းနေပြီဖြစ်တဲ့ . . သားငယ်လေးဟာ တောက်တတ်၊ တောက်တတ်နဲ့ လျှောက်လာတယ် . . အကြည်ကျော်ဆိုက်ကားပေါ်က ဆင်းလိုက်ပြီး . . .

"သားလေး . . သားလေးကို မေမေရိုက်သေးလား. ."

"အံမယ် . . သူ့သားကို ရိုက်ဖို့နေနေသာသာ . . သူ့သားက သူ့အဖေအတိုင်းပဲ . . မျက်လုံးကြီးပြူးပြူးပြီး ပြန်ကြည့်တယ်"

"ကဲ . . ရော့ . . ဟောဒါက စျေးဖိုး . . . ဒါက အုံနာခ . . နငယ်ရော . . ထမင်းစားပြီးပြီလား . . ."

www.foreverspace.com.mm

"ဟင့်အင်း . . . "

"ဒါဆို ခူးလိုက်တော့ . . သြော် . . ဆိုက်ကားပေါ်မှာ တို့စရာဝယ်လာတယ် . . သွားယူလိုက်ဦးမယ် . . "

"ကလေး ထားခဲ့လေ . . "

"တစ်နေ့လုံး အပြင်ထွက်နေရတာ . . တော်ကြာ သူ့ အဖေကို မမှတ်မိမှာစိုးလို့ ချီထားလိုက်ဦးမယ် နုငယ်ရေ . . ဟုတ်ပြီလား . . တော်ကြာ ငါ့မိန်းမ ကလေးတစ်ဖက်နဲ့ ထမင်းခူးတာ ထဘီခါးမှာရှိမှာ မဟုတ်ဘူး . . "

"ကိုကတော့ ပြောတော့မယ် . . . "

ငါးကို မီးကင်ပြီး ငါးပိရည်ကျိုထဲ ဖျော်ထည့် . . ငရုတ်သီးမှုန့်များများနဲ့ ပျစ်နေအောင်ဖျော်ပြီး တို့စရာပေါင်းစုံနဲ့ အကြည်ကျော်က တို့စရာကြိုက်တယ်လေ . . ကြက်ဥမွှေကြော်နှစ်လုံးနဲ့ . . ကဲ . . ထမင်းဝိုင်းလေး စည်သွားပြီ . . အသက်အရွယ်လေးတွေ ကိုယ်စီရလာတော့ အသိတရားလေးတွေ အနယ်ထိုင်စပြုလာပြီလေ . . .

"ခွပ် . . ချလွင် . . . "

"ဟာ . . သားလေး . . . "

"ဒီကလေးဟာလေ . . ရှိတာမှ ငါးပိရည်တစ်ခွက်တည်း . . တက်နင်းရတယ်လို့ . . . "

"ကလေးပဲ နုငယ်ရယ် . . ထပ်ထည့်လိုက် . . အစ်ကို သူ့ခြေထောက် သွားဆေးပေးလိုက်ဦးမယ် . . . "

"မရှိတော့ဘူး အစ်ကိုရေ . . အဲဒါ အကုန်ပဲ . . "

"ဒါဆိုလည်း ငရုတ်သီးမှုန့်နဲ့ ဆားရောပြီး သက်သတ်လွတ်ပေါ့ကွာ . . ဘယ်တတ်နိုင်မလဲနော် . . သားလေး . . ဟဲ

www.foreverspace.com.mm

. . ဟဲ . . ဟဲ . . . ”

“အစ်ကိုကြည်ရေ . . ဆိုက်ကား အားလား . . . ”

ခြံဝက အသံ . . အော်ဒါရပြီ . . လွတ်သွားရင် လမ်းထိပ်ဂိတ်ရောက်သွားမယ် . . . ။

“အေး . . အေး . . နုငယ်ပဲ စားလိုက်တော့ . . . ”

“ရှင် . . . ”



www.foreverspace.com.mm

## အခန်းစဉ် (၁၈)

၃၀. ၈. ၈၂ သားဦးလေး လမင်းကို ကျောင်းစထားပါပြီ . . ကျောင်းစထားတော့ သားလေးရဲ့ငိုသံဟာ ရင်ဘတ်ပေါ်မှာ ရေနွေးပူလောင်းချသလိုမျိုး ခံစားလိုက်ရတယ် . . နောက်တော့လည်း ကျောင်းမှာ ကလေးချင်းရင်းနှီးသွားတော့ လမင်းလေး ပျော်သွားပါပြီ . . ကျောင်းသွား ကျောင်းပြန် ဆိုက်ကားလေးနဲ့ မိသားစု အပျော်ခရီးထွက်သလိုပဲ . . လွယ်အိတ်၊ ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းဝင်ကြေး၊ မိဘအသင်းကြေး . . အို . . စုံနေတာ ပါပဲ . .

ခါးကြားမှာ ဆိုက်ကားနင်းလို့ရတာလေး လိပ်ထားတာ ကုန်ရောပဲ . . ကုန်ပါစေ . . သားလေး ပညာတတ်ရင် တော်ပြီ . . ဘယ်လောက်ပဲ ပင်ပန်းပါစေ . . နုငယ် မျက်နှာလေးကို ဝင်းလို့ . . တော်တော်လေး ပျော်နေပုံရတယ် . . တစ်ခါတလေ . . ဆိုက်ကားမအားရင် သူကိုယ်တိုင် ကျောင်းကြို ကျောင်းပို့လုပ်ပေးတယ် . . သားဦးကို . . .

ဩော် . . ခုမှပဲ . . အကြည်ကျော် . . ကျောင်းစထား ကာစ အမေတို့မျက်နှာတွေကို ပြန်မြင်ယောင်လိုက်တယ် . . မိဘ ဝတ္တရားဆိုတဲ့ သံကြိုးကြီးဟာ ညပိုင်းဆိုက်ကားချည်တဲ့ သံကြိုး ထက် ပိုကြီးမားပြီး ရှည်လျားလွန်းတာကို ခုမှ နဖူးတွေ့၊ ဒူးတွေ့ အကြည်ကျော်တို့ လင်မယားသိလိုက်ရတယ် . .

တစ်ရက် မိုးတွေကလည်း အရမ်းရွာ . . အပေါ်ပိုင်းမိုး ကာအင်္ကျီက အပေါ်ပိုင်းသာ လုံခြုံပေမယ့် အောက်ပိုင်းပုဆိုးတစ် ကွင်းလုံးကတော့ ရွှဲရွှဲစိုပဲ . . မှတ်မှတ်ရရ သားလေး လမင်း ကျောင်းပိတ်တဲ့ရက် . . . .

"ကလင် . . ကလင် . . . "

"လာပြီ . . ဖေကြီးရေ . . လာပြီ . . "

ခြံတံခါးပြေးဖွင့်ပေးပြီး သူ့လက်ထဲက ဘာထုပ်တွေမှန်း မသိတဲ့အရာတွေကိုယူပြီး အိမ်ပေါ်ပြေးတက်လိုက်တယ် . . . အခေါ်အဝေါ်တွေတောင် ပြောင်းကုန်ပြီ . .

ဟိုတုန်းကလို နုငယ်တို့၊ အစ်ကိုတို့ မှတ်တော့ဘူး . . 'အဖေကြီး၊ 'အမေကြီး' တဲ့။ ဝယ်လာတဲ့ပစ္စည်းတွေချပြီး ပုဆိုးလဲဖို့၊ အင်္ကျီလဲဖို့ မျက်နှာသုတ်ပဝါထုတ်ပေးမယ် အလုပ် . . .

"ဟင် . . အဖေကြီး . . တစ်ကိုယ်လုံးလည်း ဒဏ်ရာတွေ နဲ့ . . ဘာ . . ဘာ . . ဖြစ်လာတာလဲ . . ဟင် . . "

အကြည်ကျော်က ဘာမှမဖြစ်တဲ့ပုံစံမျိုးနဲ့ . . . .

"ဘာမှ မဖြစ်ပါဘူးကွာ . . ဆိုက်ကားချင်း ချိတ်မိပြီး ရေ မြောင်းထဲကျရုံလောက်ပါ . . သွား . . နနွင်းမှုန့်သွားယူခဲ့ . . သိပ်လိုက်ရင် ပျောက်သွားမှာပါ . . သားလေးရော . . အိပ်နေပြီ လား . . . "

www.foreverspace.com.mm

နုငယ်က မယုံသောမျက်နှာ မသက်သာသောမျက်လုံးတွေနဲ့ ရပ်ကြီးကြည့်နေတယ် . . အကြည်ကျော်ကိုတစ်လှည့်၊ ထမင်းစားပွဲပေါ်မှာ တင်ထားတဲ့ ပစ္စည်းတွေကိုတစ်လှည့် . . .

"ကဲ . . မေကြီး . . ဝယ်လာတဲ့ခေါက်ဆွဲကြော်တွေ အေးပြီးပွကုန်မယ် . . ဘာမှမဖြစ်ပါဘူး . . တစ်ယောက်နဲ့တစ်ယောက် နောက်ရင်းနဲ့ ဖြစ်သွားတာ . . သူမှားမှန်းသိတော့ မင်းတို့စားဖို့ ဆိုပြီး ဝယ်ခြမ်းပေးလိုက်တာ . . ဘာတွေလဲတော့ မသိဘူး"

ပြောလည်းပြော . . အဝတ်အစားတွေလည်း လဲရင်း သားလေးအိပ်နေတဲ့ သင်ဖြူးဖျာဘေး သွားထိုင်ကာ . . .

"သားလေးရေ . . လမင်းရေ . . ဖေကြီး ပြန်လာပြီ . . ခေါက်ဆွဲကြော်တွေ ဝယ်လာတယ် . . ထ . . ထ"

နုငယ်က ခေါက်ဆွဲကြော်ပန်းကန်တွေ ပြင်ရင်းနဲ့ ကျန်တဲ့ပစ္စည်းတွေကြည့်လိုက်တော့ ကလေးအားဆေး၊ လူကြီးအားဆေး၊ ဟောလစ်ဗူး၊ ကိတ်ခြောက်၊ ရှန်သားပိတ်စတွေ . . များလှချည်လား . .

ဆိုက်ကားသမားတစ်ယောက်က ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ဝယ်ပေးနိုင်ပါ့မလား . . မေးမယ်အလုပ် . .

"ကဲ . . တော့ . . အမေကြီးရေ . . လာပါတော့ . . "

"ဆာနေပြီနော် . . သားလေးလည်း ဆာနေပြီ . . ပြီးမှ အနာကို ဆေးထည့်မယ် . . ဟိုကောင် ချစ်လွင် . . ယောက္ခမဆီက အမွေရလာလို့ မူးပြီးဝင်တိုက်တာ . . သူ့အမှားသူသိလို့ အဲဒါတွေ ဝယ်ပေးလိုက်တာဟေ့ . . သိပြီလား . . ဟား ဟား"

နုငယ်ပါးစပ်၊ ပလာစတာ ကပ်လိုက်သလို . .

အင်းလေ ဟုတ်မှာပေါ့ . . . ကိုယ့်ယောကျ်ားခြေကျိုး၊

လက်ကျိုးမဖြစ်တာပဲ ကံကောင်း . .

နို့မို့ဆို . . အကြည်ကျော် အိပ်ရာထဲလဲရင် ရှိတာ ပေါင်စားရုံပဲ . . မိသားစု ခေါက်ဆွဲကြော်ပူပူလေးကို ထိုင်စားကြတယ်။

လမင်းလေးကို ခွံ့လိုက်၊ နုငယ်ကစားလိုက်၊ အကြည်ကျော်က ခွံ့လိုက်နဲ့ သားလေး လမင်းပါးစပ်တစ်ခုလုံး အဆီတွေပျံပြီးပေကျံကုန်တယ် . . နုငယ်က ခေါက်ဆွဲကြော်ကို အားပါးတရကြီး စားရင်းနဲ့ . . . .

“ဖေကြီး မှတ်မိသေးလား . . ရှင်နဲ့ကျွန်မ သားလေးကိုယ်ဝန်ရစမှာ . . သီတာရုပ်ရှင်ရုံဘေးက တရုတ်ကြီးဆိုင်မှာ ခေါက်ဆွဲစားမယ်ဆိုပြီး ထိုင်ကြတာလေ . . . ”

“ဟာ . . ဟုတ်တယ် . . ဟုတ်တယ် . . အမေကြီး မှတ်မိသားပဲ . . အဲဒီ့တုန်းက အဖေကြီး အသုံးမကျတာပါ . . ခေါက်ဆွဲမှာပြီးမှ ပိုက်ဆံကျပျောက်ရတယ်လို့ . . ဟား ဟား . . ”

“ဟုတ်ပ . . အဲဒီ့တုန်းကလေ . . ကျွန်မ ခေါက်ဆွဲအရမ်းစားချင်နေတာ . . ခုမှပဲ အတိုးရော၊ အရင်းပါ ပေါင်းဆပ်လိုက်ပြီ . . . ယောကျ်ားရေ . . . ”

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မိုးထဲလေထဲ မိုးသံတွေကြားထဲ ရယ်မောသံတွေ ဆူညံသွားတယ် . . ။

သားလေးလမင်းကပါ ဘာမသိ ညာမသိနဲ့ ဝင်ရယ် လိုက်သေးတယ် . . ။

တင်ပါးဘေးက စိုစိ စိုစိနဲ့ နုငယ်မသိအောင် မသိမသာလေး . . လက်နဲ့ စမ်းလိုက်တော့ . . အားပါး . . သွေးတွေ . . သွေးတွေ . . စိမ့်ထွက်လာတယ် . . .



www.foreverspace.com.mm

www.foreverspace.com.mm

“မေကြီးရေ . . လက်သုတ်ပဝါ သွားယူလိုက်ပါကွာ . . သားလေးက အဖေကြီးပေါင်ပေါ်ထိုင်နေလို့ . . ဩော် . . တစ်လက်စတည်း ပုဆိုးပါယူခဲ့တော့ဟေ့ . . မင်းသားလေးက ဟင်းချိုမသောက်ဘဲ ဖေကြီးပုဆိုးပေါ် ဟင်းချိုတွေ သွန်ချလိုက်ပြီဗျာ”

“အား . . ကျွတ် . . ကျွတ် . . ဘုရား . . ဘုရား . . တင်ပါးဆုံ ဘာမှမဖြစ်ပါစေနဲ့ . . . ”



## အခန်းစဉ် (၁၉)

"မင်းနှယ်ကွာ . . ဖြစ်မှဖြစ်ရလေ . . . ကဲ . . မင်းမိန်းမ က မေးပါပြီတဲ့ . . ငါ ဘယ်လိုဖြေရမလဲ . . တော်သေးတာပေါ့ . . မင်း လာကြိုပြောထားလို့ . . ."

"ကဲပါ . . . သူငယ်ချင်းရယ် . . သူနဲ့တွေ့လို့ မေးရင် သာ . . အဲဒီ့အတိုင်းပဲ ပြောပေးပါ . . သူ မသိစေချင်ဘူး . ."

ခြေထောက်တစ်ဖက် ထော့နင်း ထော့နင်းနဲ့ ပြန်ထွက်သွားတဲ့ အကြည်ကျော်ရဲ့ ကျောပြင်ကိုကြည့်ပြီး သက်ပြင်းချလိုက်တယ် . . ဂျပုကျော်နိုင်က နားလည်နိုင်သော မျက်လုံးတွေနဲ့ . .

"ဟော့ကောင် . . ချစ်လွင် . . ဟိုကောင် ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ . . မနေ့က ကားတိုက်မှုဖြစ်တယ်လေ"

"ဟေ . . ဟင် . . ဟုတ်လား . . ဘာ . . ဘာဖြစ်သွားသေးလဲ . . ."

ဘဝတူ လူတန်းစားတွေဆိုတော့ အချင်းချင်းစိုးရိမ်ပူပန်မှုလေးတွေတော့ ရှိကြစမြဲ . . ရွာလိုက်တဲ့မိုး . . ဂိတ်က ခနိမိုး

www.foreverspace.com.mm

လေးကလည်း အကာအကွယ်မပေးနိုင်ဘူး ．

ပိုဆိုးတာက ဘယ်ညာတိုက်ခတ်နေတဲ့လေ ．．လူသုံးယောက်စာလောက်ရှိတဲ့ မြေကွက်လပ်လေးပေါ်မှာ စုပုံပြွတ်သပ်ပြီး အရက်သောက်သူကသောက် ．．ပိုက်ဆံပွတ်သူကပွတ်နဲ့ ．．

"အုံနာခတောင် မရသေးဘူးဟေ့ ．．လူတွေအပြင်မထွက်ရတဲ့ကြားထဲ မိုးကရွာလိုက်သေးတယ် ．．"

"သိကြားမင်းရေကာတာများ ကျိုးသွားလားမှ မသိတာ"

"မင်းက သိကြားမင်းမြင်ဖူးလို့လား ．．ချစ်လွင် ．．．"

"မြင်ဖူးတယ်လေ ．．ဇာတ်တွေ၊ အငြိမ့်တွေထဲမှာ ．．．ဟား ဟား ဟား ．．．"

အကြည်ကျော်က တောစကားဝိုင်းထဲမှာလည်း မပါဘူး ．．ကစားနေတဲ့ဝိုင်းထဲမှာလည်း မပါဘူး ．．ဆိုက်ကားပေါ် လက်ပိုက်ထိုင်နေပြီး ဘာတွေ တွေးနေမှန်း မသိ။

နက်ဖြန် ထဘီနဲ့အင်္ကျီမရွေးရင်တော့ ဆုံးပြီ ．．သားလေး ကျောင်းအင်္ကျီအဖြူကလည်း ဖားဥတွေ တော်တော်စွဲနေပြီ ．．အသစ်ထပ်ချုပ်ပေးရဦးမယ် ．．။

အမေ ．．．အမေတို့ရော နေလို့မှကောင်းရဲ့လား ．． ဟာ ．．ဟုတ်ပါရဲ့ ．．အမေဆိုမှ သတိရတယ် ．．မြင့်အောင် အမေ ．．ဒေါ်ငွေချစ် အသုဘက ဒီနေ့ချမှာပဲ ．．ကိုယ့်ရဲ့မွေးစားအမေဆိုလည်း မမှားဘူး ．．ဟင်းတွေ ထမင်းတွေလိုရင် သွားသွားယူနေကျ ．．ကမန်းကတန်း ဖင်ထိုင်ခုံအောက်က မိုးကာအစုတ်လေးထုတ်ဝတ်လိုက်ပြီး အဖွဲ့တွေကို နှုတ်ဆက်အကျိုးအကြောင်း ပြောပြီးထွက်ခဲ့တယ် ．．

ထိန်ပင်ဆိုတော့ သိပ်မနင်းရပါဘူး ．．နောက်ဖြတ်တက်

www.foreverspace.com.mm

သွားတဲ့ ဘီအမ်ကားကြီးကြောင့် ရေအိုင်ထဲက ရေတွေဖြန်းခနဲ ဆိုက်ကားရောလူပါ လာစင်ကုန်တယ် . .

အဲဒီ့အချိန်မှာပဲ . . ကိုယ်ပိုင်ကားအဖြူရောင်လေးတစ်စီးက မျက်နှာချင်းဆိုင်မောင်းလာပြီး ခုနက ရေဗွက်အိုင်လေးကို ရှောင်လိုက်တာ . . အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကပ်လျက်နင်းလာတဲ့ အကြည်ကျော်ဆိုက်ကားဆီ တည့်တည့်မတ်မတ်ကြီး ဝင်ချလာတော့ . . လမ်းဘေးမြောင်းထဲကို အကြည်ကျော်က ဆွဲချလိုက်တော့ ဆိုက်ကားရော လူပါ ဝရုန်းသုန်းကားပေါ့ . . .

ကားပိုင်ရှင်က လူမှုရေး သိတတ်ပါတယ် . . မောင်းပြေးရင် ရရဲ့သားနဲ့ မိုးရွာနေတော့ လမ်းမကြီးပေါ်မှာ ကားအသွားအလာ . . လူတွေရှင်းနေတယ်လေ . . ကမန်းကတန်း ကားလမ်းပေါ် ဆင်းလာပြီး လူရော ဆိုက်ကားပါ ဆွဲတင် . . တောင်းပန်ပေါ့ . . အကြည်ကျော်သာ မလျင်ရင် ပွဲသိမ်းပဲ . . အကြည်ကျော်ခမျာ . . ချမ်းတာက တစ်မျိုး၊ ကြောက်လန့်သွားတာက တစ်မျိုးနဲ့ နှစ်မျိုးရောပြီး ဒူးတွေရော လက်တွေပါ အကုန်တုန်နေတယ်။

"အဲဒီတော့ . . ကားပိုင်ရှင်က ဆေးရုံဆေးခန်း လိုက်မပို့ပေးဘူးလား . . "

ဂျပုကျော်နိုင်က ဒေါသတကြီးနဲ့ မေးလိုက်တယ် . . ပြောပြနေတဲ့ ချစ်လွင်က လက်ကာပြပြီး . . .

"မပို့ဘဲ နေမလားကွာ . . သူတာဝန်ရှိတာပေါ့ . . ဒါပေမယ့် ငါတို့ရဲ့ဇာတ်လိုက်ကျော်ကြီးက ဆေးခန်းမှာကုန်မယ့်ငွေ သူ့ကိုပေးလိုက်ပါဆိုပြီး . . အဲဒီ့ကရတဲ့ငွေနဲ့ ခေါက်ဆွဲကြော်၊ သူ့သားအတွက် လိုအပ်တဲ့ဆေး၊ အဝတ်အစားတွေဝယ်ပြီး ပြန်သွားတယ် . . "

www.foreverspace.com.mm

"သူ့ဒဏ်ရာတွေကျတော့ရော . ."

"နန္ဒင်းသိပ်တယ်ဟေ့ . . နန္ဒင်းနဲ့ ဦးအုန်းစိန် . . သား သမီး၊ သားမယားအတွက်တဲ့ . . တို့ဇာတ်လိုက်ကျော်ကြီးက . ."

အားလုံး ပါးစပ်အဟောင်းသားတွေနဲ့ . . . .



www.foreverspace.com.mm

## အခန်းစဉ် (၂၀)

နှစ်တွေ၊ သက္ကရာဇ်တွေ ပြောင်းလွဲလာသည်နှင့်အမျှ အကြည်ကျော်ဘဝမှ ဦးအကြည်ကျော်ဖြစ်လာသလို နုငယ်ဘဝကနေပြီး ဒေါ်နုငယ်အရွယ်သို့ ပြောင်းလဲကုန်ကြပြီ။ သားဦးလေး လမင်းတောင် ရှစ်တန်းအောင်လို့ ကိုးတန်းရောက်ခဲ့ပြီ။

အရာရာပြောင်းလဲခဲ့ပေမယ့် လေးတန်းကျောင်းသားဘဝမှသည် ကိုးတန်းကျောင်းသားဖြစ်နေပြီဖြစ်တဲ့ လမင်းဆိုသော သားဦးလေးကတော့ ဘာမှမပြောင်းလဲ . . မိဘတွေအပေါ်လည်း မသိတတ် . . ဘိလိယက်ထိုး၊ ကျားထိုး၊ ပိုက်ကျော်ခြင်းခတ်နဲ့။

သူ့မှာ တစ်ခုခုထူးခြားမှုက နေထိုင်တဲ့ရပ်ကွက်၊ နေထိုင်ရတဲ့ ဘဝပေးအခြေအနေအိမ်တွေနဲ့ မအပ်စပ်တဲ့ ရုပ်ရည်၊ အသားအရေကိုပိုင်ဆိုင်ထားသည်။ မသိရင် ရွှေတောင်ကြားက ပိုက်ဆံရှိ သားသမီးတွေပုံစံ၊ အချိန်တန်လက်ဆေး ထမင်းစားပြီးရင် အပြင်ပြန်ထွက် . . လျှောက်လည် ဦးအကြည်ကျော် ဝင်ရှုလည်ပြီ ထင်ပါတယ်။

www.foreverspace.com.mm

ပြောဆို ဆုံးမဖို့အတွက်ကျတော့ မပြောရက်။ တစ်ဦးတည်းသော သားဦးလေး . . တစ်ချိန်မဟုတ် တစ်ချိန်တော့ ပြောင်းလဲလာပါလိမ့်မယ်လို့ လင်မယားနှစ်ယောက်စလုံး ယုံကြည်ထားပုံရသည်။ တစ်ရက် လမင်းအိမ်ပြန်မအိပ်၊ နှစ်ရက် ပြန်မအိပ်၊ သုံးရက်မြောက်တဲ့နေ့ . . . ။

"ဦးအကြည်ကျော် ရှိပါသလား ခင်ဗျာ . . "

"ဟုတ်ကဲ့ . . . ရှိပါတယ်ရှင် . . ကြွပါ . . ကြွပါ . . "

တစ်ခါဖူးမှ မမြင်ဘူးသော ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ဦး . . သူတို့လင်မယားနဲ့အသက်အရွယ်ချင်းက မတိမ်းမယိမ်း နောက်ကပါလာတာက ရာအိမ်မှူးနဲ့ဆယ်အိမ်မှူးတွေ . . ဒေါ်နုငယ်က သင်ဖြူးဖျာလေး ခင်းပေးပြီး ချိန်းကြိုးကို သံချေးချွတ်နေသော ဦးအကြည်ကျော်ကို လှမ်းခေါ်လိုက်တယ် . . အားလုံးထိုင်မိတယ်ဆိုရင်ပဲ . . ရာအိမ်မှူး ဦးသံချောင်းက . . .

"ဦးကြည် . . ဒါက ဗမာအေးရပ်ကွက် ဒေါ်ပုံကပေါ့ . . ဦးသိန်းဒီတဲ့ ဘေးကသူ့အမျိုးသမီး . . . "

"ဟုတ်ကဲ့ ခင်ဗျာ . . လာရင်းကိစ္စလေး ပြောပါဦး . . "

ဦးသိန်းဒီတို့ လင်မယား တောင်ကြည့်မြောက်ကြည့်နဲ့ လုပ်ပြီး . . .

"ကျွန်တော်တို့ သမီးလေးထုတ်ပေးပါဗျာ . . . . "

"ဟုတ်ပါတယ်ရှင် . . အဟီး . . ဟီး . . . "

ဘာလဲ . . ဘာကြီးလဲ . . ဘယ်လိုမှ နားမလည်သော စကားတွေ . .

"ခင်ဗျား . . ခင်ဗျားတို့ သမီးကိုဝှက်ထားရအောင် ကျွန်တော်က မျက်လှည့်ဆရာမှမဟုတ်ဘဲ . . ပြီးတော့ လူကုန်ကူးတဲ့

www.foreverspace.com.mm

လူလည်း မဟုတ်ဘူး . . အိမ်များ မှားလာလို့လား . . . ”

ဦးသိန်းဒီတို့ လင်မယား ငိုနေရာမှ မျက်နှာကြီးတွေ နီသွားပြီး တင်းမာသောလေသံနဲ့ . . .

“ခင်ဗျား မျက်လှည့်မပြလည်း ခင်ဗျားသား ပြမှာပေါ့ဗျ . . ဘယ်မလဲ . . ကျုပ်တို့သမီး . . ခုထုတ်ပေး . . အသက်က ပြည့်သေးတာမှုတ်ဘူး . . ပြဿနာတက်သွားမယ် . . . ”

“ဩော် . . ဒီလိုလား . . ရတယ်လေ . . တစ်အိမ်လုံး ကြိုက်သလောက်ရှာ . . ရှာပါ . . လမင်း အိမ်ပြန်မလာတာ သုံးလေးရက်ရှိသွားပြီ . . . ”

“သား မပြန်လာတာကို မရှာဘူးလား . . မစုံစမ်းဘူးလား . . ခင်ဗျားတို့ မိဘတွေ မှုတ်ဘူးလား . . . ”

“ဘာရှာစရာလိုလဲ . . ကျုပ်သားက ယောကျ်ားလေး . . အချိန်တန် ပြန်လာမယ့်ဥစ္စာ . . အပင်ပန်းခံလို့ အရေးကြီးတာ ဒီကောင် မှဲ့တစ်ပေါက်မစွန်းဖို့ပဲ . . . ”

ဦးသိန်းဒီတို့လင်မယားမျက်လုံးကြီးတွေ ပြူးလို့ ဝုန်းဆို မတ်တတ်ထရပ်လိုက်တာ ရေနွေးဗန်းအဖျားတက်နင်းမိပြီ . . ခုနကမှ မီးဖိုပေါ်ကချပြီး ထည့်ထားတဲ့ရေနွေးတွေက . . .

“ဟား ဟား . . အမရေး . . ပူတယ်ဗျ . . ”

နီးစပ်ရာ လူကိုလှမ်းဆွဲလိုက်တာ . . . ရာအိမ်မှူး ပုဆိုး။ သူကလည်း ကမန်းကတန်း ပုဆိုးကိုပြန်ဆွဲလိုက်တော့ ဒုတိယမို ရေနွေးအိုးပေါ် မေးထောက်လျက်လဲ . .

“ဟ . . သေပါပြီဟ . . ပူလိုက်တာ . . ဟေး . . ”

ယောင်ပြီး ရေနွေးဗန်းကြီးကို လက်နှစ်ဖက်နဲ့ အပီပစ် ထည့်လိုက်တာ . . နောက်ကပါလာတဲ့ ဆယ်အိမ်မှူး . . ပြီးတော့

ဘေးချင်းကပ်လျက် ဦးသိန်းဒီ . . တစ်အိမ်လုံး ဝရုန်းသုန်းကား တွေဖြစ်ကုန်ပြီ . . .

သမီး လင်နောက်လိုက်သွားလို့ အပူတွေများနေရတဲ့ ကြားထဲ . . ရေနွေးပူက နှစ်ထပ်ကွမ်းအကယ်ဒမီကျနေတာပဲ . . ပုဆိုးကြီးမ,ပြီး ခုန်ဆွ ခုန်ဆွဖြစ်သူကဖြစ် . . ထဘီမ,ပြီး ကလေး ဖန်ခုန်တမ်း ကစားသလိုမျိုး ခုန်နေတာက ဦးသိန်းဒီမိန်းမ . . ရာအိမ်မှူးနဲ့ဆယ်အိမ်မှူးကလည်း ဒီဂျေကနေသလိုမျိုး . .

လှမ်းကြည့်လိုက်တော့ ဦးအကြည်ကျော်တို့လင်မယား နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်ဖက်ပြီး ထရံနားကပ်ပြီး အကြောင်သားနဲ့ ကြည့်နေကြတယ် . . ပြီးမှ သတိရပြီး ကမန်း ကတန်း မီးဖိုချောင်ပြေးကာ ငံပြာရည်တွေလောင်း . . မလောက် တော့ . . ငါးပိရည်ချိုတွေနဲ့ လောင်းပေးလိုက်တာ . .

စံပြငါးဈေးထဲက အနံ့တွေနဲ့ . . ယပ်တောင်တွေ တဖျတ် ဖျတ်ခပ်ပြီး ဆောင့်ကြောင့်ထိုင်သူကထိုင်၊ မတ်တတ်ရပ်သူက ရပ်၊ ရာအိမ်မှူးက ခါးတောင်းကြီးကျိုက်လို့ စုတ်တသပ်သပ်နဲ့ . . .

"ခင်ဗျားတို့ကိစ္စမြန်မြန်ပြောကြဗျာ . . ရှီး . . ပူ . . ပူ လိုက်တာ . . တိုက်ပုံတွေ စွန်းကုန်ပြီ . ."

"ငံပြာရည်ကလည်း နံလိုက်တာ . . နေရာတကာ ဒေါသ မကြီးဘဲ . . အေးအေးဆေးဆေး ပြောလည်းဖြစ်တဲ့ဥစ္စာ . ."

ဦးသိန်းဒီက သူ့နဖူးပေါ်က ကျလာတဲ့ ငံပြာရည်တွေကို လျှာနဲ့သပ်လိုက်ပြီး . . .

"ကျုပ်ကိုချည်းပဲ မပြောနဲ့လေ . . ခင်ဗျားတို့လူပြောတဲ့ စကားလည်း နားထောင်ဦးမှပေါ့ . . အလားလား . . ပူလိုက်တာ . . နဂိုကမှ ဆံပင်မရှိရတဲ့ ကြားထဲ ဖြစ်လိုက်ရင် ဒီနဖူးပဲ . .

www.foreverspace.com.mm

တောက် . . .”

အဲဒီ့အချိန်မှာပဲ ဒေါ်နုငယ်က ခုနကရေနွေးခရားအိုးကို ဆေးကြောသုတ်သင်ပြီး အသစ်ပြန်ထည့်ကာထွက်လာတော့ အားလုံးနောက်ဆုတ်သွားကြပြီး မျက်လုံးတွေက ရှိရင်းစွဲထက်ပိုပြူးကာ လက်ကားယား၊ ခြေကားယားတွေနဲ့ . . .

“မချနဲ့ . . မချနဲ့တော့ . . . သောက်ဖူး . . မသောက်ဖူးဆို . . မသောက်ဖူးနော် . . လာ . . ပြန်ကြမယ် . . ည ရုံးမှာပဲ ဆွေးနွေးတော့မယ် . . .”

ဦးသံချောင်း လှေကားဘယ်နှထစ် ကျော်ဆင်းလိုက်တယ် မသိဘူး . .

ဖျောင်း . . သွားပဟ . .

ညနေ ရုံးခန်းအစား ဆေးခန်းပဲ . . .



www.foreverspace.com.mm

## အခန်းစဉ် (၂၁)

ရှိစုမဲ့စုလေးတွေနှင့် လက်ဖက်ရည်တိုက်၊ မုန့်ကျွေးပြီး သတို့သမီးကို ပြန်အပ်လိုက်တယ် . . အပ်တယ်ဆိုတာကလည်း သူ့မိဘ၊ ကိုယ့်မိဘတွေ အသိအမှတ်ပြုလို့ရအောင်ပါ . .

တကယ်အအပ်ခံရတာက ဦးအကြည်ကျော်တို့ လင်မယား။ ချွေးမတစ်ယောက် ဆန်နို့ဆီဗူးတစ်လုံး ထပ်တိုးလာပြီ . . ခါတိုင်း မနက်ပိုင်းနင်း၊ နေ့ခင်း၊ ညနေနင်း ညပိုင်းနားတဲ့ ဦးအကြည်ကျော် ဆံပင်တွေအဖွေးသားနဲ့ ညပိုင်းပါထွက်နင်းနေရသလို . . .

ဒေါ်နုငယ်ကလည်း နီးစပ်ရာဈေးမှာ ကြက်သွန်ငရုတ်သီးလေးတွေ ထွက်ရောင်းနေရပြီ . . လမင်းတို့လင်မယားကတော့ လက်ဖက်ရည်ဆိုင်ထိုင်လည်း အတူတူ . . ဘိလိယက်ခုံမှာ ယောက်ျားက ဘိလိယက်ထိုး . . မိန်းမက နေရာစေ့ထိုင်စား . . ထမင်းစားချိန်ပြန်စား . . အိပ်တဲ့အချိန် ပြန်အိပ်ပေါ့ . . တစ်ခါတလေ . . ဝတ္ထုဖတ်ရင်း တဟီးဟီး တဟားဟားပေါ့ . . အဲ

. . တစ်လမကြာပါဘူး . . ဘယ်က ဘယ်လိုစဖြစ်တယ်မသိဘူး . . လင်မယားတွေ စကားများပြီး ကောင်မလေး အိမ်ပေါ်ကဆင်းသွားတယ် . . လမင်းကိုကြည့်တော့ . . ခပ်အေးအေးပဲ . . အပူအပင်သောကဆိုတာ အရိပ်အယောင်တောင် မမြင်ရဘူး . . ကိုယ်က လူကြီးဆိုတော့ မနေသာဘူး . . .

"သားလေး . . လမင်း . . မင်းမိန်းမကို သွားပြန်ခေါ်လေကွာ . . ."

"မလိုပါဘူး အဖေရယ် . . လမင်းတို့က ဟောဒီလို လက်ဖျစ်တစ်ချက်တီး . . တစ်ယောက်ပဲ . . ."

"မှတ်သေးဘူးလေကွာ . . သူများ သားသမီးဥစ္စာ . . "

"အဖေ မသိပါဘူး . . အဲဒီ့ မိန်းမက ရှိုင်းတယ် . . နဂိုထဲက ကျွန်တော် ပြောပြီးသား . . ငါတို့က ဆင်းရဲတယ် . . ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်ရင် ပေါင်း . . မခံနိုင်ရင် ဂျောင်းလို့ . . "

သြော် . . ငါတို့လင်မယားတွေနဲ့တော့ ကွာပ . . ချဉ်ပေါင်ဟင်း စားလည်း အတူတူ . . ကန်စွန်းရွက်စားလည်း အတူတူ . . ဘဝကို စိတ်တူကိုယ်တူ လှော်ခတ်နေကြတာ . . ခုဒီအသက်အရွယ်အထိပဲ . . အေးလေး . . အကြည်ကျော်တို့ခေတ်မှ မဟုတ်တော့တာ . .

ကျုပ်တို့ခေတ်တုန်းကများ တီဗွီလေးကြည့်ဖို့ ရပ်ကွက်သမဆိုင်ရှေ့ အများသုံးတီဗွီဘလက်လေးကြည့်ရတာ . . သူတို့ခေတ်ကျတော့ ကာလာတွေ . . ကွန်ပျူတာတွေ . . အီးမေးလ်၊ အင်တာနက်ခေတ်တွေဆိုတော့ MP3, MP4 ပဲ နားထောင်တော့မှာပေါ့ . . ဘယ်လာ . . တိတ်နဲ့ဖွင့်တဲ့ ကက်ဆက်နားထောင်တော့မှာလဲ . . မှတ်ဘူးလား . . .။



www.foreverspace.com.mm

# အခန်းစဉ် (၂၂)

ပထမအိမ်ထောင်ပျက်သွားပြီး ဒုတိယအကြိမ် အိမ်ထောင်ပြုပြန်ရော . . ဒီတစ်ခါ အိမ်ထောင်ပြုတာက တော်တော်ကြီးတယ် . . ဘယ်လို . . ဘယ်လိုတွေ့လာလဲ မသိပါဘူး. .

ကောင်မလေး . . အဲလေ . . သားထက် ငါးနှစ်လောက်ကြီးတော့ . . . ကောင်မကြီးပေါ့ . . ကြည့်ရတာ . . သူလည်း ဘယ်နှကြိမ်လောက်များ အိမ်ထောင်ပျက်ဖူးတယ် မသိပါဘူး . . ကိုယ့်ချွေးမအတင်းပြောရတာ တယ်မကောင်းပါဘူးဗျာ . .

နာမည်တော့ မသိဘူးဗျ . . တော်တော်လေးမှ တော်တော်ကြီးတဲ့ ဟိုတယ်တည်းခိုခန်းမကြီးမှာ ခမ်းခမ်းနားနားကြီးကို မင်္ဂလာဆောင်ပစ်လိုက်တာဗျာ . . ဘယ်ကပိုက်ဆံလဲ . .

ဟုတ်ကဲ့ . . ခုနက ကျွန်တော့်ချွေးမ . . ကောင်မကြီးပေါ့ . . သူပဲ အကုန်ကျခံတာ . ဖိတ်စာဆိုလည်း အပံ့စား၊ ကားတွေကလည်း အပံ့စား၊ လူတွေကလည်း ထိုနည်းလည်းကောင်း။

ဧည့်ခံပွဲမှာ တီးဝိုင်းတွေရော၊ လူတွေရော ရှုပ်ယှက်ကို

ခတ်လို့ . . ကျုပ်လည်း တစ်ခါမှ မမြင်ဖူး . . မတွေ့ဖူးတာတွေ စားလိုက်ရတာ မပြောပါနဲ့တော့ . . သားရဲ့ မင်္ဂလာပွဲမှာ ကျုပ်တို့က ဧည့်သည်လိုပဲ ဘယ်သူနဲ့မှလည်း မသိ။ ဘယ်သူမှလည်း မိတ်လာမဆက်။ ငုတ်တုတ်ထိုင်ပြီး တောင်ကြည့်မြောက်ကြည့်ပေါ့။ စားပွဲထိုးဝိတ်တာတွေ လာလာချပေးတာတွေကို ထိုင်စား . .

ဒီကြားထဲ မင်္ဂလာခန်းမမှာ အဲယားကွန်းဆိုလား ဘာလား လွှတ်ထားတာ လင်မယားနှစ်ယောက်လုံး ချမ်းလိုက်တာ မပြောပါနဲ့တော့ . . အပြင်ထွက်ရအောင်ကလည်း အပေါက်ဘယ်နေရာမှန်းမသိ . . ပြန်မဝင်တတ်ရင် အခက်သား . .

ချွေးမနဲ့သားကတော့ လက်ချင်းချိတ်လို့ သတို့သမီးဘက်က မိဘတွေ၊ ဆွေမျိုးတွေနဲ့ ဓာတ်ပုံတွေတွဲရိုက်၊ ဗီဒီယိုတွေတွေ ရိုက်နဲ့ . . ကျုပ်တို့လည်း ရိုက်ချင်တာပေါ့နော် . .

ပထမအိမ်ထောင်တုန်းက ဒါမျိုးတွေ မလုပ်ခဲ့ရဘူးလေ . . ပြီးတော့ ကျုပ်တို့ခြေ၊ ကျုပ်တို့လက်၊ ဆိုက်ကားသမားတွေ တရုန်းရုန်းနဲ့ ပျော်စရာကြီး။

မိန်းမကို လှမ်းကြည့်လိုက်တော့ သိမ်ငယ်နေတဲ့မျက်နှာလေးနဲ့ . . သြော် . . လူရာမသွင်းဘူးဆိုတာ . . ဒါမျိုးပါလားရယ်လို့ . . သိလိုက်ရတယ် . . ဘာပဲဖြစ်ဖြစ်လေ . . ကိုယ်သား၊ သားဦးလေး . . လူတစ်လုံး သူတစ်လုံးဖြစ်တာကိုပဲ ဝမ်းသာနေရမှာ . . ပီတိဖြစ်နေရမှာ . .

ကိုယ်တွေက ဆိုက်ကားသမားနဲ့ဈေးသည် . . ဒီလောက်တော့ ရှိမှာပေါ့ . . မှတ်မှတ်ရရ ဓာတ်ပုံလေးတစ်ပုံတွဲရိုက်လိုက်ရတယ် . . အဲဒါကလည်း သားဖြစ်သူကဓာတ်ပုံဆရာခေါ်လာပြီး ရိုက်ခိုင်းလို့ပါ . . သူ့မိဘတွေတောင် သိခွင့်မရလိုက်ဘူး . . .

www.foreverspace.com.mm

အရေးထဲ ခတ်ပုံရိုက်ဖို့ပျော်ပြီး ကမန်းကတန်း မတ်တတ်ရပ်လိုက်တာ စားပွဲပေါ်က ဘာမုန့်တွေ မဆိုနိုင်ဘူး . . ကျွန်တော့် မိန်းမဒေါ်နုငယ်ပေါ့ . . သူ့ဒူးနဲ့တိုက်ချလိုက်တာ . . ကျွန်တော့် ရင်ဘတ်တိုက်ပုံတစ်ခုလုံး ပေကျံကုန်ရော . . ဘေးကစားပွဲဝိုင်းတွေက ပြုံးစိစိနဲ့ အိမ်ရောက်မှ ဒင်းတော့လား . . ဘယ်လောက် လုပ်လုပ် မမှတ်ဘူး . .

အမယ် . . စကားအဖြစ်ပြောတာပါ . . ခုချိန်ထိ လင်မယားရန်မဖြစ်ဖူးသေးဘူး . . ရိုက်ဖို့ဝေးရော . . ဒီလိုနဲ့ပဲ မင်္ဂလာပွဲပြီးသွားရော . . ကားတွေ၊ ကားတွေ အသီးသီးနဲ့ပြန်ကုန်ကြပြီ။

သားလေးက မသိမသာနဲ့ အနားကပ်လာပြီး လက်ထဲကို ငွေနှစ်သောင်းလာထည့်ပေးတယ် . . ပြီးတော့ ဒီဟိုတယ်က ဝိတ်တာတစ်ယောက်ကိုခေါ်ပြီး ကားငှားပြန်လိုက်ပါတဲ့ . . သူက နောက်ထပ်ဧည့်ခံပွဲရှိသေးလို့တဲ့ . . .

တစ်သက်နဲ့တစ်ကိုယ် ဒီလောက်များတဲ့ငွေ မကိုင်ဖူးသေးတော့ လက်တွေတောင်တုန်လာတယ် . . သူပြောတဲ့စကားတွေလည်း မကြားတော့ဘူး . . ဟိုတယ်ခန်းမကြီးတစ်ခုလုံး လင်မယားနှစ်ယောက်ပဲ ယောင်လည်ယောင်လည်နဲ့ကျန်ခဲ့တယ် . . ။

"ဦးလေး . . အဲဒါ Woman Toilet"

"ဟေ . . ဩော် . . "

"ခဏကွာ . . ငါတို့ကို Taxi တစ်စီးလောက်ငှားပေးစမ်းပါ . . "

"တစ်ခါတည်း လိုက်ခဲ့လေ . . . "

"လာ . . မိန်းမ . . "

တော်ပါသေးရဲ့ . . ကိုးတန်းအထိ ကျောင်းတက်ထားဖူး

www.foreverspace.com.mm



လို့ . . နုငယ်ကတော့ ငိုမဲ့မဲ့မျက်နှာလေးနဲ့ ကားပေါ်ရောက်တော့မှ အသာအယာ အနားကပ်လိုက်ပြီး လေသံတိုးတိုးလေးနဲ့ နှစ်သိမ့်လိုက်တယ် . . .

"ခုမခွဲလည်း . . တစ်ချိန် ခွဲရမယ့်ဥစ္စာ . . . သူက မခွဲလည်း . . ကိုယ်တွေက စခွဲချင်ခွဲရမှာ . . နုငယ် မိဘတွေတောင် နုငယ်ခွဲခဲ့သေးတာပဲ . ."

"ဒီလိုပဲ တရားသဘောနှလုံးသွင်းပြီး ဖြေသိမ့်လိုက်စမ်းပါ မိန်းမရယ် . . ."

ကားမှန်ချသလိုလိုနဲ့ တစ်ဖက်လှည့်ပြီး ဝဲလာတဲ့မျက်ရည်ကို ပခုံးစွန်းနဲ့သုတ်ပစ်လိုက်တယ် . . နုငယ်သိသွားရင် ပိုဆိုးသွားမယ် . . သားလေးပေးလိုက်တဲ့ ငွေနှစ်သောင်းကို ဘာရယ်မဟုတ်ပါဘူး . . ငုံ့ကြည့်မိလိုက်တယ် . . . ။



www.foreverspace.com.mm

## အခန်းစဉ် (၂၃)

လောကကြီးမှာ အံ့သြစရာတွေ အများကြီးပဲ . . မမျှော်လင့်ထားတာတွေဖြစ်လာတတ်သလို မျှော်လင့်ထားတာတွေကလည်း ဖြစ်ချင်မှဖြစ်လာတတ်ပါတယ် . . အကြည်ကျော်ရဲ့ မိဘတွေက သူတို့သားလေးကို မျှော်လင့်ချက်တွေနဲ့ဝိုင်းရံလို့ထားချင်ထားမှာ . . . အားကိုးစရာတစ်ခုရယ်လို့လည်း သတ်မှတ်ချင်သတ်မှတ်မှာပေါ့ . . .

ထိုနည်းတူစွာပဲ အကြည်ကျော်တို့ နှငယ်တို့အလှည့်မှာလည်း လမင်းဆိုတဲ့သားဦးရတနာလေးကို မျှော်လင့်ချက်တွေ ရည်ရွယ်ချက်တွေနဲ့ ပြည့်ဝနေခဲ့တယ် . . မိဘဆိုတာက သူတို့ကို မကျွေးချင်နေ . . မပေးချင်နေ . . သူ့ဟာလေးနဲ့သူ အဆင်ပြေနေရင်ပဲ ပီတိတွေဟာ ဘယ်ချိန်ခွင် . . ဘယ်ကတ္တားနဲ့မှ ချိန်တွယ်လို့ မရသလောက်ကိုပြည့်ဝပေါ်လျှံနေတယ် . .

ခုလည်းပဲ ဦးအကြည်ကျော်ဟာ သူ့သားဦးလမင်းလေးကောင်းစားမှုကို ပီတိတွေကွန်တင်နာနဲ့အပြည့် ဝမ်းသာနေတာ

. . အပြည့်အဝ ဝမ်းမသာလိုက်ရပါဘူး . . အရက်မသောက်တတ်တဲ့ ဦးအကြည်ကျော် ကွမ်းမစားတတ်တဲ့ ဦးအကြည်ကျော်၊ လောင်းကစားမလုပ်တတ်တဲ့ ဦးအကြည်ကျော်တစ်ယောက် . . .

ကံကြမ္မာရဲ့အလှည့်အပြောင်းတစ်ခု . . လောင်းကစားလုပ်မိလို့ ပြဿနာတက်ပြီး အရက်တွေနင်းကန်သောက်ထားတဲ့ လူ၊ ကွမ်းယာကြိုက်တဲ့လူတစ်ယောက်ရဲ့ မဆင်မခြင် ကားမောင်းတာကြောင့် ဆိုက်ကားနဲ့ကား ထိပ်တိုက်ရင်ဆိုင်ပြီး နေရာတွင် ပွဲချင်းပြီးပဲတဲ့လေ . . .

သားဦးလေး . . လမင်းမင်္ဂလာဆောင်မှာ တစ်ပုံတည်းသောရိုက်ထားတဲ့ မိသားစုဓာတ်ပုံလေးရှေ့မှာ ဒေါ်နုငယ်တည်းဟူသော တုန်ချိတုန်ချိနဲ့ အဘွားအိုတို့ ထိုင်ငိုနေရုံကလွဲလို့ . . .

"သားကြီးရယ် . . အမေတို့ကို ကျော်လွှားသွားပြီလား . . ဘဝဆက်တိုင်း . . ဆက်တိုင်း အဲဒီလို အတွေ့အကြုံမျိုးနဲ့ မကွယ်လွန်ပါစေနဲ့ကွယ် . . ."

တဲ့ . . ဦးအကြည်ကျော်ရဲ့တစ်ဦးတည်းသာကျန်နေတဲ့ မိခင်ကြီးရဲ့အသံ . . .။

"အရင်တစ်ခါတုန်းကလိုပဲ . . ကားတိုက်လို့ လျော်ကြေးဆေးဖိုးထဲက ကျွန်မတို့သားအမိကို ခေါက်ဆွဲကြော် ဝယ်မကျွေးတော့ဘူးလား . . အဖေကြီးရယ် . . ."

ယောက္ခမနဲ့ချွေးမ . . နှစ်ယောက်တည်း တိုးညှင်းစွာနဲ့ ထိုင်လို့ငိုနေပါသည်။



## အခန်းစဉ် (၂၄)

စာရွက်ပေါ်မှာရှိတဲ့ စာမျက်နှာအသစ်တွေကို ထပ်မလှန်တော့ပါဘူး . . ဒီလိုပဲ ဘဝစာမျက်နှာအသစ်က ဖြတ်ကျော်ခဲ့ပြီးရှိနေတဲ့ရောက်နေတဲ့ ဘဝစာမျက်နှာပေါ်မှာပဲ အကောင်းဆုံးဖြစ်သွားအောင် . . ဒေါ်နုငယ်တစ်ယောက်တည်း ဖြတ်သန်းရတော့မယ်ဆိုတာ သိလိုက်ရပြီ . .

အားတော့မငယ်တော့ပါဘူး . . . အပျိုဘဝ . . . အိမ်ထောင်သည်ဘဝတွေမှာ မိမိကိုယ်မိမိအားပေးပြီး ငယ်ငယ်ရွယ်ရွယ် နဲ့ ကျော်ဖြတ်ခဲ့ရဖူးပြီပဲ . . လမ်းမပေါ်က ဖြတ်ဖြတ်သွားတဲ့ အခြားခြားသော စက်ဘီး၊ ဆိုက်ကားတွေဆီက ထွက်ပေါ်လာတဲ့ ဆိုက်ကားဘဲလ်သံကြားလိုက်တိုင်း အကြည်ကျော်များဖြစ်နေမလားရယ်လို့ ထ,ထကြည့်မိသေးတယ်။

ဪ . . မဖြစ်နိုင်ဘူးဆိုတာ သိသိနဲ့ မျှော်လင့်နေမိသေးတယ် . . အကြည်ကျော်ရဲ့မိခင်ကြီးကတော့ ပူးပေါင်းပြီး လာနေဖို့ခေါ်ပါသေးတယ် . . အကြည်ကျော်ရဲ့ရင်ခွင်ထဲကနေ ဘယ်

www.foreverspace.com.mm

သူ့ဆီမှ ပြန်ဝင်ကူးပြောင်းဖို့ မကြိုးစားတော့ပါဘူးရယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ် . . .

ရက်လည်တဲ့တစ်နေ့မှာပေါ့ . . တန်ဖိုးကြီးမားသော ကားတစ်စီး ခြံရှေ့ရောက်လာတယ် . . လှည့်ကြည့်စရာမလိုပါဘူး . . ဆင်းဆင်းရဲရဲ ခက်ခက်ခဲခဲ ငါးမြီးဟင်းခါးသောက်ပြီး မျက်ရည်ပေါက်ကြီးငယ်ကျအောင် ရုန်းကန်ပြီးမွေးခဲ့ရတဲ့ တစ်ဦးတည်း သောသားဦး လူလိမ္မာလေး . . သူဌေးသမက်မောင်လမင်းက လွဲရင် ဘယ်သူများဖြစ်ဦးမှာလဲ . . .

“အမေ . . နေကောင်းလား . .”

“ကောင်းအောင်ကြိုးစားရမှာပေါ့ သားရယ် . .”

“အမေ . . အခု ဘာဆက်လုပ်မလဲ . .”

“ရိုးရာမပျက် . . ကြက်သွန် ငရုတ်သီးမှုန့်ပေါ့ . .”

လမင်းဆီက ဘာအသံမှထွက်မလာတော့ . . မသိမသာ လှည့်ကြည့်လိုက်မိတယ် . . တန်ဖိုးကြီးသော အဝတ်အစားတွေ ဝတ်ပြီး ရွှေတွဲလွဲ၊ ငွေတွဲလွဲနဲ့ တော်တော်လေး ချောမောလှပနေတယ် . .

ဖျတ်ခနဲ အကြည်ကျော်ကို သတိရလိုက်တယ် . . သူသာ မြင်သွားရင် ဘယ်လောက်များဝမ်းသာနေလိုက်မလဲ . . ပြောလိုက်ချင်သေးတယ် . . အဖေကြီးရေ . . ရှင်သင်္ဂြိုဟ်တဲ့နေ့က အသုဘလာမပို့နိုင်တဲ့ ရှင့်ရဲ့သားလိမ္မာကြီး လမင်းကြီးလို အမြဲတမ်း . . ငါတို့လင်မယားနှစ်ယောက် အလင်းဓာတ်ပေးနိုင်ပါစေလို့ ဆုတောင်းခဲ့တဲ့ သားလိမ္မာကြီး . . ခု ရှင့်ရဲ့လလည်ဆွမ်းကပ်တုန်း ရောက်နေပြီလေ . . ရှင်မြင်နိုင်သေးရဲ့လား . . ရှင်တွေ့နိုင်သေးရဲ့လားရှင် . . .

တော်ဝင်မြို့မ
စာအုပ်တိုက်

"အမေ . . ကျွန်တော်တို့နဲ့ လာနေပါလား . . . . "

"တစ်နေ့ . . အမေလာနိုင်အောင် ကြိုးစားပါ့မယ် သားရယ် . . အမေ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး မဖြစ်စေချင်ပါဘူး"

"ရပါတယ် အမေ . . အမေတစ်ယောက်လောက်နဲ့တော့ ဘာမှမဖြစ်သွားပါဘူး . . "

ဒေါ်နုငယ် . . ဆေးပြီးသား ပန်းကန်တွေကို လက်သုတ်ပဝါနဲ့သုတ်ရင်း . . . .

"ဒီအတိုင်းပဲ ကောင်းပါတယ် သားရယ် . . သားတို့ ငရဲမကြီးတော့ဘူးပေါ့ . . . "

"ဗျာ . . ဘာ . . ဘာဖြစ်လို့ . . ငရဲကြီးရမှာလဲ . . အမေ . . အဖေ့အသုဘကို ကျွန်တော် မလာလို့ စိတ်ဆိုးနေတာလား"

"ဟဲ့ . . မိဘဆိုတာ သားသမီးအပေါ်မှာ အမြဲတမ်း ခွင့်လွှတ်ပြီးသား . . သားမလာလည်း မင်းအဖေ အသုဘက သူ့နည်းသူ့ဟန်နဲ့ ပြီးဆုံးသွားမှာပဲ . . . မကြာခင်သော ကာလမှာ . . သားလည်း ဒုတိယဦးအကြည်ကျော်နေရာ ရောက်တော့မှာပါ . . သိလာပါလိမ့်မယ် . . ကဲ . . သား သွားတော့ . . အမေ ဓမ္မာရုံကို ပစ္စည်းတွေ သွားပို့ရဦးမယ် . . . "

"ကျွန်တော် ကားနဲ့လိုက်ပို့ပေးမယ်လေ . . "

"ရပါတယ် သားရယ် . . မင်းကားပေါ်မှာ အမေ့ပစ္စည်းထက် အရေးကြီးတဲ့ နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနဲ့ သားမိန်းမရှိတယ် . . သူ့ကို ဂရုစိုက်ပါ . . သူလည်း မကြာခင်မှာ ဒုတိယဒေါ်နုငယ်နေရာကို ပိုင်ဆိုင်ရတော့မှာပါ . . . "

ရပ်ကွက်ထဲက လူငယ်တွေနဲ့ဝိုင်းပြီး ပစ္စည်းတောင်းတွေကို ဆိုက်ကားပေါ် တင်လိုက်တယ် . . ဆိုက်ကားဆရာက . . .

www.foreverspace.com.mm

"ဟော့ . . လမင်း . . မင်းငယ်ငယ်က မင်းအဖေရယ်၊ မင်းအမေရယ် . . . ဟောဒီ့ ဆိုက်ကားလေးစီးပြီး . . မင်းကို ကျောင်းကြို ကျောင်းပို့လုပ်ခဲ့တာလေးတွေ မမေ့နဲ့ပေါ့ကွာ . . သွားပြီဟေ့ . . . ."

လမင်းကတော့ သူ့ရဲ့ကားဘေးမှာ မတ်တတ်လေးရပ်လို့ တွေဝေငေးမောစွာနဲ့ ကျန်ရစ်ခဲ့တယ် . . . ။

"အဖေ . . ကျွန်တော့်ကို ခွင့်လွှတ်ပါ . . အမေပြောသလို မကြာခင် အဖေနေရာကို ကျွန်တော် ရောက်တော့မှာပါ . . ကျွန်တော် ရောက်တော့မှာပါ . . . "



www.foreverspace.com.mm

## အခန်းစဉ် (၂၅)

လေးဘက်သွားနေတဲ့ သားလေး 'လပြည့်' ကိုကြည့်ပြီး အဖေ့ကိုသတိရလိုက်တယ် . . စီးပွားရေးတစ်ဖက်၊ လူမှုရေးကိစ္စတွေတစ်ဖက်နဲ့ အမေ့ဆီမရောက်တာတောင် တော်တော်ကြာသွားပြီ . .

ဒီနေ့တော့ စက်မှုဇုန်သွားရင်းနဲ့ လမ်းကြုံတာပဲ . . ခဏလောက်တော့ အမေ့ဆီဝင်ဦးမှဆိုပြီး . . ယူစရာရှိတာယူ . . မှာစရာရှိတာတွေမှာပြီး ကားနဲ့ထွက်ခဲ့တယ် . . အမေ့စိတ်၊ အမေ့မာနကို လမင်းအသိဆုံး . . အရမ်းကို ဒုက္ခရောက်နေတဲ့အချိန်တွေမှာတောင် ဘယ်ဆွေမျိုး ဘယ်အသိုင်းအဝိုင်းဆီသွားပြီး လက်ဝါးမဖြန့်ခဲ့ဘူး . .

ယုတ်စွအဆုံး ထဘီအဟောင်းတစ်ထည်၊ အင်္ကျီအဟောင်းတစ်ထည်တောင် မတောင်းခဲ့ဘူး . . ရှိတာလေးနဲ့ရောင့်ရဲတင်းတိမ်ခဲ့တယ် . . လမင်းကို စုပေါင်းရှင်ပြုတော့ ထဘီနဲ့အင်္ကျီ . . ပြီးတော့ အဖေ့အတွက် ကျွန်တော့်အတွက် အဝတ်အ

www.foreverspace.com.mm

စားတွေကို လပေးပုံစံနဲ့အကြွေးယူပေးခဲ့ပြီး အဖေမသိအောင် ပန်းရံလိုက်လုပ်ရင်းနဲ့ အကြွေးပြန်ဆပ်ခဲ့တယ် . . ဘာတဲ့ . . . အမေပြောဖူးတာလေး မှတ်မိသေးတယ် . . . ။

"ငါ့သား . . အဲဒီ့ပိုက်ဆံ မဆပ်လည်း ရတယ် . . ဒါပေမယ့် သံသရာကြွေး . . အပါမခံနိုင်ဘူးတဲ့ . . . "

အရင်ကအကြောင်းတွေ ပြန်စဉ်းစားနေတာနဲ့ အမေ့အိမ်ရှေ့ရောက်နေတာတောင် သတိမထားလိုက်မိဘူး . . သတိထားမိတာက အိမ်ရဲ့သော့ခလောက်ပဲ . . ဘယ်သွားပါလိမ့် . . ဈေးရောင်းရမယ့် အချိန်လည်း မဟုတ်တော့ဘူး . . ကားပေါ်ကဆင်းပြီး ကပ်ရက်အိမ်ကို စုံစမ်းလိုက်တော့ . . . .

"အိမ်လခ မပေးနိုင်လို့ ပြောင်းသွားပြီကွ . . ဘယ်ပြောင်းသွားမှန်းလဲ အဒေါ်ကြီးတို့ မသိပါဘူးကွယ် . . . ဘာမှလဲ မပြောသွားဘူး . . အိမ်ရှင်ပြောမှ သိရတာ . . "

"ဩော် . . ဟုတ်လား . . ကျေးဇူးပဲ ဒေါ်ကြီး . . . "

အမေရယ် . . အိမ်လခမပေးနိုင်လို့ ပြောင်းသွားပြီတဲ့ လာ . . တကယ်ဆို ကျွန်တော့်ပြောလည်း ရရဲ့သားနဲ့ . . ဘယ်ဆီရောက်လို့ ဘယ်လိုများ လုပ်ကိုင်စားသောက်နေပါလိမ့် . . ကျွန်တော်ရအောင်ရှာမယ် . . အမေ့ကို ကျွန်တော်ကျေးဇူးဆပ်မယ် . . အဖေ့တုန်းက ကျွန်တော် ကျေးဇူးမဆပ်လိုက်ရဘူး . . စီယာတိုင်ကိုင်ထားတဲ့ လက်ပေါ် . . မျက်ရည်တွေ ကျလို့ပါလား . . ။



www.foreverspace.com.mm

## အခန်းစဉ် (၂၆)

"ဂက်စ်မီးခြစ်တွေ ထည့်တယ် . ."

လွယ်အိတ်အစုတ်တစ်လုံးလွယ်ပြီး လောကကြီးကို ဒါပဲ ဟေ့လို့ ရင်ထဲက ဟစ်ကြွေးပြီး တစ်လမ်းဝင်တစ်လမ်းထွက် တစ်ရပ်ကွက်ဝင် တစ်ရပ်ကွက်ထွက် . . . .

"ဂက်စ်မီးခြစ်တွေ ဂက်စ်ထည့်တယ် . . ပျက်ရင်ပြင်ပေးတယ် . ."

အသက်လေးပဲ ရလာလို့လား . . လူကပဲ ပင်ပန်းလို့လား တော့ မသိဘူး . . နည်းနည်းတော့ မောသလိုလိုရှိလာတယ် . . နီးစပ်ရာ သစ်ပင်အောက်တစ်ခုဝင်ထိုင်ပြီး ဆံပင်တွေကြားက စီးကျလာတဲ့ ချွေးတွေကို လင်တော်မောင်ဦးအကြည်ကျော်ရဲ့ တစ်ခုတည်းသော ပုဆိုးအစုတ်လေးထုတ်ပြီး သုတ်လိုက်တယ် . . လွယ်အိတ်ထဲက ပုဆိုးအစုတ်လေးထုတ်တော့ ဘေးကိုပြုတ်ကျလာတဲ့ ဓာတ်ပုံလေးကို ကမန်းကတန်းကောက်ယူလိုက်ပြီး ရင်ဘတ်နဲ့ဖုန်တွေကို သုတ်ပစ်လိုက်ရင်း . . အမှတ်မထင် ပြန်ကြည့်လိုက်မိတယ် . . .

www.foreverspace.com.mm

လမင်း မင်္ဂလာဆောင်တုန်းက မိသားစုပုံလေး . . ဘယ်ကဘယ်လိုစီးကျလာမှန်းမသိသော မျက်ရည်တွေ။

"အဖေကြီးရယ် . . ရှင်ကတော့ လွတ်ရာလွတ်ကြောင်း ပြေးပြီပေါ့နော် . . ဘာလို့ ကျွန်မကို ထားခဲ့ရတာလဲ . . ရှင်သာ ရှိနေရင် ကျွန်မ ဘယ်လောက်များ အားတွေရှိလိုက်မလဲ . . "

"အဒေါ်ကြီး . . ဂက်စ်ထည့်မယ် . . "

ကလေးတစ်သိုက်ရဲ့အသံတွေကြောင့် ကပျာကယာ ဓာတ်ပုံကို ပေါင်ပေါ်တင်လိုက်ပြီး . . .

"အေး . . အေး . . ပေး . . ဘယ်နှလုံးလဲ . . . "

"ငါ့ဥစ္စာ . . အရင်ပေးမယ် . . မင်းဟာက နောက်မှယူ"

"ဟာ . . မရဘူး . . မရဘူး . . ငါ့အဖေက သူဆိုက်ကား နင်းလို့ ပြန်လာရင် ဆေးလိပ်သောက်နေကျ . . မီးခြစ်မရှိရင် ငါအရိုက်ခံရလိမ့်မယ် . . အဒေါ်ကြီး . . ကျွန်တော့်မီးခြစ် အရင် ထည့်ပေးပါ . . "

"ဟေ . . အေး . . အေး . . . "

ဆိုက်ကားဆိုတဲ့ စကားသံကြောင့် မော့ကြည့်လိုက်တော့ ဖြူဖြူဖွေးဖွေး ရုပ်ရည်သန့်သန့်လေး . . သားလေးဖိုးလမင်းတုန်းကလည်း ဒီပုံစံလေး . . ခေတ္တခဏငိုင်သွားတယ် . .။

"အဒေါ်ကြီး လုပ်လေ . . ကျွန်တော့်မီးခြစ် . . "

"ဟော့ကောင် . . ငါအရင်ရောက်တာ . . "

"ကဲပါကွယ် . . . ပြိုင်တူ ထည့်ပေးမယ် . . ဟုတ်လား"

ကလေးတွေဆိုတော့ ဘာရယ်မှုတ်ဘူး . . ကျေနပ်သွားတယ် . . ထုံးစံအတိုင်း မကြောက်မရွံ့ စပ်စုတတ်တာ ကလေး ဘဝ . . ဒေါ်နုငယ် . . ပေါင်ပေါ်တင်ထားတဲ့ ဓာတ်ပုံကို ဇတ်

www.foreverspace.com.mm

ခနဲ ဆွဲယူလိုက်ပြီး . . .

"ဟာ . . အဒေါ်ကြီး . . ဒါ ဘယ်သူလဲဗျ . . စားစရာ သောက်စရာတွေကလည်း အပြည့်ပဲ . . ."

"သြော် . . ဒါလား . . . အဒေါ်ကြီးတို့ မိသားစု ဓာတ်ပုံလေ . . . ဒီဘက်လေးက အဒေါ်ကြီးယောကျ်ား . . ဟိုဘက် ဘေးက အဒေါ်ကြီး . . ခလယ် . . ခလယ်က . . ."

အသံတွေ တိမ်ဝင်သွားတယ် . . ရင်ထဲမှာ တစ်မျိုးကြီး ပဲ . . စူးသလိုလို အောင့်သလိုလိုနဲ့ . . .

"သား . . . လေး . . လမင်းတဲ့ . . ."

"ဟား . . ဦးလေးကြီးက အဆိုတော်ဘိုဖြူအတိုင်းပဲ . . အဒေါ်ကြီးက ချောတယ်နော် . . ဟို . . ဟိုအဒေါ်ကြီးဘေးက မိန်းမကြီးက ဘယ်သူလဲ . . ရုပ်ကြီးကလည်း စူပုပ်နေတာပဲ . . "

"အေးကွ . . အပေါင်ဆိုင်က ဟိုမိန်းမရုပ်မျိုးကြီး . . . "

"ကဲ . . သားလေးတို့ . . အဒေါ်ကြီး သွားတော့မယ်"

ပိုက်ဆံပေးပြီး ခုန်ပေါက်ပြေးလွှားထွက်သွားကြတော့မှ ဓာတ်ပုံလေးကို တယုတယနဲ့ တစ်ခါပြန်ကြည့်ကာ . . .

"ဦးအကြည်ကျော် . . ရှင့်ကို ကလေးတွေက ဘိုဖြူတဲ့ . . ဟီဟိ . . ရည်းစားဘဝက ဒီရုပ်သာဆိုရင် . . . ဟောဒီက မနုငယ်ဆိုတဲ့မိန်းမက . . ဝေလာဝေးပဲ . . "

တစ်ယောက်တည်းပြော တစ်ယောက်တည်း သဘော တွေကျပြီး အပျိုဘဝကလို တက်ကြွသောခြေလှမ်းတွေနဲ့ . . .

"ဂက်စ်မီးခြစ်တွေ ထည့်တယ် . . ပျက်ရင်ပြင်တယ် . . ဘိုဖြူတွေ . . အဲလေ . . ဂက်စ်မီးခြစ်တွေ ဂက်စ်ထည့်တယ်"



www.foreverspace.com.mm



## အခန်းစဉ် (၂၇)

စားတော့ လမ်းဘေးဈေးဆိုင်၊ သောက်တော့ ရေအိုးစင်၊ အိပ်တော့ ငါးထပ်ကြီးဘုရားဝန်းကျင်က ဇရပ်ပျက်တစ်ခု။ ဒီနေ့လည်း အပေါ်စား ကလေးအရုပ်လေးတစ်ခု ထပ်ဝယ်လာပြန်ပြီ။ အရင်ဝယ်ထားတဲ့ အရုပ်တွေ ကျွပ်ကျွပ်အိတ်ထဲက ပြန်ထုတ်ပြီး ကြည့်လိုက် . . ပြန်သိမ်းလိုက်နဲ့ ဒေါ်နုငယ်တစ်ယောက် အလုပ်တွေရှုပ်နေပြန်ပြီ . .

ကျောင်းထိုင်ဆရာတော်တစ်ပါးက သနားပြီး နေခွင့်ပြုထားသဖြင့် တော်သေးသည်။ ရေမိုးချိုးခွင့်ပြုထားသည်။ ဇာတိကို မေးတော့ ဟိုလိုလို ဒီလိုလိုနဲ့ အနေအထိုင်က အစ မရှိရှိတာလေးကို သန့်ရှင်းအောင် ဝတ်တတ်စားတတ်သဖြင့် မျိုးရိုးမနိမ့်မှန်း ဆရာတော်က အကဲခတ်မိသည်။

ကျောင်းက ဆွမ်းကျန် ဟင်းကျန်လေးတွေ စွန့်ကဲ့သော်လည်း လက်မခံ။ သူများလှူထားတာတွေ မစားအပ်ဖူးလို့ ဆိုလာသေးတယ် . . တစ်ခုကောင်းတာက အခါကြီးရက်ကြီးတွေမှာ

www.foreverspace.com.mm

ကျောင်းကို သန့်ရှင်းရေးလုပ် . . ကုဋ္ဌိတွေဆေး . . .

ဒီနေ့တော့ ကျောက်မြောင်းဈေးဘက် ညပိုင်းသစ်သီးတွေ ပန်းတွေတွေ့တော့ ဘုရားလှူမယ်ဆိုပြီး ဝင်မေးနေတုန်း နောက်က ပခုံးနှစ်ဖက်ကို လာကိုင်လိုက်တော့ လန့်ပြီးပြန်လှည့်အကြည့်

"ဟင် . . လမင်း . . သားလေး . . "

"အမေ . . "

တစ်ဦးကိုတစ်ဦး မပြောနိုင် မဆိုနိုင် . . မော့ကြည့်ပြီး မျက်ရည်တွေပြိုင်တူကျလာတယ် . . ဘုရားပန်းရောင်းတဲ့ မိန်းမကြီးက ဒေါ်နုငယ် ဝတ်စားဆင်ယင်ပုံတစ်လှည့် လမင်းဝတ်စားဆင်ယင်ပုံကိုတစ်လှည့်၊ ရပ်ထားတဲ့ကားကိုတစ်လှည့်နဲ့ ကြည့်လိုက်တာ . . ကြည့်လိုက်တာ . . .

"အမေ . . သားနဲ့ ပြန်လိုက်ခဲ့ပါ . . အမေ့ကို သားရှာနေတာ ကြာပြီ . . . "

"အဒေါ်ကြီး . . ဘုရားပန်းဖိုး ဘယ်လောက်လဲ . . "

"ဟင့်အင်း . . မပေးနဲ့ . . မပေးနဲ့ . . အမေ့ ချွေးနည်းစာလေးနဲ့ လှူဖို့ . . ပေးပြီးသား . . အဖေကြီးအတွက် သူ . . ကောင်းရာမွန်ရာရောက်အောင် . . . "

"အမေ . . . သားရင်ထဲမှာ မခံစားနိုင်တော့ဘူးဗျာ . . သားနဲ့လိုက်ခဲ့ပါ . . . "

တကယ်တမ်း သားနဲ့တွေ့တော့လည်း ဒေါ်နုငယ် မခံစားနိုင်တော့ပါဘူး . . မာန်တွေ ခဝါချပြီး သူခေါ်ရာနောက်သို့ ဘုရားပန်းလေးကိုင်ပြီး . . .

ဘုရားပန်းရောင်းတဲ့ ဈေးသည်ကလည်း . . . .

"လိုက်သွားလိုက်ပါ အမေရယ် . . . "

တဲ့။ မတူညီသော အရာနှစ်ခုဟာ ဘယ်တော့မှ ပေါင်းစပ်လို့မရနိုင်ပါဘူး . . အဖြူဟာ အဖြူအတိုင်းကောင်းသလို အမည်းဟာလည်း အမည်းအတိုင်း ကောင်းပါတယ် . . လိုအပ်မှ ဆေးစပ်သုံးသလို . . မလိုအပ်ရင် သုံးလို့မကောင်းပါဘူး . .

ခုတော့ သားလေးမျက်နှာထောက်ပြီး ချွေးမမျက်နှာကြည့် ထမင်းစားရတဲ့ဘဝ . . ကိုယ့်ဘာသာရှာဖွေလို့ရတဲ့ ချွေးနည်းစာနဲ့ ထမင်းဟင်းဟာ မြိန်သလောက် . . ချွေးနည်းစာမပါတဲ့ ထမင်းဟင်းဟာ မျိုလို့မကျပါဘူး . . ကိုယ်က မနေတတ်လို့ မီးဖိုချောင်ဝင်ကူချက်တော့လည်း ရှုံလို့တဲ့ . . အဝတ်တွေ ဝိုင်းကူလျှော်တော့လည်း . . .

"နေပါစေ . . အဒေါ်ရယ် . . ပင်ပန်းပါတယ် . . ချေးလည်း မပြောင်ဘဲနဲ့ . . ဆပ်ပြာကုန် . . ရေကုန် . . အချိန်ကုန်တယ် . . ဟဲ့ . . မိသိန်း . . ပြန်ယူလိုက် . . နင်ပဲလျှော် . . "

ဩော် . . ငါ့တုန်းကများ . . ယောက္ခမကွင်းလုံးပုံသွားတဲ့ ထဘီလျှော်ရတာနဲ့ . . ယောကျ်ားဘက်က သူ့ညီတွေ ညီမတွေရဲ့ အဝတ်အစားတွေ လျှော်ရဖွပ်ရ . . ချက်ရ ပြုတ်ရ စားပြီးသား ပန်းကန်တွေ ဆေးရ . . မနက်စောစောထ . . ညအိပ်ရာဝင်တော့ နောက်ဆုံး . . ကိုယ်ဝန်ကြီး မပေါ့မပါးနဲ့ . . လုပ်လိုက်ရတဲ့ အလုပ်တွေ . . အရှုယ်နဲ့မမျှဘူး . . .

"အမေ . . ထမင်းစားရအောင် . . လာလေ . . . "

"သားတို့စားနှင့် . . . အမေ . . ခုနလေးတင် မြေးလေးကျွေးတဲ့ ပန်းသီးစားထားလို့ . . . "

အသက်ကြီးမှ မုသားတွေသုံးနေရတယ် . . နို့မို့ဆို . . စူဠသုဘဒ္ဒါထက်ဆိုးတဲ့ မျက်လုံးဒဏ်မခံနိုင်ဘူး . . တစ်ခါတစ်ရံ

www.foreverspace.com.mm

ကိုယ့်ဘာသာကိုယ် စဉ်းစားမိတယ် . . ယောက္ခမဆိုးတော့ ချွေးမ သဘောကောင်းနဲ့တွေ့တယ် . . ယောက္ခမကောင်းတော့ ချွေးမ ဆိုးနဲ့တွေ့တယ် . . ဘာတွေလဲ . . ဒါတွေဟာ မတူညီတဲ့ အရာ တွေလား . . ပေါ့ . .

တစ်ရက် . . အရင်တုန်းက သွားလာလှုပ်ရှားထားတဲ့ ဒဏ်တွေပြန်ပေါ်ပြီး နေထိုင်မကောင်းဖြစ်တော့ သားဖြစ်သူ လမင်းက သူ့ကားနဲ့ဆေးခန်းကို လိုက်ပြတယ် . . ပြန်လည်းလာ ရော . . လင်မယားတွေ နောင်ဂျိန်ဖြစ်ကုန်ရော . . .

"ကျွန်မပြောတာ ဘာလွန်လဲ . . ဆေးခန်းသွားမယ့် အစား . . ဒေါက်တာ ပင့်လိုက် . . ကားလည်း သုံးစရာမလိုတော့ ဘူး . . ဓာတ်ဆီလည်း မကုန်တော့ဘူး . . ကလေးကျူရှင်သွားကြို ရမယ်လို့ လှမောင်ကို ပြောပြီးသား . . ."

ချွေးမရဲ့အသံစာစာလေးပဲ ကြားရတယ် . . သားဖြစ်သူ လမင်းရဲ့အသံမကြားရဘူး . . ဘယ်လာပြန်ပြောနိုင်မလဲ . . . မိန်းမက စီးပွားရှာနေတာကိုး . . ကိုယ့်သားက လုပ်စာမှမရှိတာ . . ဖျားနေတဲ့ အဖျားတွေ ချက်ချင်းကျသွားတယ် . . .

ခဏတိတ်ဆိတ်သွားတယ် . . တအောင့်လောက်ကြာ တော့ . . ချွေးမဖြစ်သူရဲ့ ငိုသံသဲ့သဲ့ကြားလိုက်ရပြန်ရော . .

အင်း . . မိန်းမမျက်ရည်ဟာ အသံမထွက်တဲ့ဟောပြော ချက်ပဲလို့ ဒေါ်နုငယ်သိလိုက်တယ် . . အနားက ဖြတ်သွားတဲ့ ကားဒရိုင်ဘာကိုလှမောင်က . . .

"ယူပဲယူတတ်ပလေကွာ . . မာရ်နတ်နဲ့ဒေဝဒတ် ဖက်စပ် ကျပြီးမွေးလာတဲ့ မိန်းမကိုမှ ရွေးယူတတ်တယ် . . ."

ရေရှည်တာရှည်တော့ မဖြစ်နိုင်တော့ဘူး . . ကြာရင်

www.foreverspace.com.mm

မိန်းမနဲ့ အမေကြား သားလေးပဲ စိတ်ဆင်းရဲမယ် . . ကိုယ်က ချွေးမနေရာမှာလည်း နေခဲ့ရဖူးပြီ . . အခု ယောက္ခမနေရာကို လည်းရောက်နေပြီ . . ရည်းစားဦးလည်း မရှိတော့ဘူး . . သား ဦးနဲ့မြေးဦးပဲ ကျန်တော့တယ် . . ဒီနှစ်ကြိုးကိုတော့ ဖြတ်မှဖြစ် မယ်ဆိုတဲ့ အသိတရားလေးရလိုက်တယ် . .

ကလေးတွေ ငရဲမကြီးစေချင်ပါဘူး . . ဒီတော့ ကိုယ်ပိုင် တဲ့ လွယ်အိတ်လေးရယ် . . သွားလေရာယူတဲ့ ဓာတ်ပုံလေးရယ် . . အဝတ်အစားလေးသုံးစုံရယ်ကို ယူပြီး . . မူလပထမနေရာဖြစ် တဲ့ ဇရပ်အို . . ဇရပ်ပျက်လေးဆီကိုပဲ ခြေဦးလှည့်လိုက်တယ်။

"သားရယ် . . အမေ့ကို ခွင့်လွှတ်ပါ . . လမင်းလေး . . လငပုပ်ဖမ်းတာ . . . တိမ်မည်းတွေ အုပ်တာကို မမြင်စေချင်လို့ ပါကွယ် . . . နော် . . သားလေး . . . "



www.foreverspace.com.mm

## အခန်းစဉ် (၂၈)

တစ်ညလုံးရွာလိုက်တဲ့မိုးတွေ . . သွပ်ပြားပေါ်ကျတဲ့ မိုးရေစက်တွေရဲ့အသံကြီးတွေက ပုဆိုးစုတ်လေးခြုံပြီး အဖျားတွေတက်နေတဲ့ ဒေါ်နုငယ်တစ်ယောက်တည်း လန့်လန့်သွားတယ် . . မှေးခနဲ အိပ်ပျော်သွားတော့လည်း . . .

"အမေကြီး . . ဘာလဲ တစ်ယောက်တည်းထားခဲ့လို့ . . ကြောက်နေပြီလား . . မကြောက်ပါနဲ့ကွာ . . သားလေး လမင်းမင်းအနားမှာရှိပါတယ် . . ငါ့မှာသာ တစ်ယောက်တည်း ယောင်လည်လည်နဲ့ ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူး . . သိပ်ကြောက်နေရင်လည်း လာ. . လိုက်ခဲ့ . . . "

ဦးအကြည်ကျော်က လက်ကလေးလှမ်းပေးတယ် . . . ဝမ်းသာအားရနဲ့ သူ့လက်ကလေးလှမ်းယူလိုက်ပြီး ရင်ဘတ်ပေါ် ယှက်ပြီးတင်လိုက်တယ် . . .

"လက်တွေက အေးလိုက်တာ . . အဖေကြီးရယ် . ."

"အဟဲ . . အေးမှာပေါ့ကွ . . မိုးရေထဲမှာ ဆိုက်ကားနင်း

ပြီးတော့ . . ကားနဲ့တိုက်မိတော့ . . . ”

ဝုန်းဆို ထထိုင်ပြီး သူ့ပါးစပ်ကို ပိတ်မယ်လုပ်တော့ . .

“တုန် . . တုန် . . တုန် . . ”

ဩော် . . မိုးတောင်လင်းခါနီးနေပြီ . . ဆရာတော်ကျောင်းက အုန်းမောင်းခေါက်သံ . . ဘုရား . . ဘုရား . . ငါ . . ဘာတွေ အိပ်မက်မက်နေပါလိမ့် . . ငါ ဘာဖြစ်တာလဲ . . မနေ့က ငါဘာတွေဖြစ်ခဲ့လဲ . . အာခေါင်တွေခြောက်လိုက်တာ . . သားလေး . . လမင်း . . လမင်းနဲ့မတွေ့ရတာ တစ်မိုးကုန်သွားပြီ . . မြေးလေးရော နေကောင်းရဲ့လား . . . မှောင်ထဲမည်းထဲမှာ ခေါင်းရင်းက ကျွပ်ကျွပ်အိတ်ကလေး ပြန်စမ်းမိသေးတယ်။

“အဖေကြီး . . ကောင်းရာ သုဂတိဘုံရောက်ပါစေ . . သားလေးနဲ့ချွေးမ . . မြေးလေး . . အပြစ်ဟူသမျှ . . အမေ ခွင့်လွှတ်ပါတယ် . . ကျန်းမာကြပါစေ . . ချမ်းသာကြပါစေကွယ်”

အား . . လား လား . . ခေါင်းကလည်း တစစ်စစ်နဲ့ . . နာလိုက်တာ . . ဘာနဲ့များ ခိုက်မိတာပါလိမ့် . . စဉ်းစားစမ်း . . စဉ်းစားစမ်း . . ဩော် . . ဟုတ်ပြီ . . နေ့ခင်းက စာသင်ကျောင်းလေးတစ်ခုနားမှာ . . ငါ . . ငါ ဝိုင်းအရိုက်ခံခဲ့ရတာပဲ . . ဝဋ်ကြွေးရှိလို့ အရိုက်ခံရတာ . . ဘာဝမ်းနည်းစရာရှိလဲ . . ဒေါ်နုငယ်ရယ် . . မှောင်ထဲမည်းထဲမှာ ကျလာတဲ့မျက်ရည်ကို သုတ်လိုက်ပြီး ကိုယ့်ဘာသာကိုယ် အားပေးလိုက်တယ် . . .

“ဂက်စ်မီးခြစ်တွေ ဂက်စ်ထည့်တယ် . . . ”

ရာသီဥတုက ခုစိုလိုက် . . ခု ခြောက်လိုက်နဲ့ မိုးရွာပြီးကာစနေကပူတော့ . . ဖိနပ်မပါတဲ့ခြေထောက် . . ဘယ်လာ ဒဏ်ခံနိုင်တော့မလဲ . . ပတ်ကြားတွေအက်လို့ အောက်ကအပူငွေ့တွေ

www.foreverspace.com.mm

ပြန်ဝင် . . အပေါ်က ချွေးစေးတွေထွက် . . မူးနောက်နောက်နဲ့ . . နီးစပ်ရာသစ်ပင်လေးအောက်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ် . . . မှတ်ကရော . . .

"ဒေါင် . . ဒေါင် . . ဒေါင် . . ဒေါင် . . "

"ဟေး . . ဟေး . . ဟား ဟား . . မလုပ်နဲ့ . . အမေနဲ့တိုင်ပြောမယ် . . . အဟီး ဟီး . . ခစ် ခစ် . . ရယ်ရတယ်"

ကျောင်းက ကလေးတွေ မုန့်စားလွှတ်တယ်နဲ့တူပါတယ် . . လွတ်လပ်ဆူညံစွာနဲ့ ပြေးထွက်လာကြတယ် . . မိဘတွေက သစ်ပင်အရိပ်အောက်မှာ မြက်ဖျာလေးတွေ ခင်း . . ထမင်းချိုင့်တွေ၊ မုန့်တွေနဲ့ . . .

"ဘွားဘွား . . နေကောင်းရား . . ဘာရုတ်ရေးရဲ . . "

မပီကလာ . . ပီကလာနဲ့ . . ကလေးတစ်ယောက် ဘယ်သူ့ကိုနှုတ်ဆက်နေမှန်းလဲ မသိပါဘူး . . ဒေါ်နုငယ် . . မျက်လုံးထဲမှာတော့ သူ့မြေး . . လမင်းရဲ့သားလေး . . မြေးဦးလေးဆိုပြီး ပြေးဖက်လိုက်တယ် . . ကလေးက ငိုရော . . .

"ဟဲ့ . . ဟဲ့ . . ငါ့ကလေးကို လွှတ်လိုက်စမ်း . . "

"စိတ်မနှံ့ဘူးနဲ့တူတယ် . . . "

"လွှတ်ဆိုလွှတ် . . လွှတ်လို့ပြောနေတာ မကြားဘူးလား"

"ကလေးဆွဲကြိုး . . . ဖြတ်မလို့လား မသိဘူး . . "

"ရူးချင်ယောင်ဆောင်နေတာ . . . လစ်ရင် ကလေးခိုးမလို့ . . လာကြပါဦးရှင် . . ကျွန်မ . . ကျွန်မ ကလေးကို . . . "

ထမင်းချိုင့် . . . ထီး . . . ပိုက်ဆံအိတ် . . အို . . စုံသွားတာပဲ . . ဝိုင်းရိုက်လိုက်ကြတာ . . သည်တော့မှ သတိပြန်ဝင်လာပြီး ခြေဦးတည့်ရာ ထွက်ပြေးပြီး ရွှေကြက်ယက်ဘုရားဘေး

www.foreverspace.com.mm

ငုတ်တုတ်ထိုင်ကာ . . နီးစပ်ရာ . . သဲတွေ၊ ဖုန်တွေနဲ့ ဒဏ်ရာတွေကို သိပ်လိုက်တော့ နည်းနည်းသွေးတွေတိတ်သွားတယ် . .

“အဟင့် . . အကြည်ကလည်း ဒီအတိုင်းကြည့်နေတယ် . . နည်းနည်းဝိုင်းဆွဲပါလားလို့ . . . ကိုယ့်မြေးကိုယ်ချီတဲ့ဥစ္စာ . . ”



## အခန်းစဉ် (၂၉)

"ကျွဲ . . . "

"ကဲ . . မေမြို့ပန်းတွေ . . စိန်ချယ်တွေ . . . "

"ပန်းသီးတွေ . . သစ်တော်သီးတွေ . . . "

ဈေးသည်တွေရဲ့အသံတွေက တစ်ယောက်တစ်မျိုး မရိုးရလေအောင် ပုံစံအမျိုးမျိုးနဲ့ အော်ဟစ်လို့နေတယ် . . .။

"အဒေါ် . . အဒေါ် . . . . "

"ဩော် . . ဘာပန်းယူမလဲကွဲ့ . . လျှော့ပေးမယ်လေ . . ဈေးဦးပေါက် . . . "

"ဟုတ်ကဲ့ . . ပန်းလည်း ဝယ်ပါ့မယ် . . အဒေါ့်ကို လည်းနည်းနည်းမေးစရာလေးရှိလို့ . . . "

ဘာလဲ . . ရဲလား၊ စုံထောက်လား . . နည်းနည်းတော့ လန့်သွားတယ် . . .။

"ရှုပ်ရှုပ်ယှက်ယှက် . . အဒေါ့်ဘာသာ ရိုးရိုးသားသား . . ပန်းရောင်းစားနေတာပါ . . . ဘာမှ မသိပါဘူးကွယ် . . "

"မှုတ်ပါဘူး အဒေါ်ရဲ့ . . ကျွန်တော်သိချင်တာလေးက ခါတိုင်း ဥပုသ်နေ့တွေဆို အဒေါ့်ဆီမှာ ပန်းလာလာဝယ်တဲ့ ဟိုလေ . . ဂက်စ်မီးခြစ်လိုက်ထည့်တဲ့ . . အမေကြီးများ တွေ့မိသလားလို့ . . အဲဒါ မေးမလို့ပါ . . ."

ပန်းသည်အဒေါ်ကြီးက အနည်းငယ်စဉ်းစားလိုက်ပြီး တစ်စုံတစ်ခုကို သတိရတဲ့ဟန်နဲ့ . . .

"ဩော် . . ဟုတ်ပြီ . . ဟုတ်ပြီ . . မင်းနဲ့တောင် တစ်ခါတွေ့လိုက်သေးတယ်လေ . . မင်းက အမေ၊ အမေနဲ့ အတင်းကားပေါ်ခေါ်သွားတာ . . ."

နည်းနည်း အားတက်သွားတယ် . . ပိုပြီးတိကျသွား အောင် သတင်းစာကိုဖြန့်ပြပြီး လက်ညှိုးထိုးပြကာ . . .

"သူလေ . . သူ . . ဟုတ်ပါတယ်နော် . . အဒေါ်ကြီး"

"အေး . . ဟုတ်တယ် . . အင်း . . ဒါပေမယ့် သူ . . သူလာမဝယ်တာ တစ်ပတ် . . အဲ . . မှုတ်သေးဘူး . . နှစ်ပတ်လောက်တော့ ရှိမယ် . . နေများမကောင်းဘူးလား မသိဘူး . . အရင်အခေါက်တွေထက် ပိုကျသွားတယ် ရုပ်က . . ."

"ဗျာ . ."

ဒူးတွေ မခိုင်တော့ဘူး . . ထိုင်ချလိုက်တော့ ဘုရားပန်းရောင်းတဲ့ အဒေါ်ကြီးရဲ့ပလတ်စတစ်ဇလုံထဲ သတင်းစာကကျသွားတယ် . . ကမန်းကတန်း ပြန်ဆယ်ယူလိုက်ပြီး ကြည့်လိုက်တော့ ဒေါ်နုငယ်ရဲ့ လူပျောက်ကြော်ငြာလေးက ပုံးထဲကရေနဲ့ထိပြီး ပြဲသွားပါလေရော . . . .



www.foreverspace.com.mm

## အခန်းစဉ် (၃၀)

စောစောထတဲ့အကျင့်ကြောင့် အိမ်ရှေ့စာအုပ်ဆိုင်လေး အလကားနေ အလကားပဲဆိုပြီး ထဖွင့်လိုက်မယ်ဟဲ့ဆိုပြီး ထလည်း ဖွင့်ရော . .

"ဟဲ့ . . အို . . . မိုးတောင် မလင်းသေးဘူး . . မိငယ်ရေ . . မိငယ် . . ဒီမှာ . . နင့်လူ ကြွက်စုတ် ဆိုင်ရှေ့ငုတ်တုတ်လာ ထိုင်နေတယ်ဟေ့ . . မြန်မြန်လာ . . "

"ဘယ့်နှယ် . . တော်ကြာ ကျက်သရေမရှိ . . ဆံပင်စုတ် ဖွား . . အင်္ကျီကကြောင်ကြောင်ကြားကြား . . ခေါင်းလောင်း ဘောင်းဘီနဲ့ ဖင်မရှိ ရင်မရှိနဲ့ . . . "

နုငယ်က ကမန်းကတန်းပြေးထွက်လာပြီး . . .

"ဘာလို့လိုက်လာတာလဲ . . ရှင့်အဒေါ်ဆီခွင့်တောင်းပြီး . . ဒီက အဒေါ်အိမ်လာလည်တဲ့ဥစ္စာ . . ဒုက္ခပါပဲ . . ဒီနေ့ ပြန်မှာ . . . "

"ဒါဆို တစ်ခါတည်းလိုက်ခဲ့လေ . . ကားဂိတ်က စောင့်

နေမယ် . . ”

နုငယ်ရဲ့အဒေါ်က မဲ့ကာရွဲ့ကာနဲ့ . . .

“ကြိုက်လည်းကြိုက်တတ်ပ . . တော် . . ဘယ်လိုမျက်လုံးနဲ့ ဘယ်ကိုကြည့်ပြီး ကြိုက်မှန်းမသိဘူး . . ရုပ်က စုတ်ချွန်းချွန်း၊ ဗလကလည်း ကောင်းပ . . ညည်း သူ့ကိုယူလို့ကတော့ ထမင်းအိုးအမြောက်နဲ့ပစ်သာခွဲပေတော့ . . လူကြီးတွေ စီစဉ်တာတော့ လက်မခံဘူး . . ကိုယ့်သဘောနဲ့ကိုယ် . . . ထင်ရာတွေလုပ်ကြ . . မြန်မြန်သွားအေ . . နင့်လူတစ်ဆုပ်စာကို ငါတီးမိလိမ့်မယ်”

စက်ဆန်း အေဘီစီ . . ကားဂိတ်ရောက်တော့ နုငယ်က မျက်နှာစူပုပ်ပြီး . . .

“ဘာလို့ လိုက်လာတာလဲ . . . ”

“ချစ်လို့ . . မမြင်ရရင် မနေနိုင်လို့ . . . ”

“ဟင် . . ဒါဆို . . နေ့ခင်းလာပါလား . . မိုးတောင်မလင်းသေးဘူး . . ”

“နုငယ် စောစော နိုးတတ်တာကို သိတာကိုး . . . ”

“ဒါဆို လိပ်စာဘယ်လိုရလဲ . . ကဲ . . ပြော . . ”

“ချစ်တတ်ရင် . . စုံစမ်းတတ်ရတယ်ဗျ . . သိပြီလား”

ဆောင်းတွင်းလက် သူ့လက်ကလေးလှမ်းကိုင်လိုက်တော့ နွေးသွားတာပဲ . . နုငယ်ကတော့ . . လက်ပြန်မရုပ်ပါဘူး . . ပြုံးလို့ . . ပြီးတော့မှ ချမ်းလိုက်တာတဲ့ . . . ဟားဟားဟား . . ။



www.foreverspace.com.mm

## အခန်းစဥ် (၃၁)

"ချမ်းလိုက်တာ အစ်ကိုရယ် . . ချမ်းလိုက်တာ . . "

တစ်ကိုယ်တည်း ရေရွတ်ရင်းနဲ့ တုန်လာပါတယ် . . ခေါင်းမှာ ဒဏ်ရာရထားတော့ မေးခိုင်ပိုးဝင်ပြီလေ . . . ။

"အစ်ကို . . နုငယ်ကို ပစ်မထားပါနဲ့ . . လာခေါ်လှည့်ပါ . . သားလေး . . လမင်း . . လမင်း . . နယ်မှာရှိနေတဲ့ မိဘတွေကို ခွင့်လွှတ်ပါလို့ . . . မိဘစကားနားမထောင်မိလို့ . . . ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုမိလို့ . . "

အချစ် . . အချစ်ကို ရှေ့တန်းတင်မိလိုက်တဲ့ ဒေါ်နုငယ် . . ကြမ်းတမ်းသောဘဝတွေ ဖြတ်သန်းရင်းနဲ့ . . လက်အုပ်လေးချီကာ . . တမလွန်ဆိုတဲ့ . . အဝေး . . .

"ဟဲ့ . . ကျောင်းသားတွေ . . ဘာလို့ စောစောက လာမခေါ်တာလဲ . . ငါ့ကို . . . "

"တင်ပါ့ဘုရား . . ခုနကမှ တွေ့လို့ပါ . . . "

"မှန်း . . ဘယ်အချိန်ထဲက အဖျားတွေတက်ပြီး ကွယ်

လွန်သွားတာလဲကွယ် . . . ဩော် . . . ဒုက္ခတွေ မသေးပါလား နော် . . ဟဲ့ . . ဒကာတင်စိန် . . ရပ်ကွက်လူကြီးတွေ သွားပြော စမ်း . . . အင်း . . အာဟာရလည်း ပုံမှန်မမှီဝဲရ . . အသက်က လည်း ကြီး . . ဘယ်နေရာ . . ဘယ်ဒေသက ရောက်လာမှန်း လည်း မသိရ . . . ”

ကျောင်းသားလေးတွေ ယူလာတဲ့ ကျွပ်ကျွပ်အိတ်အထုပ် လေး ဖြေကြည့်လိုက်တော့ အပေါ်စား ကလေးကစားစရာ အရုပ် လေးတွေကို စိတ်မကောင်းစွာနဲ့ တွေ့လိုက်ရတယ် . . . ။

“အင်း . . သူ့မြေးတွေအတွက်များလား . . ဒကာမကြီး ရယ် . . ကျုပ် ဒီအရုပ်လေးတွေ ဘယ်ဆီပို့ပေးရမှာလဲ . . စိတ် မချမ်းသာလိုက်တာနော် . . . . ”

ရပ်ကွက်လူကြီးတွေနဲ့ တာဝန်ရှိသူတွေက သူမရဲ့ဝိညာဉ် ကင်းမဲ့နေသော ရုပ်ကလာပ်ကို ယူဆောင်သွားချိန်မှာတော့ ဇရပ် ရဲ့တစ်ခုတည်းသော သံချိတ်လေးမှာ ချိတ်တွယ်ထားတဲ့ အီကြာ ကွေးလေးနှစ်ချောင်း . . အီကြာကွေးကို အပြင်ကပတ်ထားတဲ့ သတင်းစာအပိုင်းလေးသာ ဖြေကြည့်လိုက်မယ်ဆိုရင် . . .

**ရောက်ရာအရပ်က အမြန်ပြန်လာပါ . .**
**အမေ ဒေါ်နုငယ် . .**
**တွေ့ရင် အကြောင်းကြားပေးပါ . .**
**ကျေးဇူးဆပ်ပါမည် . . .**

**လမင်း**

ဆိုတဲ့ လူပျောက်ကြော်ငြာလေး။
ခါတ်ပုံနဲ့တကွ တွေ့လိုက်ရမှာ မလွဲဧကန်ပါ . . ။



www.foreverspace.com.mm

ဈေးဗန်းပြင်ဖို့ ··· လှုပ်လှုပ်ရွရွ···

လေးနာရီမှာ ထမင်းချက်ရ

အဲဒါ မေမေ့ဘဝ ····

ကလေးတစ်ဖက် ဈေးတစ်ဖက်နဲ့

အဝတ်လျှော်လို့ ကျောင်းပို့ရ

အဲဒါ မေမေ့ဘဝ ····

ဖျားနာနေလည်း ဈေးရောင်းမြဲ

မိဘဝတ္တရား မပျက်ရ

အဲဒါ မေမေ့ဘဝ ····

အတောင်စုံလျက် ပျံကာထွက်

တစ်ဦးတည်း လှုပ်ရှားရုန်းကန်ရ

အဲဒါ မေမေ့ဘဝ ····

www.foreverspace.com.mm



အိပ်ရာပက်လက် ဖျားနေလည်း
ဆေးပေးသူဝေး အလှမ်းဝေးလည်း
အပြုံးမပျက် မေတ္တာပို့မြဲ
ကြံ့ကြံ့ခံတာ····မေမေ့ရဲ့ဘဝ
ချွေးမငြိုငြင် သားမက်လူပိုထင်
မြေးတွေကိုထိန်း အဝတ်တွေသိမ်းလို့
တတ်နိုင်သမျှ လုပ်ရှားနေရ
မေမေ့ ဘဝ ····
ကြွေးဟောင်းတွေဆပ် ကြွေးသစ်မပြတ်
သံသရာကြွေး ဝိုင်းကာပတ်
မေမေ့ရဲ့ဘဝ ····

www.foreverspace.com.mm

ရည်းစားဦးအစ . . သားဦးအလယ် . . မြေးဦးအဆုံး ဘဝကိုရုန်းလို့ . . ဆုံးရှုံးသွားတဲ့ ဦးအကြည်ကျော်နဲ့ဒေါ်နုငယ် ဘဝဆက်တိုင်း သားဆိုး၊ မြေးဆိုး၊ ချွေးမဆိုး၊ ယောက္ခမဆိုးတွေနဲ့ မတွေ့ပါစေနဲ့လို့ ဆန္ဒပြုရင်း . .


ကျွန်တော့်ရဲ့ ဒီစာအုပ်လေးကို ဖတ်မိသူအပေါင်း . . .

စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားဟာ အချိန်မရွေး ဝယ်ယူလို့ရပေမယ့် 'မိဘ' ဆိုတဲ့ ရတနာနှစ်ပါးဟာ အင်မတန်မှ ရှားပါးလှတဲ့ တန်ဖိုးကြီးတဲ့ ရတနာကြီးတွေပါ . . ယုယပါ . . ခင်တွယ်ပါ . . ပြုစုပါ . . စောင့်ရှောက်ကြပါလို့ . . . .

**ဆက်လက်ကြိုးစားပါဦးမယ်**
**ကျော်ထူး**
**အထွေထွေသရုပ်ဆောင်**

www.foreverspace.com.mm





## ဖိနပ်တစ်ရံ၏တန်ဖိုး . . .

မိုးလင်း မိုးချုပ်
တကုပ်ကုပ်နဲ့
တစ်နေကုန်အောင် အလုပ်လုပ်ရတာ အမေပါ . .
နံနက်က အစ၊ ညဥ့်နက်အဆုံး
ပြောဆို ငေါက်ငမ်း လူအများကြားထဲ
ပစ္စည်းတွေသယ်၊ ဘတ္ထရီတွေသယ်၊ မှန်ချပ်သယ်လို့
မင်းသား . . မင်းသမီးအလှမပျက်ဖို့
နေပူလည်း ခံ၊ မိုးရွာလည်းခံ၊ ချမ်းနေလည်း ခံ
မှန်ရောင်ပြန်နဲ့
မှန်ထိုးသမားဟာ အဖေရယ်ပါ . . .

ညာဘက်ဖိနပ်အသွင် အဖေ့အမြင်နဲ့ . . ဘယ်ဘက်ဖိနပ် အမေ့အမြတ်နဲ့ တွဲဖက်ဆင်မြန်း သားငယ်လန်းဖို့ ဖိနပ်တစ်ရံ ဝယ်ခဲ့ပြီ . . .

* ရုပ်ရှင်ဗီဒီယိုရိုက်ကူးရေးမှ
စက်မှုလုပ်သားညီအစ်ကိုများအတွက်
အမှတ်တရ

ကျော်ထူး


www.foreverspace.com.mm
ဟာသ သရုပ်ဆောင်
ကျော်ထူး
၏ လုံးချင်းဝတ္ထု
ရည်းစားဦး
သားဦး
မြေးဦး